ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday 16 April 2018 ၉၂၅၈

**သူတော်ကောင်းထံ ချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကို ရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် ဧပြီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

သတင်းစဉ်

# မဟာသင်္ကြန်(အကြတ်နေ့)တွင် နေပြည်တော်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၅

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်းမကြီးများပေါ်၌ ရေပက်ခံထွက်ကြသူများ၊ ရေပက်ကြသူများ၊ စေတနာ့ဒီသာကျွေးမွေး အလှူဒါနပြုကြသူများ၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကြီးနှင့် ဗုဒ္ဓဂယာစေတီ၊ ဝန်ထမ်းရပ်ကွက်ရှိ ဓာတုစယစေတီနှင့် မဟာမြတ်မုနိရုပ်ပွားတော်ကြီး၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့တို့ရှိ တန်ခိုးကြီးစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလကုသိုလ်ယူသူများဖြင့် စည်ကားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



နေပြည်တော် ရွှေသံလွင်ရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲ ဆင်နွဲကြသူများဖြင့် စည်ကားများပြားလျက်ရှိစဉ်။

**သက်ဝင်လှုပ်ရှားနေသည့် မြို့တော်ရန်ကုန်၏ အကြတ်နေ့သင်္ကြန်**

စာမျက်နှာ - ၃

**စုံစမ်းစစ်ဆေးမှုများ၌ ပူးပေါင်းဆောင်ရွက်ရန် ဖေ့စ်ဘွတ်ကုမ္ပဏီကို ဥရောပကော်မရှင်တိုက်တွန်း**

စာမျက်နှာ - ၄

**ကျွန်တော်တို့အစိုးရက မှန်ကန်တဲ့စိတ်ရင်းစေတနာနဲ့ မှန်ကန်တဲ့လမ်းစဉ်၊ ဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးမှုတွေလည်း ဖြစ်အောင် ဖွံ့ဖြိုးတိုးတက်မှုတွေလည်းရရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်**

စာမျက်နှာ - ၉



## ကြေးမုံ

# နှစ်သစ်ကူးသင်္ကြန် ငြိမ်းချမ်းပျော်ရွှင်စွာဆင်နွှဲ

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ပျော်ရွှင်စွာ ဆင်နွှဲကြသည့် သင်္ကြန်အတက်နေ့ ဖြစ်သည်။ သင်္ကြန်အတက်နေ့ဟုဆိုသည့်အတိုင်း မြန်မာတို့၏ ရေသဘင်ပွဲတော်ဆင်နွှဲသည့် နောက်ဆုံးနေ့လည်းဖြစ်သည်။ ဤနေ့ဤရက်သည် မြန်မာတို့အဖို့ ထူးမြတ်သည့်နေ့၊ ထူးကဲသည့်နေ့လည်း ဖြစ်သည်။

မြန်မာတို့၏ ထုံးတမ်းစဉ်လာဓလေ့ သင်္ကြန်ရေသဘင်ပွဲဆင်နွှဲခြင်း အပြီးသတ်နေ့ဖြစ်ခြင်းနှင့်အတူ မြန်မာတို့၏နှစ် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ကုန်ဆုံးသည့်နေ့လည်းဖြစ်၍ ထူးခြားလေးနက်သည့်အသွင်ကို ဆောင်ပေသည်။ နှစ်တစ်နှစ်၏ အဆုံးသတ်ကာလကို သင်္ကြန်ရေဖြင့် ပက်ဖျန်းခြင်းသည် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောခြင်း၊ နှစ်ဟောင်းမှ အပူအပင်များကို သင်္ကြန်ရေဖြင့် ပက်ဖျန်းကာ အေးချမ်းစေခြင်းဖြစ်၍ ဤနေ့ဤရက်သည် မြန်မာတို့အဖို့ ထူးကဲမွန်မြတ်သည့် နေ့ရက်ကောင်း တစ်ရက်ဟု ဆိုထိုက်ပါသည်။

ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သည် ယခင်နှစ်များနှင့်မတူ ငြိမ်းချမ်းစွာ၊ ပျော်ရွှင်စွာ၊ အထိအခိုက်နည်းစွာ၊ ယဉ်ကျေးစွာ ဆင်နွှဲခဲ့ကြသည်ကို မြင်တွေ့ခဲ့ပါသည်။ နယ်မြေဒေသအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှု၊ ဦးဆောင်ကျင်းပပေးမှုတို့နှင့်အတူ ပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို အတတ်နိုင်ဆုံး ထိန်းသိမ်းပြီး အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသဖြင့် နှစ်ဟောင်းကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ဖြတ်သန်းခဲ့ကြသည်ဟု ဆိုနိုင်သည်။

ယခုနှစ်အဖို့ တစ်မူထူးခြားစွာဖြင့် သင်္ကြန်ပွဲဆင်နွှဲခဲ့ကြရာတွင် အဓိကမြို့တော်ကြီးများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ ရိုးရာယဉ်ကျေးမှုအစဉ်အလာဓလေ့များကို ပုံဖော်နိုင်ခဲ့ကြပြီး ယဉ်ကျေးသော ရှေးအစဉ်အလာ လမ်းလျှောက်သင်္ကြန်ကို ဆင်နွှဲခဲ့ကြခြင်းသည် ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း မည်ပါသည်။ မုံရွာမြို့နယ်တွင် ချင်းတွင်းသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ပြီး သဲသောင်ပြင် ပန်းပုလက်ရာများနှင့် တင်ဆက်နိုင်သည်မှာ တစ်မူထူးခြားမှုပင်ဖြစ်သည်။

ရေသဘင်ပွဲဆင်နွှဲကြခြင်းနှင့်အတူ ရှေးယခင်သင်္ကြန်ကာလက ခေတ်စားခဲ့သော အလှပြယာဉ်၊ ပြိုင်ပွဲဝင် သင်္ကြန်ယာဉ်များ ပြန်လည်ပေါ်ထွန်းလာခဲ့ခြင်းမှာလည်း ရှေးအစဉ်အလာသင်္ကြန်ပုံရိပ်ကို ပြန်လည်ပီပြင် အသက်ဝင်စေခဲ့ပါသည်။ သင်္ကြန်သံချပ်ထိုးပွဲများ ပြန်လည်ပေါ်ထွန်းလာခြင်းသည် ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီသရုပ်သဏ္ဍာန်ကို ပေါ်လွင်စေခဲ့ပါသည်။ သင်္ကြန်သံချပ် စာသားများမှာ ခေတ်ကာလ၏ အားနည်းချက်များ၊ အမြင်မတော်မှုများကို သရော်ထားခြင်းဖြစ်ရာ ပွင့်လင်းမြင်သာမှုကို မီးမောင်းထိုးပြခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ကျေနပ်ဖွယ်ဟုဆိုချင်သည်။ မပြောပလောက်သော သရုပ်ပျက် ယဉ်ကျေးမှုအချို့နှင့် စည်းကမ်းမလိုက်နာမှု အနည်းငယ်ရှိမည်ဖြစ်သော်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆင်နွှဲခဲ့သော သင်္ကြန်ပွဲတော်ဟု ဆိုနိုင်ပါသည်။ အရက်သေစာသောက်စားပျော်ပါးမှုများမှာလည်း ယခင်နှစ်လောက် မဆိုးရွားဟု ပြောရမည်ဖြစ်သည်။ ကောင်းမွန်သောသင်္ကြန်၊ ငြိမ်းချမ်းသောသင်္ကြန်ဟု အသိအမှတ်ပြုရမည် ဖြစ်သည်။

သို့ဖြစ်ရာ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာအစဉ်အလာ သင်္ကြန်အကြို၊ သင်္ကြန်အကျ၊ သင်္ကြန်အကြတ်၊ သင်္ကြန်အတက်နေ့များကို ကောင်းမွန်စွာ ဖြတ်သန်းခဲ့ကြပြီဖြစ်ရာ စိတ်သစ်၊ ကိုယ်သစ်ဖြင့် ဒီမိုကရေစီနိုင်ငံသစ်ကို သင်္ကြန်ပွဲတော်ဆင်နွှဲသကဲ့သို့ တက်ညီလက်ညီတက်လှမ်းကြရန် မေတ္တာရပ်ခံပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ညောင်ရွှေမြို့နယ်နှင့် ကျောက်တလုံးကြီးမြို့နယ်များရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်နှင့် ကျောက်တလုံးကြီးမြို့နယ်များရှိ ပအိုဝ်းဒေသ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism - CBT) ကျေးရွာများဖြစ်သည့် လွယ်ခေါ်ကျေးရွာ၊ အင်းနီကျေးရွာ၊ ထိနဲ့ကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား CBT ကော်မတီဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ကျေးရွာအလိုက် CBT လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် CBT အဆောက်အအုံများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။ ထို့နောက် ပအိုဝ်းဒေသ ဦးစီးကော်မတီက အကောင်အထည်ဖော်လျက်ရှိသော ကက္ကူဘုရားအနီး ဟိုတယ် တည်ဆောက်နေမှုကို ရှင်းလင်းပြသရာ လိုအပ်သည်များ မှာကြားခဲ့သည်။

အင်းနီကျေးရွာမှ ထိနဲ့ကျေးရွာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများကို ၂၀၁၅ ခုနှစ်တွင် ပအိုဝ်းဒေသ CBT ကော်မတီက စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဧည့်သည်များ စတင်လက်ခံခဲ့သည်။ လွယ်ခေါ်ကျေးရွာကို CBT ကျေးရွာအဖြစ် ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဧည့်သည်များ စတင်လက်ခံနိုင်ခဲ့သည်။

ယင်းပအိုဝ်းဒေသ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကျေးရွာများသို့ နှစ်အလိုက် လာရောက်လည်ပတ်သော ဧည့်သည်အရေအတွက်မှာ ၂၀၁၆ ခုနှစ်တွင် ၅၉၇ ဦး (ဝင်ငွေ ၂၃၃ သိန်း)၊ ၂၀၁၇ ခုနှစ်တွင် ၆၉၄ ဦး (ဝင်ငွေ ၂၈၃ သိန်း)၊ ၂၀၁၈ ခုနှစ် မတ်လအထိ ၂၉၈ ဦး (ဝင်ငွေ ၁၂၅ သိန်း) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပအိုဝ်းဒေသ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ကျေးရွာများသည် ၂၀၁၇ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပခဲ့သည့် ITB Berlin ခရီးသွားပြပွဲတွင် ရပ်ရွာလူထုအကျိုးပြု ခရီးသွားလုပ်ငန်းဆိုင်ရာ Winner Award ဆုကို ရရှိခဲ့သည့်အပြင် ASEAN CBT Standard ဆုများ ရရှိထားကြောင်း သိရသည်။

**ကြေးမုံ**

# ဂွမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

**စစ်တွေ မေ ၁၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၄ ရက် နံနက် ၇ နာရီတွင် ဂွမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့တစ်ဖက်ကမ်းရှိ မကျေးငူ - ကျောက်ချွန်လမ်း ၉ မိုင် ၆ ဖာလုံတွင် ၃ မိုင် ၆ ဖာလုံအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးရေးတို့ကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မကျေးငူ - ကျောက်ချွန်လမ်းပေါ်ရှိ ကျောက်ချွန်တံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တံတားအထူးဖွဲ့(၈)မှ ဦးစီးအရာရှိ ဒေါ်တင်တင်ညိုက တံတားဆောက်လုပ်နေမှုနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။



ကျောက်ချွန်တံတားသည် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးကို ဆက်သွယ်ထားသည့် တံတားတစ်စင်းဖြစ်ပြီး တံတားအရှည် ပေ ၂၀၀၊ အပေါ်ထည် RC Slab၊ သံကူကွန်ကရစ် ဘိုးပိုင်ဖြစ်ပြီး တံတားအကျယ် ၂၄ ပေ ဖြစ်ကာ ပြည်ထောင်စုကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၈၀၀ ဖြင့် ဆောက်လုပ်နေခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြာတိုက် - ခနိကျေးရွာချင်းဆက်မြေသားလမ်း ငါးမိုင် ဖောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ဦးဥတ္တမလမ်းအပိုင်း(၁) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဂမုန်းမြိုင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ရဟိုင်းကွင်း- ရဟိုင်းကူးတို့လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ဂွအလယ်ရွာ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ အခြေခံပညာ မူလတန်းကျောင်း ရဟိုင်းကွင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ အခြေခံပညာမူလတန်းကျောင်း ရဟိုင်းကူတို့ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် အခြေခံပညာအထက်တန်းကျောင်း ရဟိုင်းကူတို့ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနားသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)




## ပျဉ်းမနား လမ်းလျှောက်သင်္ကြန်ပွဲတော်(သင်္ကြန်အကြတ်နေ့) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ဆင်နွှဲ

**ပျဉ်းမနား ဧပြီ ၁၅**
မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(လမ်းလျှောက်သင်္ကြန်)ကို နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်အတွင်းရှိ မင်္ဂလာရှမ်းကန်၌ ကျင်းပရာ ယနေ့(သင်္ကြန်အကြတ်နေ့) နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု၍ ပြည်သူများနှင့်အတူ မဟာသင်္ကြန်ပွဲတော် (လမ်းလျှောက်သင်္ကြန်)အား ဆင်နွှဲခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့ မဟာသင်္ကြန်(လမ်းလျှောက်သင်္ကြန်)ကို နံနက် ၆ နာရီတွင် စတင်ပြီး ဗဟိုမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တို့တွင် ရေကစားသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဒေသခံအလှူရှင်များက စတုဒိသာမဏ္ဍပ်ကြီးတွင် ကျွေးမွေးဧည့်ခံလျက်ရှိပြီး လမ်းလျှောက်သင်္ကြန် ကျင်းပရာလမ်းတစ်လျှောက်နှင့် ပျဉ်းမနားမြို့တွင် အထူး စည်ကားလျက်ရှိသည်။

**စိုးမိုး(ပြန်/ဆက်)**

## သက်ဝင်လှုပ်ရှားနေသည့် မြို့တော်ရန်ကုန်၏ အကြတ်နေ့သင်္ကြန်

**ရန်ကုန် ဧပြီ ၁၅**
ရေပက်ခံထွက်လာကြသည့် အမိုးပွင့်ကားများပေါ်မှ လူငယ်လေးများ၏လေမှုတ်ကစားစရာဖြင့် ကျီစယ်တီးမှုတ်လိုက်သည့် ကားဟွန်းသံကဲ့သို့သော အသံများက အတာသင်္ကြန်ပွဲတော်ကာလ သင်္ကြန်အကြတ်နေ့ ရန်ကုန်မြို့၏ လူစည်ကားရာ လမ်းမများကို သက်ဝင်လှုပ်ရှားသွားစေခဲ့သည်။

"အရင်က ဝီစီ(ပီပီ)လောက်ပဲရောင်းခဲ့တာ၊ ဒီနှစ်ကျတော့ ကားဟွန်းသံလို မှုတ်လို့ရတဲ့ ဒီဟာက ပိုပြီးရောင်းရတယ်၊ အပျော်ဝယ်တာ၊ ပါသမျှကုန်တယ်"ဟု ကျိုက္ကဆံလမ်းရှိ ရေကစားမဏ္ဍပ်အနီးတွင် လေမှုတ်ကစားစရာ ရောင်းချနေသည့် ဈေးသည် ဦးဝင်းကိုက ပြောသည်။

အပျော်တီးမှုတ်သည့် လေမှုတ်ကစားစရာ ရောင်းချနေသည့် ဈေးသည်များနှင့်အတူ မဏ္ဍပ်များတည်ရှိရာ လမ်းဘေး ဝဲ၊ယာတစ်လျှောက် စားသောက်ဖွယ်ရာ ရောင်းချနေသည့်ဆိုင်များကလည်း အစီအရီ။

ရန်ကုန်မြို့၏ အထင်ကရ လမ်းမကြီးများဖြစ်သည့် အနော်ရထာလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ ပြည်လမ်း၊အင်းစိန်လမ်းတစ်လျှောက်နှင့် ဝေဇယန္တာလမ်းတို့တွင်လည်း ရေကစားမဏ္ဍပ်များ စည်ကားလျက်ရှိပြီး မြို့နယ်အသီးသီးရှိ ရပ်ကွက်များတွင်လည်း အုန်းလက်မဏ္ဍပ်များဖြင့် ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

"ဒီနှစ်က မနှစ်ကထက်စာရင် စည်ကားတယ်၊ ဘယ်နေရာကြည့်ကြည့် မြို့နယ်တွေဆိုလည်း နေရာတိုင်းမှာ မဏ္ဍပ်တွေရှိတယ်၊ ဒါပေမဲ့လည်း မြို့ထဲကို နှစ်တိုင်းလည်လိုက်ရမှ စိတ်က နေသာတာ"ဟု ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာသင်္ကြန်(ရန်ကုန်)ဗဟိုမဏ္ဍပ်ရှေ့တွင် ဖျော်ဖြေမှုကို လာရောက်ကြည့်ရှုနေသည့် သဃ်န်းကျွန်းမြို့နယ်မှ ကိုဟိန်းဆက်က ပြောသည်။



ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေး ရန်ကုန်လမ်းလျှောက်သင်္ကြန်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသူများအားတွေ့ရစဉ်။

ယခုနှစ် သင်္ကြန်တွင် မြို့နယ်တိုင်း၌ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခွင့်ပြုပေးခဲ့ရာ နေရာတိုင်း ပျော်ရွှင်စွာ ရေကစားသူများဖြင့် စည်ကားနေပြီး မဏ္ဍပ်များတွင် အရက်၊ဘီယာနှင့် ဆေးလိပ်များကို ရောင်းချခြင်း၊ သုံးစွဲခြင်းကို တားမြစ်ထားကာ လူသုံးကုန်ပစ္စည်းများကိုသာ ခွင့်ပြုထားသည်ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးထံမှ သိရသည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "ပြည်သူတွေ ပျော်ရွှင်ဖို့က အဓိကပါ၊ ဒါကြောင့် မြို့နယ်တိုင်းမှာ မဏ္ဍပ်တွေဖြန့်ဆောက်ပြီး အားလုံးပျော်ရွှင်ဖို့၊ လုံခြုံစိတ်ချစွာရေကစားနိုင်ဖို့ ဆောင်ရွက်ခဲ့တယ်၊ အခုဆိုတစ်မြို့လုံး စည်ကားပြီး ပျော်ရွှင်နေတာတွေ့ရတော့ ဝမ်းသာမိတယ်" ဟု ပြောသည်။

ထို့အပြင် ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ရန်ကုန်လမ်းလျှောက်သင်္ကြန် ကျင်းပရာ မဟာဗန္ဓုလပန်းခြံလမ်း၊ ကန်တော်ကြီး မြေပဒေသာကျွန်း၊ကန်တော်မင်ပန်းခြံနှင့် သခင်မြပန်းခြံတို့တွင်လည်း ရေကစားဆင်နွှဲနေသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသည်။

နံနက်ပိုင်းတွင် သင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲပြီး နေ့လယ်ပိုင်း ပူပြင်းသောနေရောင်ကြောင့် အရိပ်ရနေရာများတွင် အနားယူနေသည့် သူများကိုလည်း နေရာအနှံ့ တွေ့ရသည်။

"အပူချိန်က ရန်ကုန်မှာ ၄၀ ဒီဂရီ စင်တီဂရိတ်ရှိတယ် ပြောတယ်၊ နေပူတဲ့အတွက် အရက်ကတော့ မသောက်ဘူး၊ အသက်ဉာဏ်စောင့်တယ်လေ၊ ညနေမှ ပြန်မယ်" ဟု ဗန္ဓုလပန်းခြံ၌ နေ့လယ်ပိုင်းတွင် အနားယူနေသည့် တောင်ဥက္ကလာမှ ကိုမြင့်ဝေက ပြောသည်။

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်သည် ယဉ်ကျေးမှု ဓလေ့ပွဲတော်သက်သက်သာမကဘဲ ဘာသာရေးနှင့် ရောယှက်ဆက်နွှယ်နေသည့် ပွဲတော်ဖြစ်သည်နှင့်အညီ သင်္ကြန်ပွဲတော်ကာလအတွင်း ကျောင်းကန်ဘုရားများတွင် ဥပုသ်သီလဆောက်တည်သူများ၊ အလှူဒါန ပြုလုပ်သူများ၊ မြို့နယ်အသီးသီးရှိ ရပ်ကွက်များတွင်လည်း စတုဒိသာကျွေးမွေးခြင်းများဖြင့် အစဉ်အလာမပျက် ဆင်နွှဲနေသူများဖြင့် သင်္ကြန်အလှကို အားဖြည့်နေပြန်သည်။

ရန်ကုန်သင်္ကြန်၏ တစ်နေ့တာ ပျော်ရွှင်မှုများထဲတွင် နာမည်ကြီး ဖျော်ဖြေရေးမဏ္ဍပ်အချို့၌ လာရောက်ဖျော်ဖြေသည့် သံချပ်အဖွဲ့များ၏အက၊အလှ ၊သဘာဝ၊ အတိုင်အဖောက်များဖြင့် ပြည်သူတို့၏ စိတ်အာဟာရရှိစေမည့် ဖျော်ဖြေမှုများက သင်္ကြန်၏ ညအလှကို ပုံဖော်နေသည်မှာလည်း မရိုးနိုင်ပေ။

ရေကစားသူများ၊ လမ်းလျှောက် သင်္ကြန်ဆင်နွှဲသူများ၊ တေးသီချင်း ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားနေခဲ့သည့် သင်္ကြန်အကြတ်နေ့သည် သင်္ကြန်၏ နောက်ဆုံးနေ့ဆီသို့ ပျော်ရွှင်စွာ ကျော်ဖြတ်ရန် အဆင်သင့်ရှိနေခဲ့ပြီဖြစ်သည်။

**သီသီမင်း၊ဓာတ်ပုံ-ဌေးအောင်**

### ✳ ရှေ့ဖုံးမှ

နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၊ ရခိုင်ရိုးရာမဟာသင်္ကြန် ရေကစားမဏ္ဍပ်၊ ရွှေသံလွင်ကုမ္ပဏီမိသားစု မြန်မာ့ရိုးရာရေကစားမဏ္ဍပ်၊ ပျဉ်းမနား လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် တပ်ကုန်းလမ်းလျှောက်သင်္ကြန်ပွဲတော်တို့သို့ လာရောက်ရေကစားကြသူ အလွန်များပြားခဲ့သည်။

နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၊ ရွှေသံလွင်ကုမ္ပဏီမိသားစု မြန်မာ့ရိုးရာရေကစားမဏ္ဍပ်တို့တွင် နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာ အကအလှများနှင့်အတူ သင်္ကြန်ယိမ်းအကများ၊ ဖျော်ဖြေတင်ဆက်မှုများဖြင့် အထူးစည်ကားခဲ့သည်။

ထို့အတူ ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်၊ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်၊ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်တို့တွင်လည်း အတာရေသဘင်ပွဲကို အေးချမ်းပျော်ရွှင်စွာဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် နေပြည်တော် ဆာဖာရီဥယျာဉ်၊ လျှော့ခွင်းတောင်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ရေပန်းဥယျာဉ်တို့တွင် လာရောက်လည်ပတ် အပန်းဖြေကြသူများဖြင့် စည်ကားခဲ့သည်။

**သတင်းစဉ်**

# တီပီပီသဘောတူစာချုပ်တွင် အမေရိကန် ပြန်လည်ပါဝင်နိုင်ရေး လေ့လာသွားမည်ဆို



**ဝါရှင်တန် မေ ၁၅**

အဖွဲ့ဝင် ၁၁ နိုင်ငံပါဝင်သော ပစိဖိတ်နှုတ်ခမ်းသတ်နိုင်ငံများ၏ မိတ်ဖက်ပြုဆောင်ရွက်ရေး သဘောတူစာချုပ်တွင် အမေရိကန်ပြည်ထောင်စု ပြန်လည်ပါဝင်ရေးကိစ္စကို ပြန်လည်စဉ်းစားသုံးသပ်ရန် သမ္မတဒေါ်နယ်ထရန့်က ၎င်း၏ ထိပ်တန်းလက်ထောက်များကို ညွှန်ကြားထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

သမ္မတထရန့်၏ ညွှန်ကြားချက်ကို အမေရိကန်ပြည်ထောင်စုရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာပြည်နယ်များမှ အမတ်များက ကြိုဆိုကြသည်။ သမ္မတထရန့်၏မူဝါဒရေးရာ ရုတ်ချည်းပြောင်းလဲမှုအဖြစ်လည်း ရှုမြင်ကြသည်။

လွန်ခဲ့သည့်နှစ်က သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံတကာ ကုန်သွယ်ရေးသဘောတူညီချက်များမှ အမေရိကန်နုတ်ထွက်မည်ဟု သမ္မတထရန့်က ခြိမ်းခြောက်ပြောကြားခဲ့သည်။


တီပီပီ သဘောတူစာချုပ်မှ နုတ်ထွက်ရန် လွန်ခဲ့သည့်နှစ်တွင် သမ္မတထရန့်က ကတိပြုခဲ့ခြင်းမှာ အမေရိကန်အလုပ်သမားများနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သော မမျှတသည့် သဘောတူစာချုပ်ဖြစ်ခြင်းကြောင့် ဖြစ်ကြောင်း၊ သို့ရာတွင် တီပီပီသဘောတူစာချုပ်ကို ပိုမိုကောင်းမွန်သော သဘောတူစာချုပ်အဖြစ်သို့ ပြင်ဆင်ပြောင်းလဲနိုင်မည်ဆိုပါက ယင်းစာချုပ်တွင် အမေရိကန်ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

တီပီပီ သဘောတူစာချုပ်ကို ပိုမိုကောင်းမွန်သော သဘောတူစာချုပ်အဖြစ်သို့ ပြင်ဆင်ပြောင်းလဲနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရန် သင့်၊ မသင့် သမ္မတထရန့်က ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာနှင့် စီးပွားရေးအကြံပေးအရာရှိချုပ်လာရီကွတ်လိုတို့အား ညွှန်ကြားလိုက်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ယခင် သမ္မတဘားရက်အိုဘားမားလက်ထက်က ပေါ်ထွက်လာခဲ့သော တီပီပီ သဘောတူစာချုပ်သည် နိုင်ငံပေါင်းစုံပါဝင်သည့် သမိုင်းဝင်ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ဖြစ်သည်။

တီပီပီသဘောတူညီချက်တွင် ပါဝင်ကြသော ကနေဒါ၊ မက္ကဆီကိုနှင့် ဂျပန်တို့သည် ယင်းစာချုပ်တွင် အမေရိကန်ပါဝင်ခြင်း မရှိတော့သည့်တိုင်အောင် စာချုပ်အာဏာသက်ဝင်မှု ဆက်လက်ရှိနေစေရန် မကြာသေးမီက ကြိုးပမ်းခဲ့ကြသည်။

**အေအက်ဖ်ပီ**



# အီဂျစ်၌ အရေးပေါ်အခြေအနေ နောက်ထပ်သုံးလ သက်တမ်းတိုး

**ကိုင်ရို မေ ၁၅**

အီဂျစ်နိုင်ငံ၌ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားမှုကို နောက်ထပ်သုံးလ သက်တမ်းတိုးရန် သမ္မတ အဗ္ဗဒူဖာတာ အယ်လ်စီစီက ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အီဂျစ်နိုင်ငံတစ်ဝန်း၌ အရေးပေါ်အခြေအနေကြေညာမှုကို မေ ၁၄ ရက်က ထုတ်ပြန်ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဧပြီလက ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှစ်ကျောင်း ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ၄၅ ဦးထက်မနည်း သေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး ၂၀၁၇ ခုနှစ် ဇူလိုင်နှင့် အောက်တိုဘာလတို့တွင်လည်းကောင်း၊ ယခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း သက်တမ်းတိုးမှုများ ထပ်မံပြုလုပ်ခဲ့သည်။

ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ဗုံးခွဲတိုက်ခိုက်မှုကို အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့က ပြုလုပ်သည်ဟု ယင်းအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အစိုးရအဖွဲ့က အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးသက်တမ်းတိုးလိုက်သည့် အရေးပေါ် အခြေအနေမှာ မေ ၁၄ ရက် နံနက် ၁ နာရီမှစ၍ အာဏာသက်ဝင်လာခဲ့ပြီး ဆိုင်းနိုင်းကျွန်းဆွယ် မြောက်ပိုင်းမြို့များတွင် နေဝင်မီးငြိမ်းအမိန့် (ကာဖျူး) ထုတ်ပြန်ထားသည်။

အရေးပေါ်အခြေအနေ ထုတ်ပြန်ခြင်းဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့မှာ လုပ်ပိုင်ခွင့်အာဏာများ ပိုမိုရရှိစေပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အီဂျစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ် အခြေအနေကြေညာမှုကို တစ်ကြိမ်သက်တမ်းတိုးခွင့်ပြုထားသည်။ သို့ရာတွင် သမ္မတအနေဖြင့် အရေးပေါ်အခြေအနေ သက်တမ်းတိုးမှုကို နိုင်ငံတော်၏ လုံခြုံရေးအခြေအနေ လိုအပ်ချက်အရ အကြိမ်ကြိမ် သက်တမ်းတိုးပိုင်ခွင့် ရှိသည်။

**အေအက်ဖ်ပီ**

# စုံစမ်းစစ်ဆေးမှုများ၌ ပူးပေါင်းဆောင်ရွက်ရန် ဖေ့စ်ဘွတ်ကုမ္ပဏီကို ဥရောပကော်မရှင်တိုက်တွန်း

**ဘရပ်ဆယ် မေ ၁၅**

ပုဂ္ဂလိကကိုယ်ရေးအချက်အလက်များအား ရယူစုဆောင်းကာ ဗြိတိန်အခြေစိုက် နိုင်ငံရေးအတိုင်ပင်ခံကုမ္ပဏီဖြစ်သော ကိန်းဘရစ်အန်နယ်လစ်တီကာ ကုမ္ပဏီထံသို့ ယင်းသတင်းအချက်အလက်များကို မျှဝေပေးခဲ့သည့် အရှုပ်တော်ပုံနှင့် ရင်ဆိုင်နေရသော ဖေ့စ်ဘွတ်လူမှုကွန်ရက်မီဒီယာဝန်ဆောင်မှု ကုမ္ပဏီသည် ယင်းအရှုပ်တော်ပုံနှင့်ပတ်သက်၍ မိမိတို့၏ စုံစမ်းစစ်ဆေးမှုများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် ဥရောပကော်မရှင်က တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင် နိုင်ငံများရှိ ပြည်သူ ၂ ဒသမ ၇ သန်းအထိ၏ ကိုယ်ရေးအချက်အလက်များ အလွဲသုံးခံရဖွယ်ရှိသည်ဟု ဖေ့စ်ဘွတ်ကုမ္ပဏီက ဝန်ခံပြောဆိုခဲ့ပြီးနောက် ဥရောပကော်မရှင်က အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ပြည်သူ ၈၇ သန်းအထိ၏ ပုဂ္ဂလိက ကိုယ်ရေးအချက်အလက်များ ကျိုးပေါက်ခဲ့ရမှု အရှုပ်တော်ပုံနှင့်ပတ်သက်၍ ဖေ့စ်ဘွတ်ကုမ္ပဏီက မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို အီးယူတရားရေးဆိုင်ရာမဟာမင်းကြီး ဗီရာဂျူရိုဗာက ဖေ့စ်ဘွတ်ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရေးအရာရှိချုပ် ရှာရီဆန်းဘတ်ဂ်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးနိုင်ရန် စီစဉ်ထားသည်။

ပုဂ္ဂလိက ကိုယ်ရေးအချက်အလက်များ ပေါက်ကြားမှု အရှုပ်တော်ပုံနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် ဖေ့စ်ဘွတ်ကုမ္ပဏီက ဥရောပကော်မရှင်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် ဂျူရိုဗာက တိုက်တွန်းမည်ဟု ဆိုသည်။

ဖေ့စ်ဘွတ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်သည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အမေရိကန်ကွန်ဂရက်လွှတ်တော်ရှိ အထက်နှင့် အောက်လွှတ်တော်တို့၏ ကြားနာစစ်ဆေးမှုများတွင် အမတ်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

လူမှုကွန်ရက်မီဒီယာလုပ်ငန်းအပေါ် ဥပဒေစည်းမျဉ်းများဖြင့် ထိန်းချုပ်ရေးမှာ ရှောင်လွှဲ၍မရနိုင်သော အနေအထားဖြစ်သည်ဟု မိမိယုံကြည်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝတွင် အင်တာနက်မှာ တစ်စတစ်စ ပိုမိုအရေးပါလာနေပြီး လူမှုကွန်ရက်မီဒီယာအပေါ် ဥပဒေစည်းမျဉ်းများဖြင့် ထိန်းချုပ်သွားရန် လိုအပ်ကြောင်း ဇူကာဘတ်က အမေရိကန်အောက်လွှတ်တော်၌ ယနေ့တွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နှင့် တွေ့ဆုံ

**ဒါကာ ဧပြီ ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောက်ရှိနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဧပြီ ၁၂ ရက် ညနေ ၆ နာရီတွင် ဒါကာမြို့ နိုင်ငံတော်ဧည့်ဂေဟာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Abul Hassan Mahmood Ali, M.P နှင့် ပြည်ထဲရေးဝန်ကြီး H.E.Mr. Asaduzzaman Khan MP တို့နှင့် တွေ့ဆုံ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အစီအစဉ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးစဉ် လာရောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြန်လည်လက်ခံရေး အတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြား၍ **ကော့ခ်ဘဇားရှိ နေရပ်စွန့်ခွာနေထိုင်သူများစခန်း၌ နေရပ်စွန့်ခွာသူများ**နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် ယနေ့အချိန်အထိ ပြန်လည်လက်ခံရေးနှင့် သက်ဆိုင်သည့် ဖောင်ပုံစံများကို မည်သူကမျှ လာရောက်အသိပေး ဖြည့်စွက်ခိုင်းခြင်းမရှိသေးပါဟု ၎င်းတို့၏ ပြောကြားချက် အရ သိရှိရပါကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသည့် ၈၀၃၂ ဦး၏ စာရင်းနှင့် ဖြည့်စွက်ထားသော ပုံစံများမှာ နှစ်နိုင်ငံအကြား သဘောတူညီထားသော Physical Arrangement ပါ ဖောင်ပုံစံအတိုင်း မဟုတ်ပါကြောင်း၊ ၎င်းတို့ဆန္ဒအလျောက် ပြန်လာလိုကြောင်း ဖော်ပြလက်မှတ်ရေးထိုးထားမှု၊ လက်ဗွေပုံစံနှင့် ဓာတ်ပုံများ ပါဝင်ခြင်းမရှိပါကြောင်း။

မြန်မာဘက်အနေဖြင့် ယင်းပုံစံများကိုစိစစ်ရန် ခက်ခဲပါကြောင်း၊ ဤသို့ ပေးပို့ခံရကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သုံးကြိမ် အသိပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ မြန်မာဘက်မှ ကြိုးစားစိစစ်ခဲ့ပါကြောင်း၊ ယခုအထိ ၆၇၅ ဦးအား မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည့် အထောက်အထားများကို စိစစ်ရရှိပါကြောင်း၊ စိစစ်ပြီးစာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘက်သို့ ပေးပို့ခဲ့သော်လည်း ယနေ့အထိ ပြန်ကြားချက် မရရှိသေးပါကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့် ဖောင်ပုံစံအတိုင်း အချက်အလက်များကို ပြန်လည်ဖြည့်စွက် ပေးရန် အရေးကြီးပါကြောင်း။

နယ်နိမိတ်မျဉ်းတွင် ရောက်ရှိနေထိုင်နေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ နှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ် ဖြစ်၍ နားလည်မှုလွဲနိုင်သည့်ကိစ္စများကို နှစ်ဖက်သက်ဆိုင်သည့် ဌာနများအကြား ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေး၊ ပြန်လည်နေရာချထားရေးကိစ္စတွင် UNDP, UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ထားမှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေမှုနှင့် အနာဂတ်တွင် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အမြန်ဆုံးစတင်နိုင်ရေးအတွက် အချက်အလက်များကို နှစ်ဖက်သဘောတူညီသည့် ဖောင်ပုံစံတွင်ဖြည့်စွက်၍ မြန်မာနိုင်ငံဘက်သို့ ပေးပို့မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်အနီး နားလည်မှုလွဲနိုင်သောကိစ္စများ မဖြစ်ပေါ်နိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်အရာရှိကြီးများ အဆင့်တွင်လည်း ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားအိမ်နီးချင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ ကိုလည်း အကြံပြုဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒါကာမြို့ရှိ မြန်မာသံရုံး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း တို့လည်း တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Abul Hassan Mahmood Ali,M.P တို့သည် သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဝန်ကြီးအဆင့် ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒါကာမြို့ရှိ မြန်မာသံရုံး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေစိုက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အခြေခံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးအတွက် အသင့်ပြင်ဆင်ပြီးစီးမှုများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အစီအစဉ်ဖြင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ အိမ်ရာများ တည်ဆောက်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တည်ထောင်ပေးနေမှု၊ ပညာရေးနှင့် ကျန်းမာရေးတို့အား လွယ်လင့်တကူ ရရှိအောင် စီစဉ်ထားမှု၊ ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဒုက္ခသည်စခန်းများအား ပိတ်သိမ်းဆောင်ရွက်နေမှုများကို အကျယ်တဝင့်ပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာသံရုံးမိသားစုဝင်များက မြန်မာသံအမတ်ကြီး နေအိမ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သူရဇော်**

**Government of the Republic of the Union of Myanmar**
**Ministry of the Office of the State Counsellor**
**PRESS RELEASE**

**(13th April 2018)**

The Government of Myanmar expresses serious concern on the news regarding the application by the International Criminal Court (ICC) Prosecutor to claim jurisdiction over the alleged deportation of the Muslims from Rakhine to Bangladesh.

Myanmar is not a party to the Rome Statute. The proposed claim for extension of jurisdiction may very well reap serious consequences and exceed the well enshrined principle that the ICC is a body which operates on behalf of, and with the consent of State Parties which have signed and ratified the Rome Statute. This consensual approach is underlined throughout the ICC Statute.

There is an important principle of law or legal maxim "Ubi lex voluit, dicit; ubi noluit, tacit" i.e. "if the law means something, it says it; if it does not mean something, it does not say it". Nowhere in the ICC Charter does it say that the Court has jurisdiction over States which have not accepted that jurisdiction. Furthermore, the 1969 UN Vienna Convention on International Treaties states that no treaty can be imposed on a country that has not ratified it.

The extension of jurisdiction to non-parties may have a reverberating effect to all non-parties in the world and challenges long established legal principles such as legal certainty. What the Prosecutor is attempting to do is to override the principle of national sovereignty and non-interference in the internal affairs of other states, in contrary to the principle enshrined in the UN Charter and recalled in the ICC Charter's Preamble.

Myanmar reiterates that it has not deported any individuals in the areas of concern and in fact has worked hard in collaboration with Bangladesh to repatriate those displaced from their homes. Several bilateral agreements have been signed such as the "Arrangement on Return of Displaced Persons from Rakhine State" dated 23 November 2017 between the Governments of the Republic of the Union of Myanmar and the Government of the People's Republic of Bangladesh. All requirements for repatriation are in place. Work is proceeding steadily on this front. The Union Minister for Social Welfare, Relief and Resettlement has just visited Bangladesh to meet DPs and brief them on the development, resettlement process, food supply, housing projects, vocational training, easy access to education and healthcare in Rakhine State and that Myanmar is ready for repatriation.

# ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာအသစ် တိုးချဲ့တည်ဆောက်

**ရွှေတောင် ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ရွှေတောင်မြို့ လှေကြီးတန်းလမ်းထိပ်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၅၀၀၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၆၀၀၀ နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ(၁၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်လင်းထွန်းဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီး၍ ဧပြီ ၈ ရက်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

# ဟိုတုန်းက သင်္ကြန်

မောင်ချိုမင်း (ကန္တာရဝတီ)

"ငယ်စဉ် ဆယ့်သုံးလေးနှစ် ကျောင်းသားဘဝက တပေါင်းလကုန်၍ တန်ခူးလကျူးပြီ ဆိုသည်နှင့် သင်္ကြန်ကျရောက်မည့်နေ့ရက်ကို ရေတွက်စောင့်မျှော်ခဲ့ရသည်မှာ အမေ၊ နေ့စဉ် အမေပေးသည့် ကျောင်းမုန့်ဖိုးလေး တစ်နေ့ ပြားသုံးဆယ်ကို ကျောင်းကြီးမပိတ်မီ သုံးလ လောက်ကပင် ကြိုတင်၍ မစားရက် မသောက်ရက်ဘဲ တစ်နေ့ဆယ်ပြားကို စုဘူး လေးထဲထည့်၍ သင်္ကြန်တွင်း သုံးစွဲရန်၊ လည်ပတ်ရန် စုရ ဆောင်းရသည်။ သင်္ကြန်ရက် အတွင်း သုံးစွဲရန် ငွေသုံးလေးကျပ် . . ."



သင်္ကြန်ပွဲဆိုသည်မှာ လူမျိုးမရွေး ဘာသာမရွေး နွဲပျော်ကြသည့် မြန်မာတို့၏ နှစ်သစ်ကူးပြောင်းတော့မည့် ရေသဘင်ပွဲ။

ငယ်စဉ် ဆယ့်သုံးလေးနှစ်ကျောင်းသားဘဝက တပေါင်းလကုန်၍ တန်ခူးလကျူးပြီဆိုသည်နှင့် သင်္ကြန်ကျရောက်မည့်နေ့ရက်ကို ရေတွက်စောင့်မျှော်ခဲ့ရသည်မှာ အမေ၊ နေ့စဉ် အမေပေးသည့် ကျောင်းမုန့်ဖိုးလေး တစ်နေ့ပြားသုံးဆယ်ကို ကျောင်းကြီးမပိတ်မီ သုံးလလောက်ကပင် ကြိုတင်၍ မစားရက် မသောက်ရက်ဘဲ တစ်နေ့ ဆယ်ပြားကို စုဘူးလေးထဲထည့်၍ သင်္ကြန်တွင်း သုံးစွဲရန်၊ လည်ပတ်ရန် စုရ ဆောင်းရသည်။ သင်္ကြန်ရက်အတွင်း သုံးစွဲရန် ငွေသုံးလေးကျပ်ရလျှင် တော်လောက်ပြီ။

ဗိုလ်ချုပ်ပုံနှင့် နောက်ကျောဘက်တွင် ရွက်လှေကလေးပုံပါ ငွေတစ်ကျပ်ကို အကုန်ခံ၍ တာမွေ ဝွတ္တလစ်-ပုလဲလမ်းထိပ်မှ ပဲခူးဘုရားဖူးရေပက်ခံထွက်ကြမည့် အပေါင်းအသင်းများနှင့် လော်ရီကားအမြင့်ကြီးပေါ် တက်လိုက်ရသည်မှာ ပျော်စရာကောင်းလှသည်။

အဆင်ပြေ အချိန်ရသေးလျှင် ဒေးစွန်ပါပါဝင်ကြပေဦးမည်။ ကားကြီးက အမိုးမြင့်၍ ရေပက်သိပ်မခံရ၊ စိုရုံမျှသာ၊ သို့သော် ရန်ကုန်နယ်နိမိတ်မှ ထွက်ထွက်ချင်း ထောက်ကြန့်-လှည်းကူးနှင့် အင်းတကော်တို့လို နေရာမှာ ရေပက်ခံရသည်မှာ ရေပိုက်ကြီးများနှင့် ဖြစ်၍ တစ်ကိုယ်လုံး စိုရွှဲသည်။ ရန်ကုန်-ပဲခူးကားလမ်းတစ်လျှောက်တွင်လည်း ပိတောက်ပန်းခိုင်များက ဝါဝါဝင်းလျက်။

တာမွေ နတ်ချောင်းအိုးစုရပ်ကွက်ထဲမှ ဘေးနှစ်ဖက်သစ်သားဘောင်ခတ် အမည်တပ်၍ ဝတ်စုံကိုယ်စီဖြင့် ရေပက်ခံထွက်သည့်ကားက နှစ်စဉ်လိုလိုရှိ၏။ ဦးစီးခေါင်းဆောင်သူက သင်္ကြန်လေးရက်စလုံး ဝတ်စုံပုဆိုးတစ်ထည်စီနှင့် ဘဲဥချဉ်ရည်၊ ငရုတ်သီးကြော်၊ သရက်သီးတို့စရာတို့ဖြင့် ထမင်းနံနက်တစ်နပ်စာ ကျွေးပြီး ရေပက်ခံလိုက်မည့်သူက ငွေကျပ် ၂၀ ထည့်ဝင်ရသည်။

သို့သော် ကျွန်တော့်အနေဖြင့် မိဘထံမှ ငွေ ၂၀ အလွယ်တောင်းမရ၍ ရေပက်ခံဒေါ့ဂျ်ကားနှင့် လိုက်ပါခွင့်မရ။ တာမွေအဝိုင်းကြီးမှ ကြည့်မြင်တိုင်စလင်းကွင်းဂိတ်ဆုံးသို့ အမှတ် (၁) ဘတ်(စ်)ကားကို အသွား၊ အပြန် နှစ်ဆယ့်ငါးပြားစီပေးစီး၍ ရေပက်ခံရသည်လည်း ရှိ၏။

သင်္ကြန်ရက်ရောက်ပြီဆိုသည်ဖြင့် လူပြောင်လူပြက်မျိုးစုံသည် ရပ်ကွက်အသီးသီးမှ အလျှိုလျှိုထွက်ပေါ်လာကြသည်။ မျက်နှာတစ်ပြင်လုံး ကန်တော်လေးမှ တစ်မတ်တန် မျက်နှာချေကိုလိမ်း၊ နှုတ်ခမ်းနီ ပါးနီဆိုး၊ ဘရာစီယာ ချက်ပေါ်အောင်ဝတ်၊ ပွင့်ရိုက်ထဘီနီနီရဲနှင့် အမျိုးသားတစ်ဦးကို လက်တွဲပြီး တကယ့်မိန်းမပုံစံ ကန့်ကလျလမ်းလျှောက်နေပုံက တစ်မျိုး။

နှုတ်ခမ်းမွေးဆွဲ၍ လည်ပင်းတွင် အဖတ်ကလေးနှင့် အင်္ကျီချွတ်၊ ခါးတောင်းကို ကျိုက်၊ သန်လျက်ဆွဲကိုင်ကာ သိကြားမင်းဟန်ဆောင် လမ်းသလားနေသူက တစ်ဦး၊ ကော့လန်ပျံ့နေအောင် ကိုယ်ဝန်ဆောင်ပုံစံမျိုးဝတ်၊ ကလေးတစ်သိုက်နှင့် လမ်းလျှောက်နေသူက တစ်ဖုံဖြင့် ဝတ်စားဆင်ယင်ပျော်ပါးကြသည်။

ထိုစဉ် ၁၉၆၀ ပြည့်နှစ် တစ်ဝိုက်က သင်္ကြန်သည် အလွန်ပျော်စရာကောင်းလှသည်။ ဂျီးဖြူရေကလည်း ပေါပါဘိ၊ ရေပက်ခံကားများ၊ သံချပ်ပြိုင်ကားများဖြင့် လှည့်လည်ကြရာ ဆုပေးမဏ္ဍပ်အကဲဖြတ်လူကြီးများမှာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရဖြင့် သံချပ်ပြိုင်ကားများကို စောင့်ကြိုနားထောင်ပေးရသည်မှာ တစ်ညလုံး ငုတ်တုတ်၊ မြန်မာ့အသံမှလည်း သင်္ကြန်ရက်ရောက်ပြီဆိုသည်နှင့် ကိုစိုးအောင်၊ ရီရီဝေတို့ သီဆိုသည့် သင်္ကြန်မောင်မယ်၊ မေသစ်နှင့် ခင်ယုမေတို့ သံပြိုင်သီဆိုသည့် မုန့်လုံးရေပေါ်၊ ကြည်ကြည်ဌေး သီဆိုသည့် ပိတောက်ရွှေဝါနှင့် ကိုအံ့ကြီးသီဆိုသည့် မန်းတောင်ရိပ်ခိုတို့ကို ထပ်မနားလွှင့်ပေးရာ နားထောင်၍ မငြီးနိုင်၊ သင်္ကြန်ဆုပေး မဏ္ဍပ်တို့ကလည်း အချိန်လေးရသည်နှင့် ဒေါ်မေရှင် သီဆိုသော ရွှေဝါဖူးဓာတ်ပြားကို ဖွင့်ပေးသည်။

"ထက်ကောင်းကင်မိုးဖျားက သွန်းလာ ရွာမယ့် မိုးကို စောင့်ကာ ပိတောက်ခိုင်ဝင်းပကြိုင်လို့သာ စောင့်စားနေရတာ" စသည်ဖြင့်၊ ရေပက်ခံကားများကလည်း တစ်စီးနှင့် တစ်စီး မတွေ့လိုက်နှင့်၊ တွေ့လိုက်သည်နှင့် လူကြိုက်များထားသော ရုပ်ရှင်ဇာတ်ကားထဲမှ စကားလုံးအချို့ကို ခေါ်ဝေါ်နောက်ပြောင်ကြသည်။

ကောလိပ်ဂျင်ဇာတ်ကားခေတ်စားနေသည့်ကာလဖြစ်သည့်အတိုင်း "ကျေပါတယ် မအေးစိန်" ဟူသည့် စကားကိုလည်းကောင်း၊ လှလေခက်လေဇာတ်ကားထဲမှ "ကြာကူရီမကြီး"ဟူသော စကားတို့ဖြင့်လည်းကောင်း တစ်ဦးကို တစ်ဦး နောက်ပြောင်ကျီစယ်ကြသည်။

တစ်ကိုယ်တော်ဘိုင်စကယ် စက်ဘီးသမားများကမူ စက်ဘီးနောက်ကယ်ရီယာပေါ်တွင် တဝေါဝေါအသံမြည်စေရန် နို့ဆီခွက်တပ်ဆင်၍ ဆပ်ကပ်အဖွဲ့ထဲမှစက်ဘီး အမြင့်ကြီးစီးသူ လူရွှင်တော်က ရှေ့ဆုံးမှ ဦးဆောင်လာကာ လမ်းပေါ်တစ်လျှောက် တွေ့တွေ့သမျှ စက်ဘီးသမားများ ပေါင်းဆုံ၍ စက်ဘီးတပ်ကြီးဖွဲ့ကာ တစ်မြို့လုံး လည်ကြသည်။

ယင်းလူပြောင်လူနောက်တစ်ကိုယ်တော်ခြေကျင်လျှောက်သမားမျိုးစုံနှင့် အလှပြကား၊ ရေပက်ခံကား၊ ဒေါ့ဂျ်၊ လော်ရီကားစသည်တို့၏ နေ့လယ်ခင်း ခေတ္တရေပိတ်ချိန် စုရုံး ရပ်နားရာနေရာမှာ ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံနှင့် အင်းလျားကန် ကြက်ကျွန်းတို့ဖြစ်၏။ ဤနေရာတွင် အစွမ်းကုန်မူးကြ၊ ရူးကြ၊ ပျော်ကြနောက်ကြလေတော့သည်။

သို့သော် ကျွန်တော့်အနေဖြင့် ဟိုစဉ်က သင်္ကြန်ကို ပျော်ခဲ့သော်ငြား ယခုသင်္ကြန်ကိုမူ စိတ်ဝင်စားမှု မရှိတော့သည်မှာအမှန် အသက်အရွယ်ကြောင့်ဟု ဆိုခြင်းထက် သင်္ကြန်ကျခါနီးတိုင်း ကားခများ ဈေးကြီးခြင်း၊ အခြားစားကုန် သောက်ကုန်နှင့်တကွ ဆေးဝါးများပါ အဆမတန်ဈေးတင်ခြင်းကို ခံစားနေရ၍လားမသိ၊ သင်္ကြန်ရက်များရောက်ခါနီးတိုင်း ရင်မောမိခဲ့ရသည်ကတော့ အမှန်ပင်။ ။

## ထီးချိုင့်မြို့ မဟာသင်္ကြန်အကြတ်နေ့တွင် ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိ



**ထီးချိုင့် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို ထီးချိုင့်မြို့ အမှတ်(၁) ရပ်ကွက် စိုက်ပျိုးရေးရုံးရှေ့ ဗိုလ်ချုပ်လမ်းပေါ်၌ ကျင်းပရာ ယနေ့ (သင်္ကြန်အကြတ်နေ့)တွင် ဒေသခံပြည်သူများ၊ ဖျော်ဖြေရေး လှပျိုဖြူများ၊ မဟာသင်္ကြန်ချစ်သူများ သာမက ခရီးသွားပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့ မဟာသင်္ကြန်ပွဲ စတင်သည့် နံနက် ၈ နာရီမှစ၍ ဗဟိုမဏ္ဍပ်တွင် ရပ်ကွက်အတွင်းရှိ ယိမ်းအဖွဲ့များက အလှည့်ကျဖျော်ဖြေကြရာ ရေကစားမဏ္ဍပ်ကြီးတွင် ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ဒေသခံအလှူရှင်များက စတုဒိသာ ကျွေးမွေးဧည့်ခံလျက်ရှိပြီး သင်္ကြန်ကျင်းပရာ ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် ထီးချိုင့်မြို့တွင် အထူးစည်ကားလျက်ရှိသည်။

"သင်္ကြန်ပွဲတော်ကို ကျွန်တော်တို့ ထီးချိုင့်မြို့ပေါ်မှာ အခုလို မကျင်းပနိုင်ခဲ့တာ နှစ်အတော်ကြာပါပြီ၊ ဒီနှစ်မှပဲ ကျင်းပတာပါ၊ အင်မတန်ပျော်ဖို့ကောင်းပါတယ်၊ စည်တာလည်း တအားပဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေကလည်း တုတ်၊ ဓားလက်နက်အပြင် အရက်သေစာတွေကို သယ်ဆောင်ခွင့်မပြုတဲ့အတွက် အန္တရာယ်ကင်းကင်းနဲ့ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ရေကစားရပါတယ်"ဟု အမှတ်(၁) ရပ်ကွက်နေ ဦးတင်လေးက ပြောသည်။

**ကျော်ခဲ(ထီးချိုင့်)**

## ဟားခါး၌ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် အကြတ်နေ့ ဆက်လက်ကျင်းပ

**ဟားခါး ဧပြီ ၁၅**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ကျော်၊ ညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းမိသားစုများ၊ မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် နံနက်ပိုင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ဌာနဆိုင်ရာ ယိမ်းအဖွဲ့ ခြောက်ဖွဲ့နှင့် သင်္ကြန်မောင်မယ်များက ဖျော်ဖြေတင်ဆက်ကပြကြရာ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီး ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ညနေ ၃ နာရီတွင် ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ယိမ်းအဖွဲ့ ငါးဖွဲ့က ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ည ၇ နာရီတွင် စင်တင်တေးဂီတဖျော်ဖြေရေးအစီအစဉ်ကို တတိယနေ့အဖြစ် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်(အကြတ်နေ့) လမ်းလျှောက်သင်္ကြန်ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူပြည်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကား

**မန္တလေး ဧပြီ ၁၅**

မန္တလေးမြို့ ကျုံးတော်ကြီးပတ်လည်၌ သင်္ကြန်အကြတ်နေ့ (ယနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် မြန်မာတို့၏ နှစ်သစ်ကူးအတာသင်္ကြန် ရေသဘင်ပွဲတော်ကြီးကို ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများသာမက နိုင်ငံတကာမှလာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားဧည့်သည်များလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။



သင်္ကြန်အကြတ်နေ့တွင် ကျုံးပတ်လည် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစား မဏ္ဍပ်များနှင့် မြို့နယ်ရပ်ကွက်များရှိ ရေကစားမဏ္ဍပ်များ၌ပါ အထူးစည်ကားလျက်ရှိသည့်အပြင် မန္တလေးမြို့တော်၏ သင်္ကြန်ပွဲတော်တွင် အထင်ရှားဆုံးဖြစ်သည့် လမ်းလျှောက်သင်္ကြန်ကျင်းပရာ ကျုံးတောင်ဘက်တစ်လျှောက်တွင် နိုင်ငံတကာမှ လာရောက်ကြသည့် နိုင်ငံခြားသားဧည့်သည်များကလည်း အပျော်များကူးစက်ကာ ဝင်ရောက်ဆင်နွှဲခဲ့ကြသဖြင့် တိုးမပေါက်အောင်အထူးစည်ကားလျက်ရှိသည်။

"တိမ်မြုပ် ပျောက်ကွယ်နေတဲ့ လမ်းလျှောက်သင်္ကြန်ကို အစိုးရသစ်လက်ထက် ကျုံးတောင်ဘက်ခြမ်းမှာ ပြန်လည်ဖော်ထုတ်ပြီး ထူးခြားတဲ့ အစီအစဉ်တွေပါတာ တွေ့ရတယ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထုတ်ဖော်ပြသခဲ့လို့ မနှစ်က အောင်မြင်တယ်ဆိုတာ သိရတယ်၊ ကျွန်တော်တို့ ဒီနှစ်သင်္ကြန်မှာ ငွေသိပ်မကုန်ဘူး၊ လမ်းလျှောက်သင်္ကြန်က ကားငှားစရာမလိုဘူးလေ၊ ကျွန်တော်တို့ သူငယ်ချင်းအားလုံး မနက်ပိုင်းမှာ ကျုံးအရှေ့တောင်ဘက်က မဏ္ဍပ်မှာ သွားကပြီး ထမင်းစားခဲ့ကာ လမ်းလျှောက်သင်္ကြန်က ကျွေးတဲ့ စတုဒိသာ၊ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှာ အနုပညာရှင်တွေ၊ နာမည်ကြီး အဆိုတော်တွေက မြို့မတေးဂီတအဖွဲ့နဲ့တွဲဖက်ပြီး သီဆိုဖျော်ဖြေမှုနဲ့ မန်းစည်ပင်ယိမ်းအဖွဲ့ရဲ့ ကပြတင်ဆက်မှုကို ထင်ထားတာထက်ပိုပြီးတော့စည်ကားနေတာကို တွေ့ရတယ်၊ တစ်ခါမှမခံစားဖူးတဲ့ သင်္ကြန်ရဲ့ ရသစစ်စစ်ကိုခံစားရတယ်၊ သင်္ကြန်ချစ်သူပြည်သူတွေနဲ့အတူ အပျော်ဆုံးအားပေးခဲ့ပါတယ်၊ နောက်နှစ်တွေမှာ ဒီထက်အောင်မြင်ပါစေ"ဟု သင်္ကြန်လည်ပတ်သူ အမရပူရမင်းသား ကိုဇင်ကိုက ပြောသည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း မန္တလေးမြို့ရောက်ရှိနေပြီး လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာခရီးသွားများကလည်း မြန်မာလူမျိုးတို့၏ သင်္ကြန်ပွဲတော်သည် အထူးပျော်ရွှင်စရာကောင်းကြောင်း ပြောကြားခဲ့ကြသည်။

"မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် မန္တလေးမြို့တော်မဟာသင်္ကြန်ညနေပိုင်း သင်္ကြန်မဏ္ဍပ်တွေရဲ့ ရေကစားမဏ္ဍပ်အောက်မှာ လွတ်လပ်ပျော်ရွှင်စွာ ကခုန်နေတဲ့မြင်ကွင်းကို ကြည့်ရတာ သူတို့ရဲ့အပျော်တွေ ကျွန်တော်တို့ဆီ ကူးစက်လာသလို ခံစားရတယ်၊ ဒါကြောင့် ကျွန်တော်တို့လည်း ဝင်ရောက်ပါဝင်ဆင်နွှဲခဲ့ပါတယ်" ဟု အဆိုပါခရီးသွားအဖွဲ့မှ အမေရိကန်နိုင်ငံသားတစ်ဦးက ပြောသည်။

မွန်းလွဲပိုင်း အပူလွန်ကဲချိန်မှာ ရေသဘင်ပွဲ ဆင်နွှဲပျော်ကြသူများသည် ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ မြို့တွင်းရှိ ဥယျာဉ်များ၊ မြို့ပြင် ၅ မိုင်၊ ၆ မိုင်၊ ၇ မိုင် အပန်းဖြေနေရာများအပြင် အမရပူရတောင်သမန်အင်းဦးပိန်တံတား၊ မည်စည်ပင်တန်းတို့တွင် ကားကြီးကားငယ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများနှင့် ခြေကျင်ဖြင့် သွားရောက်နားခိုအပန်းဖြေကြသူများ၊ ရေပက်ခံလာရောက်ကြသူများဖြင့် စည်ကားလှပြီး စေတနာရှင်အလှူရှင်များကလည်း စတုဒိသာသင်္ကြန် ထမင်းဟင်းများ ကျွေးမွေးကုသိုလ်ပြုလျက်ရှိသည်ကို တွေ့ရသည်။

ညနေပိုင်းတွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌လည်း သင်္ကြန်သံချပ်အဖွဲ့များ ပြိုင်ပွဲဝင်လျက်ရှိပြီး အနုပညာရှင်များ၊ အဆိုတော်များက တေးသီချင်းများဖြင့် သီဆို၍ စည်ပင်ယိမ်းအကအဖွဲ့က မြိုင်မြိုင်ဆိုင်ဆိုင်ဖျော်ဖြေ တင်ဆက်လျက်ရှိရာ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက အားပေးကြပြီး သင်္ကြန်မဏ္ဍပ်ရှေ့၌လည်း အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများ၊ အထူးစိတ်ဝင်တစားကြည့်ရှုအားပေးသူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် မန္တလေးကျုံးအရှေ့ဘက်၌ မန္တလေးမြို့တွင် ပထမဦးဆုံး တတိယရက်မြောက်အဖြစ် ဖွင့်လှစ်နေသော တောသင်္ကြန် ဈေးရောင်းပွဲတော်ကြီးတွင်လည်း ရုပ်သေးစင်၊ ရှေးနှစ် ၄၀ နီးပါးခန့်က ပိတ်ကားထောင်ပြီးပြသည့် ရုပ်ရှင်၊ ဆိုင်းသံဗုံသံများဖြင့် ဆင်အကအဖွဲ့၊ ရိုးရာခြင်းလုံးအလှခတ်ပွဲများ၊ ယခင်ခေတ်နဲ့ယနေ့ခေတ် ပေါင်းစပ်ဖျော်ဖြေတင်ဆက်မှုများမှာ တစ်ကီလိုမီတာခန့်ရှိသော လမ်းတစ်လျှောက်၌ အနယ်နယ်အရပ်ရပ်မှ မိသားစုလိုက်၊ အဖွဲ့လိုက်၊ နယ်ပေါင်းစုံမှ ပြည်သူများ၊ နိုင်ငံခြားသားများ လာရောက်လည်ပတ်ကြပြီး အဝတ်အထည်နှင့် လူသုံးကုန်အရောင်းဆိုင်များကို လေ့လာရင်း တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာအမျိုးမျိုးတို့မှ ကြိုက်နှစ်သက်ရာ ဝယ်ယူအားပေးစားသောက်၍ ဖျော်ဖြေတင်ဆက်မှုများကို လိုက်လံကြည့်ရှုကြရာ တောသင်္ကြန်ညဈေးမှာ လမ်းပေါ်တွင် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

**တင်မောင်-မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ရန်ကုန်လမ်းလျှောက်သင်္ကြန်နှင့် နှံ့သာသွေးပွဲ ပါဝင်ဆင်နွှဲကြသူများ၏ စကားသံများ

**ရန်ကုန် ဧပြီ ၁၅**

ရန်ကုန်မြို့၌ စုပေါင်းမဏ္ဍပ်၊ ဌာနဆိုင်ရာမဏ္ဍပ်၊ ယဉ်ကျေးမှုဖော်ထုတ်သည့် လမ်းလျှောက်သင်္ကြန်ဟူ၍ အစီအစဉ်သုံးမျိုးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ထိုသို့ ကျင်းပခြင်းကြောင့် ရန်ကုန်တစ်မြို့လုံးအတိုင်းအတာဖြင့် ပြည်သူများ သန်းနှင့်ချီပျော်ရွှင်ရေကစားခြင်း၊ ရေပက်ခံထွက်ခြင်းများကို တွေ့ရသည်။ အထူးသဖြင့် လမ်းလျှောက်သင်္ကြန်ကျင်းပသည့် မဟာဗန္ဓုလလမ်း၊ ကန်တော်ကြီး ပုလဲမဟာမြိုင်ကျွန်း၊ မြေပဒေသာကျွန်း၊ ပြည်လမ်းရှိ အင်းလျားကန်ပေါင်နေရာတို့တွင် အထူးစည်ကားလျက်ရှိရာ ပါဝင်ဆင်နွှဲကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။

**မစန်းရီထွေး(သဲကုန်းမြို့)**

လမ်းလျှောက်သင်္ကြန်ပွဲလေးရှိတဲ့အတွက် ဒီကိုလာခဲ့တာပါ။ တစ်နှစ်တစ်ခါမှလည်း မကြုံဖူးဘူး။ ဒီကိုရောက်တော့ လမ်းလျှောက်သင်္ကြန်နဲ့ နှံ့သာသွေးပွဲတော်ကို တွေ့တော့ သနပ်ခါးဝင်လိမ်းဖြစ်တယ်။ သနပ်ခါးက ငယ်ငယ်လေးကတည်းက ကြိုက်နှစ်သက်တဲ့အရာပါ၊ နောက်နှစ်တွေမှာလည်း ဒီလိုထူးခြားမှုတွေ လုပ်ပေးစေချင်ပါတယ်။ ဒါမှလည်း သနပ်ခါးကို မြန်မာမိန်းကလေးတွေ ပိုမိုချစ်မြတ်နိုးကြမှာပါ။

**ကိုထွန်းရွှေ(မြောက်ဥက္ကလာပမြို့နယ်)**

ဒီမှာ အရင်နှစ်တွေနဲ့ မတူထူးခြားတဲ့ လမ်းလျှောက်ပွဲတော်၊ သနပ်ခါးလိမ်းပွဲတော်တွေ တွေ့ရတော့ အလွန်ကိုဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်နှစ်တွေလည်း ဒီလိုထူးခြားမှုမျိုးတွေ ပါဝင်စေချင်ပါတယ်။ အရင်နှစ်တွေထက်လည်း ထူးခြားပါတယ်။ ဝင်ကြေးကလည်း အခမဲ့ဆိုတော့ ကန့်သတ်မှုတွေမရှိဘဲ လွတ်လွတ်လပ်လပ်ပျော်လို့ရပါတယ်။ မြန်မာ့သနပ်ခါးဆိုတာ မြန်မာတွေချစ်မြတ်နိုးကြသလို နိုင်ငံတကာကလည်း အသိအမှတ်ပြုထားတဲ့ သနပ်ခါးပါ။ လူတိုင်းချစ်တဲ့သနပ်ခါးကို ဒီလိုလိမ်းရတဲ့အတွက် ဂုဏ်ယူပါတယ်။

**မကေသီအောင်(ရွှေပြည်သာမြို့နယ်)**

သနပ်ခါးကို ကြိုက်တော့ အတိုင်းမသိ ဝမ်းသာပါတယ်။ ဒီလိုပွဲမျိုးတွေရှိတော့ ပိုပျော်ပါတယ်။ တစ်ခါမှ မကြုံဖူးတော့ ဒီထက်မက ဒီလိုပွဲမျိုးတွေကို ပါဝင်ဆင်နွှဲချင်ပါတယ်။ ဒီလိုပွဲမျိုးတွေကိုလည်း နှစ်တိုင်းလုပ်ပေးစေချင်ပါတယ်။ သူငယ်ချင်းတွေ အားလုံးလည်း ပျော်ကြပါတယ်။ မရောက်သေးတဲ့ သူတွေကိုလည်း လာစေချင်တယ်။ ဒါမှ မြန်မာ့ရိုးရာသင်္ကြန်ရဲ့ အနှစ်သာရကို ပိုမိုခံစားမိမှာပါ။ မနက်ဖြန်လည်း ဒီကိုလာမှာပါ။ ဒီမှာက နားလို့လည်းရတယ်။ ရေကစားလို့လည်း ရတယ်။ လမ်းလျှောက်ရင်း သနပ်ခါးပါလိမ်းရတော့ ပိုပျော်မိပါတယ်။

**ကိုကျော်သူစိုး(တောင်ဥက္ကလာပမြို့နယ်)**

အလွန်ပျော်ဖို့ကောင်းတဲ့ပွဲလေးပါ။ ဒီလိုပွဲတွေ မြန်မာပြည်မှာ ရှိသင့်တာကြာပါပြီ။ သနပ်ခါးဆိုတာ လူတိုင်းကြိုက်နှစ်သက်တဲ့အရာပါ။ ကျွန်တော်တို့ ငယ်ငယ်လေးကတည်းက မိဘတွေ လိမ်းပေးခဲ့တာပါ။ နောင်လာမယ့် ကလေးတွေကိုလည်း လိမ်းပေးနေရဦးမှာပါ။ ဒီလိုလူတိုင်းချစ်တဲ့ သနပ်ခါးကို ဒီလိုသင်္ကြန်ပွဲတော်မှာ လိမ်းခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။ ဒီလိုပွဲမျိုးတွေ နောက်ဆိုအများကြီးရှိသင့်ပါတယ်။ ဒီနှစ်ကထူးခြားပါတယ်။ အရင်နှစ်တွေ ဒီလိုမရှိခဲ့ဘူးထင်တယ်။ သနပ်ခါးဆိုတာ မိန်းကလေးလည်းကြိုက်တယ်။ ယောကျ်ားလေးလည်း ကြိုက်ကြပါတယ်။ ဒီလိုပွဲမျိုးလုပ်ပေးတာ ကျေးဇူးတင်ပါတယ်။ သနပ်ခါးရနံ့ကြောင့် လူတွေစိတ်ကြည်နူးကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးစိုးမြင့်ဝင်း(သမိုင်း)**

သင်္ကြန်မှာ ကလေးတွေနဲ့ လျှောက်လည်တာပါ။ မြန်မာ့ရိုးရာသနပ်ခါးကိုလိမ်းရတဲ့အတွက် ပိုပျော်ပါတယ်။ ကျွန်တော်က ကားမောင်းတော့ နေ့ခင်းဘက်တွေ နေအလွန်ပူတော့ သနပ်ခါးအမြဲလိမ်းဖြစ်တယ်။ အသားရေကိုလည်း ကာကွယ်သလို စိတ်ကိုလည်း လန်းဆန်းစေပါတယ်။ ဒီလိုပွဲတော်ဟာ နှစ်စဉ်နှစ်တိုင်း ထည့်သွင်း ကျင်းပသင့်ပါတယ်။ မိန်းကလေးတွေမှ သနပ်ခါးကို ကြိုက်တာမဟုတ်ပါဘူး။ ယောကျ်ားလေးတွေလည်း ကြိုက်ကြပါတယ်။ ဒီလိုပွဲတွေစီစဉ်ပေးတဲ့ အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ နောင်နှစ်တွေလည်း ဒီလိုပွဲမျိုးတွေ လုပ်ပေးစေချင်ပါတယ်။ ဒါမှလည်း သနပ်ခါးကို ချစ်မြတ်နိုးကြမှာပါ။ ပုဂံမှာဆို သနပ်ခါးကို မြတ်နိုးကြတာ တွေ့ဖူးတယ်။ မြန်မာ့ရိုးရာသနပ်ခါးဆိုတာ မြန်မာတင်မကပါဘူး၊ ကမ္ဘာကပါ မြတ်နိုးကြပါတယ်။ ဒီလိုပွဲတော်မျိုး နေရာအနှံ့မှာ ဆင်နွှဲနိုင်ရင် ပိုကောင်းပါတယ်။



မစန်းရီထွေး





ကိုထွန်းရွှေ



မကေသီအောင်



ကိုကျော်သူစိုး



ဦးစိုးမြင့်ဝင်း

**တွေ့ဆုံမေးမြန်း-အေးမင်းသူ**
**ဇာနည်မောင်၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း**





ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံတမန်များနှင့်မိသားစုဝင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြစဉ်။

**✻ ကျောဖုံးမှ**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ သံအမတ်ကြီးများ၊ သံတမန်များနှင့်မိသားစုဝင်များသည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါမဏ္ဍပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ကြိုဆိုကြပြီး ယိမ်းအဖွဲ့ဝင် လုံမပျိုလေးများက မြန်မာ့ရိုးရာအစဉ်အလာအတိုင်း သပြေခက်ဖြင့်အတာရေပက်ဖျန်းကာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်နှင့် အဖွဲ့ဝင်များသည် အဆိုပါမဏ္ဍပ်အနီး မဟာဗန္ဓုလပန်းခြံလမ်းတစ်လျှောက်တွင်ကျင်းပသည့် လမ်းလျှောက်သင်္ကြန်နှင့် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်တို့တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်း သံအမတ်ကြီးက "လက်တီး"အမည်ရှိ ရှမ်းရိုးရာသီချင်းကိုသီဆိုဖျော်ဖြေရာ ဧည့်သည်တော်အဖွဲ့နှင့်အတူ ရေကစားသူများ၊ ရေပက်ခံထွက်သူများက တစ်ခဲနက်အားပေးကြသည်။

ယင်းနောက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧည့်သည်တော်များသည် မြို့တော်ခန်းမအလယ်ရှိ မြက်ခင်းပြင်ပေါ်တွင် မြန်မာ့ရိုးရာသင်္ကြန်သီချင်းများ၊ တေးသံရှင်နွဲ့ယဉ်ဝင်း၊ ဟေမာနေဝင်းတို့၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဥဒေါင်းမင်းအက အပါအဝင် ရိုးရာအကအလှ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ရန်ကုန်မြို့တော်ခန်းဧည့်ခန်းမ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို ပျော်ရွှင်စွာ သုံးဆောင်ကြသည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "နိုင်ငံခြားသံတမန်တွေ၊ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းတွေနဲ့ အခြားသောနိုင်ငံတကာအဖွဲ့အစည်းတွေ အားလုံးကို အခုလိုဆောင်ရွက်ပေးခဲ့တာ ဒီနှစ်ဆို တတိယအကြိမ်ရှိပါပြီ။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်မှာ ပြည်သူတွေရဲ့ ပျော်ရွှင်မှုတွေ၊ ချစ်ခင်ရင်းနှီးမှုတွေကို သိစေချင်လို့ပါ။ လက်တွေ့ကျကျ မြင်စေချင်လို့ပါ။ စနစ်တကျ စီစဉ်ဆောင်ရွက်ထားတဲ့အတွက် သူတို့လည်းပျော်ရွှင်ကြပါတယ်"ဟု ပြောကြားသည်။

အလားတူ ယနေ့တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်တွင်လည်း နံနက်ပိုင်းမှစတင်၍ နိုင်ငံကျော် အနုပညာရှင်များ၏ ဂီတဖျော်ဖြေမှုများနှင့်အတူ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

**သတင်း-ဇော်ကြီး၊ မင်းသစ်၊ ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွန်း**

# သင်္ကြန်အကြတ်နေ့တွင် ညောင်တုန်းမြို့၌ ရေပက်ခံသူများ၊ ရေကစားကြသူများ၊ လမ်းလျှောက်ရေပက်ခံသူများဖြင့် စည်ကား

**ညောင်တုန်း ဧပြီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)ညနေပိုင်းတွင် မြို့ပေါ်သင်္ကြန်ဗဟိုမဏ္ဍပ် လမ်းမတော်လမ်းမကြီးတစ်လျှောက်ရှိ မဏ္ဍပ်များတွင်လည်းကောင်း၊ ရပ်ကွက်အသီးသီး၊ လမ်းအသီးသီးရှိ မဏ္ဍပ်များတွင်လည်းကောင်း ပြည်သူများ၊ ရေကစားကြသူများ၊ စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ကား၊ ထော်လာဂျီစသည့် လမ်းလျှောက်ရေပက်ခံ၊ ရေကစားကြသူများဖြင့် တိုးမပေါက်အောင်စည်ကားပြီး ပျော်ရွှင်စွာရေကစားလျက်ရှိသည်ကို တွေ့ရသည်။

**ထွန်းကျော်(ညောင်တုန်း)**



**✻ မန္တလေးမှ**

ယခုနှစ် မန္တလေးမြို့သင်္ကြန်ပွဲတော်တွင် ကျုံးအရှေ့ဘက်ခြမ်း၌ ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပသည့် တောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော်တွင် ရောင်းချသည့် ရိုးရာအစားအစာများ၊ အမှတ်တရပစ္စည်းများနှင့် ဖျော်ဖြေမှုများဖြစ်သော ပိတ်ကားထောင်ရုပ်ရှင်၊ ရုပ်သေးပွဲ၊ ခြင်းအလှခတ်ပွဲနှင့် ကျောက်ဆည်ဆင်အကများကိုလည်း ဒေသခံပြည်သူများ အထူးစိတ်ဝင်တစား သွားရောက်လည်ပတ်၍ ဝယ်ယူစားသုံးလေ့လာကြည့်ရှုလျက်ရှိရာ နေ့ရောညပါ စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်၊ တင်မောင်(မန်းကိုယ်ပွား)**



မဟာသင်္ကြန်အကြိုနေ့ အတာရေသဘင်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက ဖျာပုံမြို့ ဗဟိုမဏ္ဍပ်တွင် စည်ကားစွာ ကျင်းပစဉ်။

သပြေထွန်း



၂၀၁၈ ခုနှစ် မဟာသင်္ကြန်အကြိုနေ့မှ အကြတ်နေ့အထိ နေပြည်တော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမိသားစုမှ ကြာဆံကြော်၊ ဘဲဥသီးစုံဟင်းနှင့်ထမင်း၊ အသားငါးဟင်းနှင့်ထမင်းတို့ကို နေ့အလိုက် စတုဒိသာ ဒါနပြုကျွေးမွေးစဉ်။

မင်းမင်းလတ်(ရုပ်ပေဒ)

# ကျွန်တော်တို့အစိုးရက မှန်ကန်တဲ့စိတ်ရင်းစေတနာနဲ့ မှန်ကန်တဲ့လမ်းစဉ်၊ ဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးမှုတွေလည်းဖြစ်အောင် ဖွံ့ဖြိုးတိုးတက်မှုတွေလည်းရရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေရပ်စွန့်ခွာသူများစခန်း၌ နေရပ်စွန့်ခွာသူများအား တွေ့ဆုံစဉ်။

### တွေ့ဆုံမေးမြန်း- သူရဇော်

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ မှန်ကန်မြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၀ ရက်မှ ၁၃ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နေရပ်စွန့်ခွာသူများစခန်း၌ နေရပ်စွန့်ခွာသူများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့အပါအဝင် အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါ ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းပြီး ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်-

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

အဲဒီစခန်းမှာ ရောက်နေသူအချို့က မြန်မာစကားတတ်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာစကားနဲ့ ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ ပြောနိုင်တာတွေကို ရှင်းရှင်းလင်းလင်း ပွင့်ပွင့်လင်းလင်း ပြောနိုင်ခဲ့ပါတယ်။ အဓိကကဘာလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံထဲမှာ နေခဲ့ပြီး နေရပ်စွန့်ခွာသွားတဲ့သူတွေဆိုရင် ပြန်လည်လက်ခံဖို့ အစိုးရမှာ တာဝန်ရှိတယ်။ အဲဒီတာဝန်ကို ကျွန်တော်တို့က ကျေပွန်အောင် ထမ်းဆောင်တယ်။ သူတို့ကို ပြန်လက်ခံမယ့် အစီအစဉ်ကိုလည်း နှစ်နိုင်ငံသဘောတူညီချက်လုပ်ထားပြီး အစီအစဉ်တွေလည်း ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါတွေကို အဲဒီဒုက္ခသည်စခန်းမှာရှိတဲ့ နေရပ်စွန့်ခွာလာတဲ့သူတွေက တကယ်ကောဂဃနဏ သိရဲ့လားဆိုတာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် သူတို့နဲ့တွေ့ဆုံပြီး ကျွန်တော်တို့ ပြန်လည်လက်ခံဖို့ ဆောင်ရွက်ထားတဲ့ အစီအစဉ်တွေကို ရှင်းပြခဲ့ပါတယ်။

အဲဒီအခါမှာ သူတို့ကလည်း သူတို့မှာရှိတဲ့ အခက်အခဲတွေကို ပြန်လည်ပြောပြပြီး လိုအင်ဆန္ဒတွေကို တင်ပြကြပါတယ်။ ဒါပေမဲ့ အဓိက ဘာသွားတွေ့လဲဆိုတော့ တကယ်တော့ သူတို့အနေနဲ့ ပြန်လာချင်သလား၊ အဓိက မိမိဆန္ဒနဲ့ မိမိပြန်လာချင်ရင် ပြန်လာလို့ ရပါတယ်။ ကျွန်တော်တို့ကမေးတော့ အများစုက အားလုံးနီးပါးက ပြန်လာချင်ကြပါတယ်လို့ပြောတယ်။ သို့သော် ပြန်ဖို့ ဘာလုပ်နေသလဲလို့ မေးတော့၊ ဘာမှမလုပ်ရသေးဘူး။ အမှန်က ပြန်မယ်ဆိုရင်၊ သူတို့အနေနဲ့ ဘင်္ဂလားဒေ့ရှ်က သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူတွေကို ပြန်ချင်တဲ့ အကြောင်းကို ပြောရမယ်။ ပြောရုံတင်မကဘူး ပုံစံပါ ဖြည့်ရမယ်။ ဒါပေမဲ့ အဲဒီပုံစံကို သူတို့က မတွေ့ဖူးကြဘူး။ ပုံစံလည်း သူတို့တစ်ခါမှ မရဘူး ဖြစ်နေတယ်။ သဘောတူညီချက်အတိုင်းမှာ ဘင်္ဂလားဒေ့ရှ်ဘက်က တာဝန်ရှိသူတွေက ဒီပုံစံတွေ အဲဒီက ဒုက္ခသည်စခန်းတွေမှာ ဖြန့်ဝေရမယ်။ ပြီးရင် ပြန်ချင်တဲ့သူရှိရင် ပုံစံကိုဖြည့်ပါလို့ ပြောရမယ်။ လိုအပ်တဲ့အချက်အလက်တွေကို ဖြည့်ဆည်းပြီး မြန်မာနိုင်ငံဘက်ကို ပြန်ပို့ရမယ်။

### ဥပဒေနဲ့အညီ

မြန်မာနိုင်ငံဘက်ကမှ ရောက်ရှိလာတဲ့ စာရင်းတွေကို စိစစ်မယ်။ စိစစ်မယ်ဆိုတာက အကြမ်းဖက်သမားတွေ ပါဝင်ခြင်း ရှိ မရှိ အပါအဝင် နှစ်နိုင်ငံသဘောတူညီချက်တွေအတိုင်း စိစစ်ရပါမယ်။ စိစစ်ပြီး စာရင်းပြန်ပို့မှ ဘင်္ဂလားဒေ့ရှ်ဘက်က အသုတ်လိုက်၊ အသုတ်လိုက် ပြန်ပို့မယ်ပေါ့။ အဲဒီအစီအစဉ်ကို စခန်းထဲမှာရှိတဲ့သူတွေက ဂဃနဏ သိပ်မသိဘူး ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့က ဘင်္ဂလားဒေ့ရှ်ကိုလာပြီး ဒုက္ခသည်စခန်းကသူတွေကို တွေ့ပြီး အဲဒီအကြောင်းအရာတွေကို ပြန်ပြောပြမှ သူတို့လည်း သဘောပေါက်သွားကြပါတယ်။ တချို့ကလည်း သူတို့လိုလားချက်တွေကို တင်ပြခွင့်ရကြပါတယ်။ သူတို့တင်ပြချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က ဥပဒေနဲ့အညီ ဆောင်ရွက်နေတယ်။ ဒါ့အပြင် ရသင့်ရထိုက်တဲ့ အခွင့်အရေးကို ဥပဒေနဲ့အညီရမယ်။

အဲဒီတော့ ကျွန်တော်တို့ ဆောင်ရွက်ထားတာတွေက ဘာတွေရှိတယ်ဆိုတာကို ရှင်းပြတယ်။ လက်ခံရေးစခန်းတွေ လုပ်ထားတယ်။ ခေတ္တခဏနေရမယ့်နေရာတွေ လုပ်ထားတယ်။ နောက်ပြီးတဲ့ အခါကျတော့ သက်ဆိုင်ရာနေရာအလိုက်၊ မိမိတို့နေခဲ့တဲ့နေရာအလိုက် အနီးဆုံးနေရာမှာ ပြန်ပြီးနေရာချထားမယ်။ နေရာချထားတဲ့အခါမှာ မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ဖြစ်အောင်ဆိုပြီး ကျွန်တော်တို့ရဲ့ ဘေးဒုက္ခနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲတဲ့ ဥပဒေထဲမှာလည်းပါတယ်။

ဥပဒေထဲမှာ ဘေးဒုက္ခရောက်ပြီးတဲ့သူကို မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို ကြိုးစားဆောင်ရွက်ပေးဖို့ အစိုးရမှာ တာဝန်ရှိတယ်ဆိုတာပါတော့ ဒီအတိုင်းကို ဆောင်ရွက်ဖို့ စီစဉ်ထားတဲ့ အကြောင်း ရှင်းပြခဲ့ပါတယ်။ ဒါတွေကို ဒုက္ခသည်စခန်းမှာ တွေ့တုန်း ပြောပြပေးနိုင်ခဲ့ပါတယ်။

အဲဒီမှာလည်း ကျွန်တော်တို့ တချို့ကို တွေ့တယ်။ ဥပမာ- ပညာရေးဝန်ထမ်းပဲ တွေ့တဲ့အခါကျတော့ သူလည်း ဒီရောက်နေတဲ့အတွက် သူနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ပေးမယ် စသဖြင့် တစ်ဦးချင်း၊ တစ်ဦးချင်းမှာ လိုအပ်ချက်လေးတွေကို တွေ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အမြန်ကူညီလို့ရမယ့် အချက်လေးတွေကိုလည်း တွေ့ခဲ့ပါတယ်။

### တွေ့ခွင့်မရခဲ့

ဒုက္ခသည်စခန်းက အတော်ကိုကျယ်ဝန်းတဲ့အတွက် အများစုကို အပြင်ကနေ လိုက်ကြည့်တယ်။ စခန်းရဲ့ တစ်နေရာမှာ စခန်းရောက်နေသူတွေရဲ့ ကိုယ်စားလှယ်တချို့နဲ့ တွေ့ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ တောင်းဆိုထားတာက ကျွန်တော်တို့ဘက်က ပို့ထားတဲ့ ဟိန္ဒူ ၅၀၈ ယောက်နဲ့ မူစလင် ၇၅၀ ကို တွေ့ချင်တယ်ဆိုတာက သီးခြားတွေ့ခွင့်မရခဲ့ဘူး။ နောက်ထပ် ဘင်္ဂလားဒေ့ရှ်ဘက်ကပေးတဲ့ ၈၀၀၀ ကျော်စာရင်းထဲ စိစစ်ပြီးသား ၆၀၀ ကျော်ရှိတယ်။ ဒီလူတွေနဲ့ တွေ့ချင်တယ်ဆိုတော့လည်း တွေ့ခွင့်မရခဲ့ဘူး။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒုက္ခသည်စခန်းမှာရှိတဲ့ ဒုက္ခသည်တွေနဲ့ ကိုယ်စားလှယ်တွေကို တွေ့ခွင့်ရခြင်းဟာ ကျွန်တော်တို့အတွက် အမြတ်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကတစ်ဆင့်ထပ်ပြီး ဒီသတင်းတွေကို ပြန်ဖြန့်ပေးဖို့လိုတယ်။ သူတို့ဘာကြောင့် ဒီဘက်ကိုပြန်လာဖို့ အစီအစဉ်ကို မစနိုင်သေးတာလဲဆိုတဲ့ အချက်ကိုလည်း ကျွန်တော်တို့ ဖော်ထုတ်နိုင်ခဲ့တယ်။ ဒါဟာ ဒီခရီးစဉ်ရဲ့ အမြတ်ပဲဖြစ်ပါတယ်။

### အောင်မြင်မယ်

နောက်တစ်ခုပိုပြီး အမြတ်ထွက်တာက ဧပြီ ၁၂ ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးတို့ကိုတွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ လိုအပ်ချက်တွေနဲ့ နှစ်နိုင်ငံသဘောတူညီချက်ပုံစံအတိုင်း ဖြည့်ဆည်းပေးမယ်ဆိုရင် ပြန်လည်လက်ခံရေးအစီအစဉ်က ပိုပြီးမြန်ဆန်အောင်မြင်မယ်လို့ ဆွေးနွေးတဲ့အခါမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနဲ့အဖွဲ့က လိုလိုလားလားနဲ့ပဲ ဒီကိစ္စကို ပူးပေါင်းဆောင်ရွက်ပါ့မယ်၊ ပုံစံတကျဖြစ်အောင် ဆောင်ရွက်ပါ့မယ်ဆိုတဲ့ ကတိရခဲ့တယ်။

ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေကိုလည်း ကျွန်တော်တို့ ချမှတ်နိုင်ခဲ့တယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ တွေ့ဆုံမှုဖြစ်ပါတယ်။ နောက်ပြီး နှစ်နိုင်ငံမှာ ဆောင်ရွက်ရမယ့် အချက်တွေကိုလည်း ဆွေးနွေးပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တာ ရှိပါတယ်။ အဓိကကတော့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာနဲ့ ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်မယ်ဆိုတဲ့အဖြေကို လက်တွေ့ရခဲ့တယ်။

နောက်ပြီးတော့ နှစ်နိုင်ငံဆောင်ရွက်ရမယ့် ကိစ္စလေးတွေလည်း ကျွန်တော်တို့ ဆွေးနွေးပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တယ်။ အဓိကကတော့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်မယ်ဆိုတာ ဒီနေ့အဖို့ လက်တွေ့ရခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားရေးဝန်ကြီးနဲ့ ဦးဆောင်ပြီး ဆွေးနွေးတဲ့ပွဲမှာ ကျွန်တော်တို့ဘက်က ဖြစ်နေတဲ့၊ ကြုံတွေ့နေရတဲ့ အခက်အခဲပေါ့၊ ဒါတွေအကုန်လုံးကို ကျွန်တော်တို့ ရှင်းပြနိုင်ခဲ့တယ်။

ဒါတွေအကုန်လုံးကိုလည်း တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအနေနဲ့ ပူးပေါင်းကူညီမယ်။ ပူးပေါင်းကူညီမယ့် နည်းလမ်းတွေကိုလည်း ပြောပြလိုက်တယ်။ ကျွန်တော်တို့နဲ့ ညှိနှိုင်းအောင်မြင်ခဲ့တယ်ပေါ့။ ကျွန်တော်တို့ခရီးစဉ်ရဲ့ အောင်မြင်မှုဖြစ်ပါတယ်။

ခြုံငုံပြီးပြောရမယ်ဆိုရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကျွန်တော်တို့လာရောက်တဲ့ရည်ရွယ်ချက်က နှစ်ခုဖြစ်ပါတယ်။ တစ်ခုက ဒုက္ခသည်တွေနဲ့ တိုက်ရိုက်တွေ့ဆုံပြီး သူတို့လိုအပ်ချက်ကို ကျွန်တော်တို့သိမယ်။ ကျွန်တော်တို့ရဲ့ ပြန်လည်လက်ခံတာနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားမှုကို တိုက်ရိုက် သူတို့နဲ့ထိတွေ့ပြီး ပြောနိုင်ဖို့အခွင့်အရေးပေါ့။ ဒါကို ကျွန်တော်တို့ရခဲ့တယ်။

ဒါပေမဲ့ ဒုက္ခသည်စခန်းက ကျယ်ပြန့်လွန်းတော့ အားလုံးကိုတော့ တွေ့ဆုံခဲ့ရတာ မရှိဘူး။ ကျွန်တော်တို့ လိုချင်သလောက် စိတ်တိုင်းကျ လူအများကြီးနဲ့တော့ တွေ့ဆုံခဲ့ရတာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် တွေ့ခဲ့ရတဲ့ လူတွေအပေါ်မှာမှ ကျွန်တော်ထင်တယ်။ အခြားသူတွေနဲ့ တွေ့ရင်လည်း ဒီပုံစံ၊ ဒီအခက်အခဲပဲ ရှိမှာပဲ။

အဓိကကတော့ နှစ်နိုင်ငံ သဘောတူစာချုပ်ထဲမှာပါတဲ့ ပုံစံကို မဖြည့်စွက်ရသေးဘူး။ ဒီပုံစံနဲ့ ပတ်သက်ပြီး သူတို့ မသိသေးဘူးဆိုတာ အဓိကအချက်ဖြစ်နေတယ်။ အဲဒါကို ကျွန်တော်တို့က အစိုးရအဖွဲ့ထဲမှာပါတဲ့ ဝန်ကြီးတွေနဲ့ တွေ့တဲ့အခါ ညှိနှိုင်းပြီး ဝန်ကြီးတွေကလည်း စိတ်ပါလက်ပါနဲ့ တကယ့်ကို ကူညီချင်တဲ့စိတ်၊ ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်နဲ့ ဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်မှုရခဲ့ပါတယ်။ အဲဒီတော့ မကြာခင်မှာပဲ ပြန်လည်လက်ခံမယ့်ကိစ္စကို စနိုင်မယ်လို့ ကျွန်တော်တို့ကတော့ ယုံကြည်တယ်။ အဲဒီအတွက်ကိုလည်း အင်တိုက်အားတိုက် ဆက်လက်ပြီး ပူးပေါင်းကြိုးစားသွားရမှာ ဖြစ်ပါတယ်။

### ဆက်စပ်နေ

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်နေပါတယ်။ တရားဥပဒေစိုးမိုးရေးကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်နေပြီး ၎င်းနဲ့အတူ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ ဆက်စပ်နေတယ်။ တည်ငြိမ်အေးချမ်းဖို့ တရားဥပဒေစိုးမိုးမှု ရှိရမယ်။

အဲဒီပုံစံလိုပဲ ရခိုင်ဒေသမှာလည်း တရားဥပဒေစိုးမိုးမယ်၊ တည်ငြိမ်အေးချမ်းမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်လာမှာပဲ ဖြစ်ပါတယ်။ အခုဖြစ်ပွားခဲ့တဲ့ ကိစ္စတွေကို ပြန်စဉ်းစားလိုက်မယ်ဆိုရင် ဒါတွေအားလုံးဟာ ပဋိပက္ခတွေဖြစ်တယ်။ တိုးတက်မှုတွေ ဆုံးရှုံးတယ်။ ဒါဟာ တစ်နေရာမှာဆုံးရှုံးရင် တစ်နိုင်ငံလုံးမှာ ထိခိုက်တာပဲ၊ ဒါကို ဆုံးရှုံးတယ်လို့ ပြောနိုင်ပါတယ်။

### အားလုံးပူးပေါင်း

နောက်ပြီး ရခိုင်ပြည်နယ်အရေးဟာ နိုင်ငံတကာနဲ့ ဆက်စပ်နေတဲ့အတွက်ကြောင့် ရခိုင်အရေးမှာ ဆုံးရှုံးရင် နိုင်ငံတကာမှာ ဆုံးရှုံးတာနဲ့တူနေပါတယ်။ ဒါကြောင့် နိုင်ငံတကာမှာလည်း အရှုံးမရှိရအောင် တိုင်းပြည်မှာလည်း တကယ်အရှုံးမရှိဘဲနဲ့ အောင်မြင်မှုတွေရအောင် အားလုံး ပူးပေါင်းဆောင်ရွက်ရမှာပါ။

ဒါကြောင့် ကျွန်တော်တို့အစိုးရက မှန်ကန်တဲ့ စိတ်ရင်းစေတနာနဲ့ မှန်ကန်တဲ့လမ်းစဉ်၊ ဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးမှုတွေလည်းဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုတွေလည်းရရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီလို ကြိုးစားဆောင်ရွက်ခြင်းဟာ တစ်နိုင်ငံလုံး တိုးတက်ဖွံ့ဖြိုးမှုကိုဦးတည်ပြီး ရခိုင်ဒေသကို ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာကို ပြည်သူတွေက သဘောပေါက်ပြီး ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်ရင် ကောင်းမှာဖြစ်ပါတယ်။ အခုလည်း ပူးပေါင်းဆောင်ရွက်နေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့လည်း တည်ငြိမ်အေးချမ်းအောင် ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**
**(UEHRD ညှိနှိုင်းရေးမှူးချုပ်)**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ကျွန်တော်တို့ နှစ်နိုင်ငံသဘောတူညီချက် လက်မှတ်ရေးထိုးထားတာက ၂၀၁၇ ခုနှစ် နိုဝင်ဘာလက ထိုးခဲ့ပြီး ဇန်နဝါရီ ၂၃ ရက်မှာ ပြန်လည်လက်ခံဖို့

စာမျက်နှာ ၁၁ သို့ »»

## ရခိုင်ပြည်နယ်သတင်းများ


ပြန်လည်ဝင်ရောက်လာသူများအား NV(National Verification) ကတ်ပြားများ ဆောင်ရွက်ပေးစဉ်။


ပြန်လည်ဝင်ရောက်လာသူများအား ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။


ပြန်လည်ဝင်ရောက်လာသူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။


ပြန်လည်ဝင်ရောက်လာသူများအား NV ကတ်ပြားများ ပြုလုပ်ပေးပြီးနောက် တွေ့ရစဉ်။

**❖ တောင်ပြိုလက်ဝဲမှ**

နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဥက္ကာကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုသော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးအား မောင်တောမြို့ပေါ်ရှိ ၎င်းတို့၏ ဆွေမျိုးများအိမ်၌ ယာယီနေရာချထားပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာစဉ် ကြုံတွေ့ခဲ့ရသည့်အခက်အခဲများ၊ အခြားမိသားစုဝင်များ၏ အခြေအနေမှန်ကို တွေ့ဆုံမေးမြန်းပြီး ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုနိုင်မည့်အချက်များကို ဆက်လက်စုံစမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ဦး၊ တင်စိုး**



## မဟာသင်္ကြန်အကြတ်နေ့ စစ်တွေမြို့၌ ကြိတ်ကြိတ်တိုးစည်ကား

**စစ်တွေ ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ပေါ်ရှိ မဏ္ဍပ်များ၌ ရေကစားကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပြီး မဏ္ဍပ်များသို့ မော်တော်ယာဉ်၊ သုံးဘီးယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်၍ ရေကစားလျက်ရှိကြသည်။

ရေကစားကြသူ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြသည်။

ထို့ပြင် ဗဟိုမဏ္ဍပ်နှင့် သင်္ကြန်ရေကစားမဏ္ဍပ်များတွင် ရခိုင်အဆိုတော်များက ပရိသတ်အကြိုက်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မြောက်ဦးမြို့ရှိ မဏ္ဍပ်များ၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် အထူးစည်ကား

**မြောက်ဦး ဧပြီ ၁၅**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)တွင် မြောက်ဦးမြို့နယ်ရှိ ရေကစားမဏ္ဍပ်များ၌ ရေကစားခြင်း၊ ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



မြောက်ဦးမြို့နယ်ရှိ သင်္ကြန်မဏ္ဍပ်များ၌ ဒေသခံပြည်သူများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသည့် စေတနာရှင်ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်များတွင် ဒေသခံပြည်သူများ ပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် ရခိုင်ရိုးရာ သင်္ကြန်သီချင်းကောင်းများဖြင့် ကပြဖြေဖျော်ခြင်း၊ ခေတ်ပေါ်တေးဂီတ၊ တေးသီချင်းမျိုးမျိုးကွဲကွဲများဖြင့် ကပြဖျော်ဖြေရာ ရေပက်ခံထွက်သူများက ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ ထို့အပြင် မြောက်ဦးမြို့သို့ နီးစပ်ရာမြို့နယ်များဖြစ်သည့် ကျောက်တော်၊ မင်းပြားနှင့် မြေပုံမြို့နယ်တို့မှ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များနှင့် လာရောက်ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာ မဟာသင်္ကြန်(အကြတ်နေ့)တွင် ပျော်ရွှင်စွာ ရေကစားကြသည့် မှတ်တမ်းဓာတ်ပုံများ



ကလေးမြို့ *ချင်းတွင်းသား*



ညောင်ဦးမြို့ *ရဲဝင်းနိုင်(ညောင်ဦး)*



မိတ္ထီလာမြို့ *ချမ်းသာ(မိတ္ထီလာ)*



စဉ့်ကိုင်မြို့ *မြို့နယ်(ပြန်/ဆက်)*



ရန်ကုန်မြို့ အလုံမြို့နယ် *တင်မောင်ဦး(အလုံ)*



သံဖြူဇရပ်မြို့ *ကျော်ဝင်း(ပြန်/ဆက်)*

**စာမျက်နှာ ၉ မှ »»**

ညွှန်ကြားထားတဲ့အတွက် ကျွန်တော်တို့က လက်ခံနိုင်အောင် အမျိုးမျိုးကြိုးစားတယ်။ အဆင်သင့်လည်း အတော်လေး ဖြစ်နေတယ်။ ဒါပေမဲ့ အခုက အချိန်က ရွှေ့လာတယ်။ နောက်တစ်ခုက မကြာခင် မိုးကလည်းလာတော့မယ်။ ကျွန်တော်တို့ အနေနဲ့က မိုးကျရင် ဟိုဘက်မှာလည်း အခက်အခဲရှိသလို ဒီမှာ နေရတဲ့သူတွေအတွက်လည်း စိန်ခေါ်မှုတွေက အတော်ရှိပါတယ်။ အဲဒါတွေကို ကျော်လွှားနိုင်အောင် အမြန်ဆုံးတော့ ဖြစ်စေချင်တယ်။ အမြန်ဆုံးဖြစ်ရုံတင်မကဘူး မှန်ဖို့လည်းလိုတယ်။

**မျှော်လင့်**

တစ်ချိန်တုန်းက ဖြစ်ခဲ့သလို မြန်တော့မြန်တယ်၊ မှားတာမျိုးမဖြစ်သင့်ဘူး။ အဲဒီတော့ မှန်အောင်လုပ်ပြီး နှေးတာမျိုးလည်း မဖြစ်သင့်ဘူး။ အဲဒီလောက်နှေးတာ မျိုးကိုလည်း ကျွန်တော်တို့က လက်မခံနိုင်ဘူး၊ အဲဒါကြောင့် ကျွန်တော်တို့က မြန်လည်းမြန်ရမယ်၊ မှန်လည်းမှန်ရမယ် ဆိုတဲ့ အယူအဆတစ်ခုနဲ့ ကြိုးစားနေတာ ဖြစ်တယ်။ အခုလို နှစ်နိုင်ငံ တိုင်ပင်ညှိနှိုင်းပြီးတဲ့အခါမှာ ဒါတွေအားလုံးဟာ



**အာဇီးမူလား (ကော့ခ်ဘဇားနေရပ်စွန့်ခွာသူများစခန်းတွင် နေထိုင်သူ)**

အကောင်အထည်ပေါ်လာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

**အာဇီးမူလား**
**(ကော့ခ်ဘဇားနေရပ်စွန့်ခွာသူများစခန်းတွင် နေထိုင်သူ)**

ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်ဖို့အတွက် ပုံစံတွေ မရသေးပါဘူး။ ကျွန်တော်တို့ကို ဆန်အပါအဝင် ထောက်ပံ့မှု အချို့ရဖို့အတွက် ကျား၊ မ ဘယ်လောက် စာရင်းကောက် တာတွေတော့ ရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို ပြန်ဖို့အတွက် ဘာပုံစံမှ လာကောက်တာ မရှိသေးပါဘူး။

# သင်္ကြန်အကျနေ့တွင် မှုခင်း ၂၆ မှုဖြစ်ပွား ခြောက်ဦး သေဆုံးပြီး ၆၀ ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၅**

ယခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန် ပွဲတော်(အကျနေ့)တွင် မြန်မာပြည် တစ်ဝန်း မှုခင်း ၂၆ မှုဖြစ်ပွားခဲ့၍ လူခြောက်ဦးသေဆုံးပြီး ၆၀ ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ထို့အတူ သင်္ကြန်အကြိုနေ့က လည်း မှုခင်း ငါးမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာ ရရှိခဲ့ကြောင်းသိရသည်။

သင်္ကြန်ကာလ နှစ်ရက်အတွင်း မှုခင်း ၃၁ မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦး သေဆုံးခဲ့ပြီး ၆၉ ဦး ဒဏ်ရာရရှိခဲ့ သည်။ အဆိုပါ သေဆုံးမှုများမှာ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရ သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံအနေဖြင့် ဆုန်ကရန်ခေါ် သင်္ကြန်ပွဲတော် သုံးရက်အတွင်း ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၈၃ ဦး သေဆုံးကာ ၁၉၃၄ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန၏ မေ ၁၄ ရက်က ထုတ်ပြန်ချက်အရ သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# မြိုင်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၈ လုံးနှင့် ဓမ္မာရုံတစ်လုံး ပျက်စီး

**မြိုင် မေ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဝက်ကျကျေးရွာအုပ်စု ကျောက်ဖူးကျေးရွာတွင် မေ ၁၄ ရက် ည ၁၀ နာရီ ၅၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၈ လုံးနှင့် ဓမ္မာရုံတစ်လုံး သွပ်မိုးအချို့ လွင့်လန်ပျက်စီး ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ရာကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ထန်လျှန်မန်းနှင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သီဟနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦးတို့သည် မေ ၁၅ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်ခံရသည့် အိမ်များနှင့် ဓမ္မာရုံသို့ လည်းကောင်း၊ သောက်ရေတွင်း သုံးတွင်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး သောက်သုံးရေ အခက်အခဲမရှိစေရန်နှင့် လေပြင်းတိုက်ခတ်ဒဏ် ခံရသည့် ပြည်သူများအား အားပေးစကား ပြောကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးကြသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် ပျက်စီးအိမ်များမှ မိသားစုဝင် များအနေဖြင့် နေရာပြောင်းရွှေ့မနေကြဘဲ မိမိတို့ နေအိမ်တွင်သာ ပြန်လည်ပြုပြင်၍ နေထိုင်လျက်ရှိကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# သန်လျင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**

မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မေ ၁၄ရက် ညနေ ၅နာရီခွဲတွင် သန်လျင်မြို့နယ် Excel River View Hotel အခန်းအမှတ်(၅၀၅)ကို ရှာဖွေရာ အခန်းအတွင်း ချိုလက်ာလွင် နှင့် ဇွန်ပွင့်ဖြူတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ် ဆေးပြား ၃၂၀၀၀၊ အိုက်စ် ၇၅ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ချိုလက်ာလွင်နှင့် ဇွန်ပွင့်ဖြူတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ကျောက်ပန်းတောင်းမြို့နယ်တွင် ခရီးသည်တင်ယာဉ် တိမ်းမှောက်

**ကျောက်ပန်းတောင်း မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေး ရပ်ကွက် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းပေါ်၌ မေ ၁၅ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး အုတ်ခုံကို တိုက်မိကာ လမ်းဘေးရေမြောင်းအတွင်း ထိုးကျတိမ်းမှောက်မှုဖြစ်ပွား ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဝင်းဇော်ဟိန်း တာဝန်မှူးအဖြစ် ဆောင်ရွက်နေစဉ် ကျောက်ပန်းတောင်းမြို့ မြို့မရဲစခန်းနှင့် ငါးဖာလုံခန့်အကွာ ကျောက်ပန်းတောင်း-ပုပ္ပားလမ်း ရောင်ခြည် စတိုးရှေ့တွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရဲမင်းထွန်း အသက်(၂၅)နှစ် စံပြမြို့သစ် ချောက်မြို့နေသူ မောင်းနှင်သည့် ခရီးသည်တင်ယာဉ်သည် ကျောက်ပန်းတောင်း မှ ပုပ္ပားသို့အသွား ရောင်ခြည်စတိုးဆိုင်ရှေ့ အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လွတ်လပ်ရေးရပ်ကွက် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းမ ယာဘက်ဘေး အုတ်ခုံအား ဝင်တိုက်မိကာ လမ်းဘေးရေမြောင်းအတွင်း ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် ယာဉ်မောင်းပါ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၄ ဦးတို့မှာ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြသဖြင့် ကျောက်ပန်းတောင်းပြည်သူ့ ဆေးရုံသို့လွှဲပို့၍ ဆေးကုသမှုခံယူစေခဲ့ကြောင်း သိရပြီး သေဆုံးသူမရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် ယာဉ်မောင်းအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်သွားရန်စီစဉ်လျက် ရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# အရာတော်မြို့နယ်တွင် ယာဉ်တိမ်းမှောက်မှုကြောင့် လူ ၃၀ ဒဏ်ရာရ

**မုံရွာ မေ ၁၅**

လူဦးရေ ၄၀ ခန့်ပါ ခြောက်ဘီးယာဉ်တစ်စီးသည် မေ ၁၄ ရက် သင်္ကြန် အကျနေ့ နံနက် ၁၀ နာရီခန့်က အရာတော်-မုံရွာကားလမ်း မိုင်တိုင်(၂၄/၄) နှင့်(၂၄/၅)အကြား တိမ်းမှောက်ရာ လူ ၃၀ ခန့် ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အရာတော်မြို့နယ် ခမြင့်ကျေးရွာအနီး ရွှေဘို-အရာတော်-မုံရွာကားလမ်း မိုင်တိုင်(၂၄/၄)နှင့်(၂၄/၅)အကြား ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အရာတော်မြို့မရဲစခန်းမှ ဒုရဲအုပ် ရဲဘုန်းအောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ရွှေဘိုဘက်မှ မုံရွာဘက်သို့ သင်္ကြန်လည်ရန် အရာတော်မြို့နယ် ကဲဘာရွာနေ ရဲနိုင် မောင်းလာသော ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် အရာတော်မြို့နယ် ကဲဘာကျေးရွာနေ လူငယ် ၄၀ အနက် ၃၀ မှာ ဒဏ်ရာအသီးသီးရရှိခဲ့သောကြောင့် အရာတော် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသခံလျက်ရှိပြီး တိမ်းမှောက်ယာဉ်မှာ ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား အရာတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိရာ လတ်တလောတွင် ယာဉ်မောင်းမှာ ဆေးကုသမှုခံယူနေသဖြင့် ဖမ်းဆီးစစ်ဆေးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၅**


**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**


လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့သည်။

**ထူးခြားသည့် နေ့အပူချိန်များ**မှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထီးလင်းမြို့တွင် သုည ဒသမ ၈၇ လက်မ၊ မချမ်းဘောမြို့တွင် သုည ဒသမ ၆၇ လက်မ၊ ပူတာအို မြို့တွင် သုည ဒသမ ၄၇ လက်မနှင့် လားရှိုးမြို့တွင် သုည ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **ကြေးမုံ**



# မိုက်ကယ်အိုလီဗာကို မတောင်းပန်နိုင်ဟု ဘူဖွန်ပြောကြား



ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲမှ အငြင်းပွားဖွယ်အခြေအနေဖြင့် ထွက်ခွာခဲ့ရပြီးနောက် ဂျူဗင်တပ်ဂိုးသမား ဘူဖွန်က အဆိုပါပွဲစဉ်ကို ကိုယ်တွယ်ခဲ့သည့် ဒိုင်ဖြစ်သူ မိုက်ကယ်အိုလီဗာကို သူ့အနေဖြင့် တောင်းပန်မည်မဟုတ်ကြောင်း ဖွင့်ဟသွားခဲ့သည်။

ဂျူဗင်တပ်သည် ပထမအကျော့အိမ်ကွင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းကို သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် ဂျူဗင်တပ်အသင်းက ရီးယဲလ်ကို ပွဲချိန်မိနစ် ၉၀ အတွင်း သုံးဂိုးပြန်သွင်းနိုင်ခဲ့သည်။ သို့သော် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် အင်္ဂလန်ဒိုင် မိုက်ကယ်အိုလီဗာက ရီးယဲလ်အသင်းဘက်ကို ပင်နယ်တီခွင့်ပြုပေးခဲ့ရာ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက အမှားအယွင်းမရှိကန်သွင်းပြီး ရီးယဲလ်အသင်းကို ဆီမီးဖိုင်နယ်သို့ တက်ရောက်စေခဲ့သည်။

ရီးယဲလ်ကို ပင်နယ်တီခွင့်ပြုခဲ့ခြင်းအတွက် ဂျူဗင်တပ်အသင်းခေါင်းဆောင် ဘူဖွန်က ဒေါသပေါက်ကွဲခဲ့ရာ ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ယင်းပင်နယ်တီကြောင့် ဝေဖန်မှုများစွာ ဖြစ်ပေါ်စေခဲ့ပြီး မာရာဒိုနာကဲ့သို့ ဂန္ထဝင်ကစားသမားကပင် ယင်းမှာ ပင်နယ်တီပေးရမည့် ပြစ်ဒဏ်မျိုး မဟုတ်ကြောင်း ဆိုခဲ့သလို ဘောလုံးအရေး ကျွမ်းကျင်သူများက ဂျူဗင်တပ်အသင်း ဂိုးခားပြတိုက်ခံရခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။

ယင်းကိစ္စရပ်နှင့်ပတ်သက်ပြီး ဘူဖွန်ကို လာလီနီသတင်းဌာနက မေးမြန်းခဲ့ရာ "ဒါကို ကျွန်တော် ပြင်ဆင်ဖို့ ဆန္ဒမရှိပါဘူး။ ကျွန်တော်က ပြင်းထန်တဲ့ စိတ်ဆန္ဒ၊ သဘောထားနဲ့ ဒေါသရှိတတ်တဲ့ လူသားတစ်ယောက်ပါ။ ဒီလို စိတ်ဆန္ဒပြင်းထန်တဲ့ လူတစ်ယောက်က သူတော်ကောင်းယောင်ဆောင်ပြီး ကိုယ့်ခံစားချက်ကို ဖုံးဖိဖို့ မကြိုးစားနိုင်ပါဘူး"ဟု ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘူဖွန်က မိုက်ကယ်အိုလီဗာ၏ အနာဂတ်ကောင်းမွန်စေရန် ဆန္ဒရှိကြောင်း ဆိုခဲ့သော်လည်း အသက်(၃၃)နှစ်သာ ရှိသေးသည့် မိုက်ကယ်အိုလီဗာမှာ လုံလောက်သည့် အတွေ့အကြုံမရှိသေးသော ငယ်ရွယ်လွန်းသည့် ဒိုင်ဖြစ်ကြောင်း ဆိုခဲ့သည်။ အသက်(၄၀)အရွယ် ဘူဖွန်မှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အနားယူမည်ဟု သတင်းထွက်နေပြီး အဆိုပါ ကွင်းတွင်းအပြုအမူက သူ၏ နောက်ဆုံး ချန်ပီယံလိဂ်ဖလား မျှော်လင့်ချက်ကို ဖျက်ဆီးခံခဲ့ရခြင်းကြောင့် ဖြစ်နိုင်ကြောင်း အားကစားသတင်းဌာနများက အသားပေးကာ ဖော်ပြခဲ့ကြသည်။



© Bagu Blanco/REX/Shutterstock

# လေ့ကျင့်ရေးကွင်းတွင် ကြိုးစားလုပ်ဆောင်ပါက ပေါ့ဘာ ခြေစွမ်းပိုမိုကောင်းမွန်လာမည်ဟု မော်ရင်ဟို ရှုမြင်

မန်ယူကွင်းလယ်လူ ပေါ့ဘာအနေနဲ့ ပွဲစဉ်တစ်ပွဲနဲ့ တစ်ပွဲကြား လေ့ကျင့်ရေးကွင်းမှာ ပိုမိုကြိုးစားလုပ်ဆောင်မယ်ဆို တည်ငြိမ်ကောင်းမွန်တဲ့ ခြေစွမ်းကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ကြောင်း နည်းပြ မော်ရင်ဟိုက ပြောကြားလိုက်ပါတယ်။ မော်ရင်ဟိုရဲ့ အမြင်မှာတော့ ပေါ့ဘာဟာ တစ်ပွဲနဲ့ တစ်ပွဲ ခြေစွမ်းတည်ငြိမ်မှု မရှိတာဟာ လေ့ကျင့်ရေးကွင်းမှာ ယခုထက် ပိုပြီး အားစိုက်ဖို့ လိုအပ်နေတယ်ဆိုတာကို သက်သေပြနေတယ်လို့ ယူဆတာပါ။

ပေါ့ဘာဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က မန်စီးတီးအသင်းကို အဝေးကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ ပွဲစဉ်တုန်းက မန်ယူအတွက် အရေးပါတဲ့ ချေပဂိုးနှစ်ဂိုးကို နှစ်မိနစ်သာ ခြားပြီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟိုက "တည်ငြိမ်တဲ့ ခြေစွမ်းကို ရဖို့ သူ့ကိုယ်သူ စိန်ခေါ်ရမှာဖြစ်ပါတယ်၊ မန်စီးတီးနဲ့လို တကယ့်ပွဲကောင်းမှာ ပြသခဲ့တဲ့ သူ့ရဲ့ ခြေစွမ်းကို တည်ငြိမ်အောင် ထိန်းထားနိုင်ဖို့ လိုပါတယ်၊ သူ့အနေနဲ့ ရက်သတ္တပတ်အတွင်း ကြိုးစားလုပ်ဆောင်ရင် ဒီလိုခြေစွမ်းကို အမြဲ ထိန်းထားနိုင်မှာပါ" လို့ သူ့အမြင်ကို ပြောခဲ့တာဖြစ်ပါတယ်။

မေလဲ့သင်း - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ❖ မန်စီးတီးအသင်းသည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး မက်ပီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။
- ❖ ချယ်လ်ဆီးအသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ရောဘတ်တိုလီဝန်ဒိုစကီးအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- ❖ မန်ယူအသင်းသည် လက်စတာစီးတီးအသင်းမှ အင်္ဂလန်နောက်တန်းကစားသမား ဟယ်ရီမာကီးယားအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ❖ ဂျူဗင်တပ်အသင်းသည် မန်ယူအသင်းမှ အီတလီနောက်တန်းကစားသမား ဒါမီယန်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# ဘာစီလိုနာအသင်း လိဂ်ပြိုင်ပွဲတွင် ၃၉ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်

ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပြိုင်ပွဲမှာ ဗလင်စီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးတဲ့နောက် လိဂ်ပြိုင်ပွဲတွေမှာ ၃၉ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အီတလီစီးရီးအေကလပ် ရိုးမားအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-လေးဂိုးဖြစ်ခဲ့သော်လည်း အဝေးဂိုးစည်းမျဉ်းအရ ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ်ကို ကျောခိုင်းခဲ့ရတာပဲဖြစ်ပါတယ်။

အဲဒီလို ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပေမယ့် ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံဖို့ နီးစပ်နေပြီလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့ပြီးတဲ့နောက်မှာ စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ရမှတ် ၈၂ မှတ်နဲ့ ဦးဆောင်ထားနိုင်ခဲ့တာဖြစ်ပြီး ဒုတိယနေရာက အက်သလက်တီကိုမက်ဒရစ်အသင်းကို ၁၄ မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာပဲဖြစ်ပါတယ်။

လက်ရှိမှာတော့ ဘာစီလိုနာအသင်းဟာ ပွဲစဉ် ၃၂ အပြီးမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေသလို ဆုဖလားရရှိဖို့လည်း နီးစပ်နေခဲ့ပြီဖြစ်ပါတယ်။



© Getty Images

ဘာစီလိုနာအသင်းနဲ့ ဗလင်စီယာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ လာလီဂါပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး ဆွာရတ်ဇ်က ပွဲကစားချိန် ၁၅ မိနစ်မှာ သွင်းယူခဲ့သလို အမ်တီတီကလည်း ပွဲကစားချိန် ၅၁ မိနစ်မှာ သွင်းယူခဲ့တာဖြစ်ပါတယ်။ ဗလင်စီယာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပါရီဂျိုက ပွဲကစားချိန် ၈၇ မိနစ်မှာ ပင်နယ်တီကနေသွင်းယူခဲ့တာဖြစ်ပါတယ်။

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၏ မြတ်ဗုဒ္ဓဆံတော် ပြည်တော်ပြန်ပင့်ဆောင်မည်

**ရန်ကုန် မေ ၁၅**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၏ ဌာပနာတော်တိုက်အတွင်းမှ မြတ်ဗုဒ္ဓဆံတော်မြတ်အား မေ ၁၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ မှစ၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဂိုဏ်းပေါင်းစုံ သံဃာအပါး ၄၅၀၀ တို့ဖြင့် ဦးဆောင်၍ ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်း၊ သိမ်ဖြူလမ်း၊ ကန်ရိပ်သာလမ်း၊ နတ်မောက်လမ်း၊ ဗဟန်းကြားတောရလမ်းအတိုင်း(ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်)ခြေကျင် ပြည်တော်ဝင် ပင့်ဆောင် အပူဇော်ခံမည်ဖြစ်ပြီး မေ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၃၄ မိနစ်တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်သို့ အထက်ဖော်ပြပါ လမ်းကြောင်းအတိုင်း ပြည်တော်ပြန်ပင့်ဆောင်မည်ဖြစ်ပါ၍ ယာဉ်မောင်းနှင်သူများအနေဖြင့် သတိပြုမောင်းနှင်ခြင်းဖြင့် ကူသိုလ်ယူကြပါရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက သတိပေးနှိုးဆော်ထားသည်။

**ကြေးမုံ**

# အင်းစိန်မြို့နယ်၌ ပျော်ပွဲရေးနှင့် ရေကစားသူများဖြင့် စည်ကား

**ရန်ကုန် မေ ၁၅**




ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မဟာသင်္ကြန်ပျော်ပွဲရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် မွန်းလွဲ ၂ နာရီ သင်္ကြန်အကြိုနေ့တွင် ကျင်းပရာ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက နှစ်သစ်ဆုတောင်း မင်္ဂလာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ မြို့နယ်တရားသူကြီး ဦးညီညီ၊ အင်းစိန်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ယိမ်းအကအဖွဲ့များ၊ ပြည်သူများ၊ တေးဂီတဖျော်ဖြေရေးအဖွဲ့များဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ရေကစားကြကြောင်း သိရသည်။

သင်္ကြန်အကျနေ့နှင့် သင်္ကြန်အကြတ်နေ့များတွင် အင်းစိန်မြို့နယ် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၌ တေးဂီတဖျော်ဖြေရေးနှင့် ယိမ်းအကအဖွဲ့များ၊ ရေကစားကြသူများ၊ ရေပက်ခံသူများနှင့် သုံးရက်အတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ရွှေရင်အေး၊ မုန့်လုံးရေပေါ် စတုဒိသာကျွေးခြင်းများဖြင့် အင်းစိန်မြို့မဈေးကြီးရှေ့ လှိုင်မြစ်လမ်း တစ်လျှောက် စည်ကားနေသည်ကို တွေ့ရသည်။

**ဉာဏ်ဟိန်း**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၈)အား အသွင်သစ်ဖြင့် ဆက်လက်ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အတွဲ(၁၅)၊ အမှတ်(၇)မှစ၍ အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ထုတ်ဝေလျက်ရှိရာ ၁၅-၄-၂၀၁၈ ရက်နေ့ထုတ် အတွဲ(၁၅)၊ အမှတ်(၈)တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့်နိုင်ငံတကာ၊ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသ စုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**ဧပြီလ ၁၅ ရက်နေ့တွင် ထွက်ရှိမည့် ဒို့ကျေးရွာ ဂျာနယ်တွင်**

- ကျေးလက်ဒေသ လူမှုစီးပွားရေးနှင့် တစ်နိုင်မွေးမြူရေးလုပ်ငန်း
- လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် တောင်သူလယ်သမားများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်
- လယ်ယာမြေဖျက်စီးမှုများက တိရစ္ဆာန်ဘေးကင်းလုံခြုံရေးအတွက် ခြိမ်းခြောက်
- ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်ပတ်သက်၍ လုပ်ငန်းစိစစ်ရေးအဖွဲ့များ ကွင်းဆင်းဆောင်ရွက်
- ကျန်းမာချမ်းသာ ကိုယ်စိတ်မြဲစေကြောင်း ဆောင်းပါး
- ဝိတောက်အလှနှင့် တန်ခူးလသင်္ကြန်ခါ ဆောင်းပါး
- ပန်းပွင့်ကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံးသောအပင်များ ဆောင်းပါး
- စမုန်နွမ်းစိုက်ပျိုးခြင်းအကြောင်း သိကောင်းစရာ
- မဲခေါင်ဒေါက်နိုင်ငံ စီးပွားရေးရင်းနှီးမြှုပ်နှံမည့် စီမံကိန်းများ မြန်မာသဘောတူ
- မုက္ခာဆည်ရေတံခွန်နှင့် ဆင်စခန်းတွင် ခရီးသွားပြည်သူများစည်ကား
- အိန္ဒိယ-မြန်မာ ပူးပေါင်းအစီအစဉ်ဖြင့် မျိုးစေ့ချကိရိယာနှင့် ခါတ်မြေပြေဇာချကိရိယာများ လှူဒါန်းခြင်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် နိုင်ငံတကာ၊ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ၊ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည်တို့ကို စုံစုံလင်လင်ဖတ်ရှုရမည် ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

# တောင်ပေါ်ကျေးရွာများ သောက်သုံးရေဖူလုံစေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**တာချီလိတ် မေ ၁၅**

တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မိမိတို့မြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ ရာသီမရွေး သောက်သုံးရေဖူလုံစေရေးအတွက် မေ ၁၂ ရက် နံနက် ၈ နာရီက မြို့နယ်ဦးစီးမှူး ဦးဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် မိုင်းကိုး၊ နားယောက်၊ မိုင်းဟဲ၊ မိုင်းလင်းစသည့် ကျေးရွာအုပ်စုလေးအုပ်စုအတွင်းရှိ ကျေးရွာ ၂၁ ရွာအား စတင်ကွင်းဆင်းပြီး ရေရရှိနိုင်မည့် နယ်မြေအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက မိမိတို့ကျေးရွာနေရာဒေသအလိုက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သောက်သုံးရေ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာများအတွက် ဆောင်ရွက်ပေးမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရေစီမံချက်သည် ကျေးရွာအများသုံး ဂါလန် ၅၀၀၀ ဆံ့ရေကန်များ ဆောက်လုပ်ပေးမည့်အပြင် အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းများပါ တစ်ဆက်တည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ကျေးရွာတာဝန်ရှိသူများက ရေကန်တည်ဆောက်မည့် နေရာများအပြင် ရေထွက်အားကောင်းမွန်သည့် စိမ့်စမ်းချောင်းများကိုပါ လိုက်ပါရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**သက်မောင်**

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA)ချေးငွေဖြင့် ဆောင်ရွက်သော တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ဒေသထွက်ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါထုတ်ယူနိုင်သည့်ရက် | - | ၂၀-၄-၂၀၁၈(သောကြာနေ့) |
| နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၄-၅-၂၀၁၈(သောကြာနေ့)၊ (၁၆း၀၀)နာရီ |
| တင်ဒါဖွင့်မည့်ရက် | - | ၉-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့)၊ (၁၁း၀၀)နာရီ |
| ဆက်သွယ်ရန်တယ်လီဖုန်း | - | ၀၅၃-၂၈၅၃၃ |
| တင်ဒါပေးပို့ရမည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ် |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် (၂၀-၄-၂၀၁၈)ရက်မှ (၄-၅-၂၀၁၈)ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA)ချေးငွေဖြင့် ဆောင်ရွက်သော တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော အဆင့်မြင့်ဒီဇယ်ဆီ(ပရီမီယံ)၊ တာယာနှင့်ကျွတ်၊ ဘက်ထရီနှင့် သံချောင်းလုံးများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါထုတ်ယူနိုင်သည့်ရက် | - | ၂၀-၄-၂၀၁၈(သောကြာနေ့) |
| နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၄-၅-၂၀၁၈(သောကြာနေ့)၊ (၁၆း၀၀)နာရီ |
| တင်ဒါဖွင့်မည့်ရက် | - | ၉-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့)၊ (၁၁း၀၀)နာရီ |
| ဆက်သွယ်ရန်တယ်လီဖုန်း | - | ၀၅၃-၂၈၅၃၃ |
| တင်ဒါပေးပို့ရမည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ် |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် (၂၀-၄-၂၀၁၈)ရက်မှ (၄-၅-၂၀၁၈)ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**iGREEN**
**PAE ဖြင့် ဆောက်လုပ်ပေးမည်**
09 784 060 602
igreen.qs6@gmail.com

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း မူလတန်းဆင့်သင်ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် အခမဲ့ ထောက်ပံ့ပေးရန် လိုအပ်သော ဗလာစာအုပ်များ တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံ သားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့်ဗလာစာအုပ်ဒါဇင်

(က) ၁၅၉၀၀၂ ဒါဇင်

(ခ) တင်ဒါပိတ်မည့်ရက်၊အချိန် - ၂၆-၄-၂၀၁၈ရက်(ကြာသပတေးနေ့)၊ ၁၆း၀၀ နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက်၊အချိန် - ၂၇-၄-၂၀၁၈ရက်(သောကြာနေ့)၊ ၁၀း၀၀ နာရီ

(ဃ) တင်ဒါဖွင့်မည့်နေရာ - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

၃။ တင်ဒါပုံစံများကို ၁၂-၄-၂၀၁၈ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၀၂၈၆၇၁၊ ၀၆၃-၂၀၂၈၃၀၈**
**၀၉-၄၀၁၅၀၉၈၅၉၊ ၀၉-၄၅၈၀၃၂၄၈၂**

## ဦးညီညီသန့်[၉/မထလ(နိုင်)၀၀၈၆၆၆]နှင့် အများသိစေရန်
## အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာဆွေ(THANDAR SWE) [၁၂/ရကန(နိုင်)၀၇၁၉၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းဦးညီညီသန့်တို့သည် ၂၀၀၅ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်က မြန်မာ့ထုံးတမ်းအရ အကြင်လင်မယားအဖြစ် လက်ထပ်ခဲ့ကြပါသည်။ ထိုသို့လက်ထပ်ပြီး နှစ်ဦးစလုံး ဂျပန်နိုင်ငံတွင် အလုပ်လုပ်ခဲ့ကြပါသည်။ ဂျပန်နိုင်ငံတွင် သမီး(၂)ယောက်ထွန်းကားခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် နေထိုင်စဉ်အတွင်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့် ကျွန်ုပ်၏မိတ်ဆွေသည် များစွာစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရသည်ဟု သိရှိရပါသည်။

သို့ဖြစ်သည့်အတွက် ၄-၄-၂၀၁၈ရက်တွင် ဂျပန်နိုင်ငံ CHIBA KAN TOMISATO ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လင်မယားကွာရှင်းပြတ်စဲရန်ကိစ္စကို ညှိနှိုင်းရာ လူကြီးမင်းက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးရန် သဘောတူခဲ့သည်ဟု ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ သိရှိရပါသည်။

လူကြီးမင်း၏သဘောတူညီချက် ရရှိပြီးနောက် (၂)ရက်အကြာ ၆-၄-၂၀၁၈ရက်တွင် ဂျပန်နိုင်ငံမှ ရန်ကုန်မြို့သို့ ကျွန်ုပ်မိတ်ဆွေ ပြန်လည်ရောက်ရှိနေပြီဖြစ်ပါသည်။

သို့ဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ပိုင်လွတ်လပ်မှုကို နှောင့်ယှက်ဟန့်တားခြင်းမပြုလုပ်ရန် အသိပေးလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၁၆)**
**တိုက်(၂၇၄)၊ အခန်း(၁၅)၊ အမှတ်(၂)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

# သင်္ကြန်ရေပက်ဖျန်းရာမှ ရရှိလာနိုင်သည့်ရောဂါဆိုးများ

ခင်မောင်အုန်း(ဆေး)၊ပြည်တော်သစ်ရိပ်သာ

ဧပြီလသည် မြန်မာနိုင်ငံ၏ နှစ်သစ်မင်္ဂလာအတာ သင်္ကြန်လဖြစ်သည့်အားလျော်စွာ သင်္ကြန်ရက်များ အတွင်း ပြည်သူအများ ရေပက်ကစားခြင်းဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောကာ နှစ်သစ်မင်္ဂလာအထိမ်းအမှတ်အဖြစ် ချမ်းအေးလန်းဆန်းစေရန် ရည်ရွယ်၍ အောင်ပွဲကျင်းပကြမည်ဖြစ်ပါသည်။

မြန်မာ့ရိုးရာ အစဉ်အလာအရ ငွေဖလားထဲတွင် အေးမြသန့်စင်သောရေကိုထည့်ပြီး အမွှေးနံ့သာတို့ဖြင့် စီမံကာ သပြေခက်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာပက်ဖျန်းကြသူများရှိကြသလို ပိုမိုကြမ်းတမ်းပြင်းထန်သည့်ရေပိုက်များ၊ မီးသတ်ပိုက်များနှင့် ညစ်ညမ်းသောရေများကို အသုံးပြုကာ မဆင်မခြင် အနိုင်ယူပက်ဖျန်းကြသူများရှိသည်ကို နှစ်စဉ်တွေ့ရှိရပေသည်။ အထူးသဖြင့် တွေ့ရှိရသည်မှာ တစ်ဦးကိုတစ်ဦး လျှောင်ပြောင်ဟစ်ကြွေးပြီး သူတစ်ပါးနာကျင် အရှုံးပေးစေရန် ရည်ရွယ်၍ မျက်နှာ၊ ဦးခေါင်းကိုမှ တည့်တည့်မတ်မတ် အရှိန်ပြင်းစွာ ထိုးပက်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ဤသို့ပက်ခြင်းဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ မျက်နှာ၊ ဦးခေါင်း၊ လည်ချောင်းစသည့် နေရာများတွင် ပြင်းထန်သော ရေအရှိန်ကြောင့် ထိခိုက်ဒဏ်ရာရရှိကြသည်ကို နှစ်စဉ် နား၊ နှာခေါင်းနှင့်လည်ချောင်းဌာနများတွင် တွေ့ရပါသည်။

၁။ အများဆုံးတွေ့ရှိရသော ရောဂါတစ်ခုမှာ နားစည်ပေါက်ကွဲခြင်းဖြစ်ပါသည်။ ပြင်းထန်သော ရေပိုက်အရှိန်သည် နားအတွင်း တည့်တည့် (သို့မဟုတ်) သွယ်ဝိုက်၍ ဝင်သွားခြင်းဖြင့် နားစည်ပေါက်ကွဲသွားတတ်သည်။ ခံရသူသည် ချက်ချင်းပင် နားကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နားတွင်းမှ သွေးထွက်ခြင်းများဖြစ်ပြီး မခံမရပ်နိုင်သဖြင့် နီးစပ်ရာ နား၊ နှာခေါင်း၊ လည်ချောင်းဌာနသို့ ချက်ချင်းလာရောက်ကြသည်ကို တွေ့ရပါသည်။ တချို့မှာ ပြင်းထန်လွန်း၍ မူးဝေအော့အန်ပြီး မထနိုင်သည်အထိ ဖြစ်သွားကြသည်။

အကယ်၍ ခံရသည်တွင် နားပြည်ယိုရောဂါကြောင့် အမှေးပါးပေါက်နေပြီး ပြည်ရှိနေလျှင်သော်လည်းကောင်း၊ သို့မဟုတ် ပက်လိုက်သောရေက ညစ်ညမ်းပြီး ရောဂါပိုးပါဝင်နေပါက ဦးနှောက်ထဲသို့ ရောဂါပိုးဝင်ရောက်သွားပြီး အသက်အန္တရာယ်စိုးရိမ်သူများကိုပင် တွေ့ရှိရပါသည်။

ဤသို့မဖြစ်ရင်တောင်မှ အမှေးပါးပေါက်ပြီး နားပြည်ယိုရောဂါဖြစ်သွားသဖြင့် နောက်ဆက်တွဲ နားလေးရောဂါဖြစ်သွားတတ်ကြပါသည်။

ဤကဲ့သို့ အရှိန်ပြင်းထန်စွာ မထိခိုက်ရင်တောင်မှ နားထဲသို့ ရေဝင်သွားခြင်းဖြင့် ရှိရင်းစွဲ နားဖာချေးများပွလာကာ နားကိုက်ခြင်း၊ နားလေးခြင်းဖြစ်သွားတတ်သည်။ တချို့ညစ်ညမ်းသောရေကြောင့် အပြင်နားရောင်ရမ်းရောဂါ ဖြစ်ကာ အချိန်အကြာကြီး ခံရသွားတတ်ပါသည်။ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါအတွက် ခွဲစိတ်ထားသူများ အထူးဂရုစိုက်ကာကွယ်သင့်သည်။

ဤကဲ့သို့ မထိခိုက်စေရန် နားကို မျက်နှာသုတ်ပဝါ၊ ခေါင်းစွပ်စသည်တို့ဖြင့် လုံခြုံအောင် ကာကွယ်ထားရန်အထူး လိုအပ်သည်။

၂။ နားနှင့်ပတ်သက်သော သင်္ကြန်ရောဂါဆန်းတစ်ခုမှာ ရုတ်တရက် မူးဝေပြီး နားတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံးလေးသွားသော ရောဂါဖြစ်ပါသည်။ ဧပြီလသည် အလွန်ပူပြင်းသောလဖြစ်ပါသည်။ တစ်နေကုန် ဦးခေါင်းခွံကို နေရောင်ခြည်ထိခြင်းဖြင့် အရေပြားနှင့် အတွင်းဦးခေါင်း၊ ဦးနှောက်ပါ ပူနေချိန်တွင် ရေပက်မဏ္ဍပ်ရောက်သည့်အခါ အေးမြသောရေများ စိုရွှဲစွာထိလိုက်သောအခါတွင်အတွင်းနားနှင့် ၎င်းမှဦးနှောက်သို့ပို့ပေးသော သွေးကြောများ ရုတ်တရက် ရှုံ့ဝင်သွားကာ ခေါင်းမူးခြင်း၊ ရုတ်တရက် နားတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံးပင် ပြင်းထန်စွာ နားလေးသောရောဂါဖြစ်တတ်ပါသည်။ အလွန်ကြောက်စရာကောင်းပါသည်။ ချက်ချင်း နား၊ နှာခေါင်းအထူးကုဆရာဝန်နှင့် ပြသရင်တောင်မှ ဘယ်လောက်ပင် နောက်ဆုံးပေါ်ဆေးတွေနှင့် ကုသပါစေ၊ တချို့ပြန်လည်ကောင်းလာနိုင်သော်လည်း အများအားဖြင့် နားလေး၊ မူးဝေရောဂါ စွဲကပ်ပြီး ဘဝပျက်သွားသည်အထိ ဖြစ်နိုင်ပါသည်။ ၎င်းထက်ဆိုးရွားစွာပူပြင်းလျှင် အပူလွန် လေဖြတ် Heat Stroke ပင်ဖြစ်တတ်ပါသည်။

ကာကွယ်ရန်နည်းတစ်ခုမှာ ခေါင်းကို လုံခြုံအောင် ဦးထုပ်၊ မျက်နှာသုတ်ပဝါ စသည်များ ဖုံးအုပ်ထားခြင်းဖြင့် တစ်စိတ်တစ်ဒေသ ကာကွယ်နိုင်ပါသည်။ နေအပူရှိန်ပြင်းထန်သော နေ့လယ်အချိန်တွင် အရိပ်ထဲ၌ နားနေသင့်သည်။ ဦးခေါင်းခွံနှင့်ကိုယ်ရေအေးသွားမှ ထပ်မံရေပက်ခံထွက်သင့်သည်။

၃။ ၎င်းနောက် ထိခိုက်ခြင်းဖြင့် ဖြစ်တတ်သောရောဂါတစ်ခုမှာ နှာခေါင်းသွေးယိုခြင်း၊ ကားသွားရင်း ဆောင့်မိသဖြင့် နှာရိုးကျိုးခြင်း ဖြစ်တတ်သည်။ သေချာစွာ ကိုင်တွယ်သတိထားရန်လိုအပ်သည်။ တချို့ တစ်နေကုန်ရေပက်ခံ ထွက်ခြင်းဖြင့် အအေးမိပြီး နှာစေးခြင်း၊ နှာရည်ယိုခြင်း၊ အအေးပတ်ခြင်း ဖြစ်ပြီး နောက်ဆက်တွဲ ထိပ်ကပ်နာပင်ဖြစ်တတ်ပါသည်။ ၎င်းထက် အချိန်ကြာမြင့်စွာ အအေးပတ်လျှင် အဆုတ်ရောင်ရောဂါပင်ဖြစ်တတ်ပါသေးသည်။ အသက်ကြီးရင့်သူများ ပိုမိုဖြစ်တတ်ပါသည်။

၄။ သင်္ကြန်အတွင်း အပျော်လွန်သောရောဂါတစ်ခုမှာ အသံဝင်ခြင်းပင်ဖြစ်သည်။ တစ်ဦးကိုတစ်ဦး အသံကုန်ဟစ်ကြွေးအော်ခြင်း၊ သီချင်းသီဆိုခြင်းများကြောင့် သင်္ကြန်ပြီးသည့်အချိန်တွင် အသံကြောရောင်ရမ်းပြီး အသံဝင် ရောဂါဖြစ်သောလူနာများကို များစွာတွေ့ရပါသည်။ အချို့မှာ အသံကုန်အော်ဟစ်သဖြင့် အသံကြောရှိ သွေးကြောများ ပေါက်ကွဲပြီး သွေးခဲရောဂါဖြစ်သွားကာ ၎င်းမှတစ်ဆင့် အချိန်ကြာလာလျှင် အသံကြောတွင် သွေးခဲအဖုအခဲဖြစ်သွားတတ်သည်။ ဤသို့ဖြစ်လာလျှင် သာမန်ဆေးဖြင့် ကုသလို့မရတော့ဘဲ လေဆာဖြင့် ချေဖျက်ရန်ပင် လိုအပ်လာပေသည်။

အသံကို ထိန်းထိန်းသိမ်းသိမ်း အော်ဟစ်ရန်လိုအပ်ပြီး အသံကြော အနားပေးရန်နှင့် ရေများများ သောက်ရန် လိုအပ်သည်။

၅။ တချို့အာသီးရောဂါအခံရှိသူများသည် အော်ဟစ်ခြင်းနှင့် ဘီယာ၊ အရက်များသောက်သုံးခြင်းကြောင့် အာသီးရောင်ရောဂါပြန်လည်ထကြွလာတတ်ပါသည်။

အသံကိုထိန်းခြင်း၊ အနားပေးခြင်းနှင့်ရေများများ သောက်သုံးရန် လိုအပ်ပါသည်။ ရေခဲရေနှင့် အရက်သေစာ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင် ဧပြီလတွင် အပူချိန်ပိုကဲသည့် အပြင် UV ခေါ် ခရမ်းလွန်ရောင်ခြည်သည် Index(11) ခန့်ရှိသည်ဟု သိရသဖြင့် အရေပြားလောင်ကျွမ်းသည့်အန္တရာယ်ကြီးမားပါသည်။ နေပူထဲတွင် ၁၀ မိနစ်ခန့် အကာအကွယ်မရှိဘဲနေမိလျှင် နေလောင်ပြီး အရေပြားပျက်စီးကာ အရေပြားနီခြင်း၊ နာကျင်ခြင်း၊ ယားယံခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ကိုယ်ခန္ဓာ၏ ပေါ်လွင်သောနေရာများဖြစ်သည့် မျက်စိ၊ မျက်ခွံ၊ ပါးပြင်၊ နှာခေါင်းဖျား၊ နားရွက်များ၊ လည်ပင်း၊ ကျောကုန်း၊ နဖူး၊ ခြေဖျား၊ လက်ဖျား စသည့်နေရာများတွင် ပိုမိုဖြစ်လွယ်သည်။ UV သည် နေပူသည့်အချိန်တွင်သာမက မိုးအုံ့သည့်အချိန်တွင်ပင် အသားနှင့်ထိတွေ့နိုင်သည်။ အသားရောင်ဖြူသူများ ပိုမိုခံစားရလွယ်သည်။ ကာကွယ်ရန် UV ကာကွယ်မျက်မှန်၊ ဦးထုပ်ကြီးကြီး၊ အင်္ကျီလက်ရှည်၊ တစ်ကိုယ်လုံးဖုံးအုပ်နိုင်ရန်လိုအပ်သည်။ သို့ရာတွင် ရေကစားထွက်သူများသည် ကိုယ်လုံးပေါ်လွင်အောင် ဖော်ထုတ်တတ်ကြသဖြင့် အန္တရာယ်ကြီးလှပါသည်။ ၎င်း UV ရောင်ခြည်ကြာရှည်စွာ မကြာခဏတွေ့ထိပါက အရေပြားကင်ဆာဖြစ်တတ်သည်ကို မမေ့လျော့သင့်ပါ။

၇။ အလွန်ပူပြင်းလှသည့် ဧပြီ ၁၃ ရက်မှ ၁၆ ရက်များတွင် နေ့စဉ် တစ်နေကုန် ရေကစားကြသူများအတွက် Heat Stroke ခေါ် ကိုယ်ခန္ဓာအတွင်း အပူလွန်ကဲရောဂါ အန္တရာယ်ဆိုးကြီးကို အထူးဂရုပြုသင့်ပါသည်။ အပြင်နေရောင်ခြည်အောက် အပူချိန်သည် အကာအကွယ်မရှိသော ကိုယ်ခန္ဓာအတွင်းအပူချိန်မြင့်တက်လာကာ ၄၁°C (သို့မဟုတ် ၁၀၅°F)သို့ တိုးတက်ပူပြင်းလာလျှင် Heat Stroke အဖြစ် ရောက်သွားကာ ဦးနှောက်ထဲမှာ အပူချိန်ထိန်းချုပ်ကိရိယာ ပျက်စီးသွားတတ်သည်။ Heat Stroke အပူကဲအဆင့်သို့ရောက်လျှင် ကိုယ်အပူပြင်းခြင်း ၄၁°C (သို့မဟုတ် ၁၀၅°F)၊ ချွေးမထွက်ခြင်း၊ အော့အန်မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ခြေသလုံးအကြောတက်ခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ တက်ခြင်း၊ သတိမေ့ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း ပိုမိုဆိုးရွားလာကာ အသက်ဆုံးရှုံးနိုင်ပါသည်။

> နေ့စဉ် တစ်နေကုန် ရေကစားကြသူများအတွက်
> Heat Stroke ခေါ်ကိုယ်ခန္ဓာအတွင်း အပူလွန်ကဲရောဂါ
> အန္တရာယ်ဆိုးကြီးကို အထူးဂရုပြုသင့် . . .
> ချွေးမထွက်ခြင်း၊ အော့အန်မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊
> ခြေသလုံးအကြောတက်ခြင်း၊ ဆီးအရောင်ရင့်ခြင်း၊
> ကယောင်ကတမ်းဖြစ်ခြင်း၊ တက်ခြင်း၊ သတိမေ့ခြင်း၊
> နှလုံးခုန်နှုန်းမြန်ခြင်း ပိုမိုဆိုးရွားလာကာ အသက်ဆုံးရှုံးနိုင် . . .

**အရေးပေါ်ကုသခြင်း**

အထက်ပါလက္ခဏာများပေါ်ပေါက်လာလျှင် အဝတ်များချွတ်ပစ်ပြီး လေအေးအေးအောက်တွင်ထားခြင်း၊ ရေခဲတုံးချိုင်းအောက်နှင့် တစ်ကိုယ်လုံးတိုက်ပေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ၎င်းနောက် သက်ဆိုင်ရာဆေးရုံတစ်ခုခုသို့ အမြန်ဆုံးပို့ဆောင်ကုသသင့်သည်။

ယင်းရောဂါဆိုးကို ကာကွယ်နိုင်ရန် နေပူထဲသွားလျှင် အင်္ကျီပွပွ၊ အရောင်နုနုဝတ်ပြီး ဦးထုပ်အဝိုင်းအကြီး သို့မဟုတ် ထီးဆောင်းကာ ရေများများသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလျှော့ချခြင်း၊ ကော်ဖီ၊ အရက်သောက်ခြင်းများမှ ရှောင်ရှားသင့်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အန္တရာယ်များကာကွယ်နိုင်ရန်ရေကစားထွက်သူများ အပူပြင်းဆုံးအချိန် နေ့လယ်ကို ရှောင်ခြင်း၊ အင်္ကျီအရောင်ဖျော့၊ ပွပွ၊ လက်ရှည်ဝတ်ခြင်း၊ UV မျက်မှန်တပ်ခြင်း၊ ဦးခေါင်း၊ မျက်နှာ၊ နားများကာကွယ်ရန် မျက်နှာသုတ်ပဝါအုပ်ခြင်းဖြင့် ရေကစားကြရန် တိုက်တွန်းအပ်ပါသည်။

REF:MED:ARTICLES

## မြစ်သားမြို့သင်္ကြန်ကာလအတွင်း မှူခင်းအသိပညာပေး

**မြစ်သား မေ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးများအတွက် အသိပညာပေး ဟောပြောပွဲကို ရွှေသူငွေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၁၂ ရက် နံနက် ၁၀နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့မစခန်းမှူး ဒုတိယရဲမှူးလှသန်းနိုင်က ယာဉ်မောင်းသူများ လိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါး အန္တရာယ် ကင်းရှင်းရေးအတွက် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ မှုခင်းကျဆင်းရေးများကို အသိပညာပေး ရှင်းလင်းဟောပြောကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



## မြစိမ်းရောင်စီမံကိန်းကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီပြန်လည်ရွေးချယ်

**လပွတ္တာ မေ ၁၅**

လပွတ္တာမြို့နယ် ဘိုင်ဒေါင့်ချောင်းကျေးရွာအုပ်စု မြောက်လက်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးလက်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီကို ကျေးရွာသူ ကျေးရွာသားများ၏ ဆန္ဒအရ ပြန်လည်ရွေးချယ်ခြင်း အခမ်းအနားကို ဧပြီ ၁၀ ရက် ညနေပိုင်းက မြောက်လက်ကုန်းကျေးရွာတွင် ကျင်းပခဲ့သည်။

လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုး (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ ၂၀၀ ခန့် တက်ရောက်ခဲ့သည်။ **မောင်ဇော်**

# အကြိုနေ့ညနေပိုင်းက လေမိုးကျ၍ပျက်ခဲ့သည်များကိုပြန်လည်ပြင်ဆင်ထားသော ချင်းတွင်းသင်္ကြန် အကြိုနေ့ကထက် လည်ပတ်သူများ ပိုများလာ



**မုံရွာ ဧပြီ ၁၅**

မုံရွာသဲသောင်ပြင်တွင် ကျင်းပလျက်ရှိသော ချင်းတွင်းသင်္ကြန်သို့ လာရောက်သူလူဦးရေသည် သင်္ကြန်အကြိုနေ့ကထက် အကျနေ့ဖြစ်သည့် ဧပြီ ၁၄ ရက်တွင် ပိုမိုများပြားလျက်ရှိရာ ချင်းတွင်းသင်္ကြန်ဗဟိုမဏ္ဍပ်ရှေ့တွင် တိုးမပေါက်အောင် စည်ကားနေသည်ကိုတွေ့ရသည်။

"အကြိုနေ့ကထက် အကျနေ့ကလာကစားကြတဲ့သူတွေ ပိုများလာတယ်၊ ဈေးရောင်းရတာ ဒီနေ့ပိုရောင်းရတယ်၊ အကြိုနေ့ညကတိုက်တဲ့လေက အမိုးလန်တာလောက်ပဲရှိပြီး ဆိုးဆိုးရွားရွားကြီးမဖြစ်ခဲ့ပါဘူး၊ လေတိုက်တာ နှစ်ခါရှိပြီ၊ ဒါပေမယ့် ချင်းတွင်းသင်္ကြန်အောင်မြင်အောင် ဆက်လုပ်မယ်ဆိုပြီး ဝန်ကြီးချုပ်က ပြောသွားသလို ညပိုင်းမှာ မနက်လာလည်နိုင်အောင် ပြင်ဆင်ရေးတွေကိုအပြီးလုပ်ခဲ့ကြပါတယ်"ဟု စားသောက်ဆိုင်ဖွင့်နေသူတစ်ဦးကပြောသည်။

ချင်းတွင်းသင်္ကြန်လာရောက်ကြသူများကို မုံရွာမြို့လူမှုကူညီရေးအသင်းများ စုပေါင်း၍ စတုဒိသာ ထမင်းဟင်းနှင့်အခြားစားသောက်ဖွယ်ရာများကို ကျွေးမွေးလျက်ရှိရာ သုံးရက်တာအတွင်း အကျနေ့တွင် လာရောက်သူများသည့်အတွက် စားသုံးသူများလည်းပိုများသောကြောင့် ထမင်းနှင့် ဟင်းများ ပိုချက်ကာကျွေးမွေးလျက်ရှိသည်ကို တွေ့ရသည်။

"အကြိုနေ့က ဆန်တင်း ၅၀ ကျွေးရတယ်၊ အကျနေ့တင်း ၁၀၀လောက်ကျွေးရမယ်မှန်းထားတယ်၊ အကြိုနေ့က လေမိုးကျတော့ စတုဒိသာကျွေးတဲ့ အဆောက်အအုံ အမိုးလန်သွားပြီး ချက်ဖို့ပြုတ်ဖို့လုပ်ထားတဲ့ ထင်းတွေရေစိုကုန်လို့ အခက်အခဲအနည်းငယ်ပဲရှိခဲ့တာပါ၊ လှီးပြုထားတဲ့ ကြက်သွန်အသီးအနှံတွေ အသားတွေကိုတော့ သဲဝင်မှာစိုးတော့ အားလုံးကိုအုပ်ထားနိုင်ခဲ့ပါတယ်၊ နောက်ရက်တွေလည်း အခုထက်စည်မှာပါ"ဟု မုံရွာမြို့ ဒေဝဂတိလူမှုကူညီရေးအသင်းတာဝန်ရှိသူက ပြောသည်။

ဧပြီ ၁၃ ရက် ညနေ ၆ နာရီခွဲခန့်က မုံရွာမြို့ ချင်းတွင်းသင်္ကြန်ပွဲတော်ကျင်းပနေသည့် သဲသောင်ပြင်တွင် အချိန် တစ်နာရီကျော် မိုးသက်လေပြင်းကျရောက်သဖြင့် ပွဲတော်ဖျော်ဖြေရေး ညပိုင်းအစီအစဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဗဟိုမဏ္ဍပ် အမိုးများနှင့် နောက်ခံပိုစတာများ ပျက်စီးသလို Beach Zone ရှိ အရိပ်ခိုတဲများ လေနှင့်အတူလွင့်ပါပျက်စီးကာ ဈေးဆိုင်ခန်းအချို့အနည်းငယ်ပျက်စီး၍ သဲပန်းပုလက်ရာများ အနည်းငယ်ပဲ့ကျခြင်းတို့ ဖြစ်ခဲ့သည်။

ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ပွဲတော်ကို အရှိန်အဟုန်မပျက် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အချိန် တစ်နာရီကျော် မိုးသက်လေပြင်းကျရောက်သဖြင့် ပွဲတော်ဖျော်ဖြေရေး ညပိုင်းအစီအစဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် မုခ်ဝရှိအဆောက်အအုံ တချို့၊ ဈေးဆိုင်ခန်းအမိုးများနှင့် ကြော်ငြာဆိုင်းဘုတ်များ ပြိုလဲခဲ့ပြီး လမ်းများပျက်စီးခဲ့သည်။ လေငြိမ်သွားချိန်မှာတော့ အများပြည်သူတွေ ပုံမှန်အတိုင်း လာရောက်ကြပြီး လမ်းပျက်စီးမှုကြောင့် ဆိုင်ကယ်လဲကျမှု အများအပြားဖြစ်ပွားခဲ့သည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# မန္တလေးမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော် လာရောက်လည်ပတ်သူများ အထူးစည်ကား

**မန္တလေး ဧပြီ ၁၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ ၇၈ လမ်းမှ ၆၆ လမ်းတစ်လျှောက်တွင် ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် အရွယ်သုံးပါးလုံး လွတ်လပ်စွာပျော်ရွှင်နိုင်၍ လာရောက်လည်ပတ်သူများ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"မနှစ်က မန္တလေးလမ်းလျှောက်သင်္ကြန်က မြန်မာနိုင်ငံမှာ တော်တော်လေးနာမည်ကြီးတယ်၊ ဒီနှစ်လည်း တာဝန်ရှိသူတွေက မနှစ်ကထက် ပိုမိုထူးခြားအောင်၊ ပိုမိုစည်ကားအောင်ဆောင်ရွက်ထားတာတွေ့ရပါတယ်၊ ပလိုင်း၊ ရေစိုခံကာတွန်းပြပွဲ၊ စတုဒိသာမဏ္ဍပ်၊ ရေကစားမဏ္ဍပ်နဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို အလွန်သဘောကျပါတယ်၊ လမ်းလျှောက်သင်္ကြန်က ကလေး၊ လူငယ်၊ လူကြီး အရွယ်သုံးပါးလုံး ပျော်ရွှင်နိုင်အောင် ဖန်တီးထားတယ်၊ မန္တလေးလမ်းလျှောက်သင်္ကြန်က ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး လူတိုင်းပျော်ရွှင်နိုင်အောင် ဆောင်ရွက်ထားတယ်၊ လမ်းလျှောက်သင်္ကြန်လည်ရတာ စိတ်ဝင်စားစရာတွေ အများကြီးရှိပြီး အလွန်ပျော်စရာ ကောင်းပါတယ်" ဟု လမ်းလျှောက်သင်္ကြန် လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် မန္တလေးမြို့တော်၌ မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်၊ ယဉ်ကျေးမှုသင်္ကြန်၊ တိုင်းရင်းသားသင်္ကြန်ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးစိတ်ဝင်တစား လာရောက်လည်ပတ်ကြပြီး ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# မင်းဘူးမြို့၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကား

**မင်းဘူး ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် အကြတ်နေ့၌ ဗဟိုရေကစားမဏ္ဍပ်တွင် အေးချမ်းသာယာစွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်္ကြန်ချစ်သူများအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ထားရှိသည့် မင်းဘူးမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့တွင် ဒေသခံပြည်သူများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြသူများနှင့် မဏ္ဍပ်တိုင်းတွင် စေတနာရှင်ပြည်သူများက စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မင်းဘူးမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် သင်္ကြန်သီချင်းကောင်းများ၊ ခေတ်ပေါ်တေးသီချင်း မြူးမြူးကြွကြွများဖွင့်၍ လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက မဏ္ဍပ်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမြတ်(မင်းဘူး)**



# တပ်ကုန်းမြို့ လမ်းလျှောက်သင်္ကြန် တာဝန်ရှိသူများ တက်ရောက်အားပေး

**တပ်ကုန်း ဧပြီ ၁၅**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့တွင် နေပြည်တော်တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့ အောင်သီဟလမ်း လမ်းလျှောက်သင်္ကြန်တွင် စတုဒိသာကျွေးမွေးခြင်း၊ ယိမ်းအကကခြင်းနှင့် သီချင်းဖျော်ဖြေခြင်း အစီအစဉ်ဖြင့် ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုကို ယင်းနေ့ ညနေပိုင်းရေကစားချိန်တွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့်တာဝန်ရှိသူများ လာရောက်အားပေး၍ အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့မှာ လမ်းလျှောက်သင်္ကြန်က ပထမဦးဆုံးကျင်းပတာဖြစ်ပါတယ်၊ ဒီပွဲအနီးမှာ စေတနာရှင်များက ရိုးရာအစားအစာများဖြစ်တဲ့ မုန့်ဟင်းခါး၊ ရွှေရင်အေး၊ မုန့်လက်ဆောင်းနှင့် အစားအစာမျိုးစုံ စတုဒိသာကျွေးကြပါတယ်ဗျာ၊ လမ်းလျှောက်သင်္ကြန်အဖြစ် သတ်မှတ်ထားတဲ့နေရာ လမ်းတစ်လျှောက်ကိုလည်း စက်ဘီး၊ ဆိုင်ကယ်၊ ကားတွေ မဝင်ရန်စီစဉ်ပေးထားတဲ့အတွက် သင်္ကြန်ရေကစားကြသူများ ဘေးအန္တရာယ်ကင်းပါတယ်၊ ဒီလိုလမ်းလျှောက်သင်္ကြန်ကို နှစ်စဉ်ကျင်းပစေချင်ပါတယ်"ဟု လူငယ်တစ်ဦးက ပြောသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



# ဆိပ်ဖြူမြို့ ယောချောင်းသင်္ကြန်တွင် အေးချမ်းစွာရေကစားသူများဖြင့် စည်ကား

**ဆိပ်ဖြူ ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကို ယောဝရပ်ကွက် ယောချောင်းအတွင်း၌ ကျင်းပရာ မဟာသင်္ကြန်အကျနေ့ဧပြီ ၁၄ ရက်တွင် ဒေသခံပြည်သူများနှင့် နီးစပ်ရာမြို့နယ်များမှ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

ဆိပ်ဖြူမြို့နယ်တွင် ရေကစားမဏ္ဍပ်ကြီးများဆောက်ရွက်ထားရှိခြင်း မရှိသော်လည်း ဒေသခံပြည်သူများ ဆိပ်ဖြူမြို့ယောချောင်းသင်္ကြန်ကို အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် မြို့နယ်စီမံကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများကြီးကြပ်၍ ဆောင်ရွက်ပေးခဲ့ပြီး ယောချောင်းသင်္ကြန်ကို ရေကစားသူများ အန္တရာယ်ကင်းရှင်းရေးနှင့် ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန်၊ အေးချမ်းစွာ ရေကစားနိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဆိပ်ဖြူယောချောင်းသင်္ကြန်ကို သင်္ကြန်အကြိုနေ့မှစတင်၍ ရေကစားလာရောက်ခဲ့ကြပြီး သင်္ကြန်အကျနေ့တွင် ဒေသခံပြည်သူများနှင့် နီးစပ်ရာမြို့နယ်များဖြစ်သည့် ချောက်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပခုက္ကူမြို့နယ်များမှ လာရောက်ရေကစားသူများနှင့် ဈေးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(IPRD)**

# ပဲခူးတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန် ပွဲတော် ဖွင့်ပွဲကျင်းပ

**ပဲခူး ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန် အကြိုပွဲတော် အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ ၁၂ လရာသီပွဲတော်များအနက် ပထမဦးဆုံးနှင့် ရက်ကာလ အကြာမြင့်ဆုံးကျင်းပသည့် ပွဲတော်ဖြစ်သကဲ့သို့ အထူးခြားဆုံးနှင့် ပျော်ရွှင်ကြည်နူးစရာကောင်းသည့်အတွက် မြန်မာလူမျိုးတို့၏ စေတနာအလှုကို ဖော်ပြခွင့်ရသော ပွဲလည်းဖြစ်ကြောင်း၊ ပူအိုက်သည့်နွေရာသီမှာ ကျင်းပခြင်းကြောင့် ပူလောင်ခြင်းမှ သက်သာစေရန် ရေစင်အေးအေးဖြင့် ပက်ဖျန်းခြင်းဖြစ်သလို တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခွင်ရှိ မြို့နယ်ကျေးရွာများမှာပါ သူ့ဓလေ့၊ သူ့ဟန်ပန်၊ သူ့အလှုတို့ ဝေစီလျက် သင်္ကြန်အလှုကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ပြည်သူပြည်သားအပေါင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းပြီး ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြရန်၊ နှစ်ဟောင်းကုန် နှစ်သစ်ကူးမှာ လူတိုင်းလူတိုင်း လူသစ်၊ စိတ်သစ်၊ အသွင်သစ်နှင့် စိတ်ဓာတ်မြင့်မြင့်မားမား ကြည်ကြည်လင်လင်ဖြင့် ၁၃၈၀ ပြည့်နှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ နှစ်သစ်ကူးကို လိုက်လျှောစွာ ကြိုဆိုသွားကြရန် နှုတ်ခွန်းဆက်စကားပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များက အတာရေဖြင့် ပက်ဖျန်းကစားကြပြီး ဌာနဆိုင်ရာများကလည်း စတုဒိသာများဖြင့် ဧည့်ခံကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ မဟာသင်္ကြန်ပွဲတော်ကျင်းပရာတွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် လေးခရိုင်အား အလှည့်ကျကျင်းပရာ ယခုနှစ် မဟာသင်္ကြန်ပွဲတော်အား ပြည်ခရိုင် ပြည်မြို့၌ ကျင်းပမည်ဖြစ်ပြီး ယခင်နှစ်က ပဲခူးခရိုင် ပဲခူးမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ထန်းတပင်မြို့နယ်၌ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**ထန်းတပင် ဧပြီ ၁၅**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို အမြို့မြို့ အနယ်နယ်တိုင်းတွင် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင်လည်း ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အခါသမယ အကျနေ့ဖြစ်သည့် ဧပြီ ၁၄ ရက်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများကလည်း အေးချမ်းပျော်ရွှင်စွာ မဟာသင်္ကြန်ပွဲတော်ကြီးကို ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ရေကစားမဏ္ဍပ်ငယ်များ၌ ရပ်ကွက်၊ ကျေးရွာများမှ ရေပက်ခံထွက်ကြသူများဖြင့် ပျော်ရွှင်စွာရေကစားခဲ့ကြသလို စတုဒိသာ အကျွေးအမွေးများဖြင့်လည်း ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရပ်ကွက်၊ ကျေးရွာ ဘုန်းတော်ကြီးကျောင်းများတွင် ဒုလ္လဘဝတ်သူများလည်းရှိကာ တရားစခန်းများတွင် တရားအားထုတ်သူများ၊ ဆရာတော်ကြီးများထံမှ တရားဒေသနာတော်များ နာယူ၍ ဥပုသ်သီလဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



{ylD5&ufr[ mo uef luwfeVifylodrfurf;em;vrf;wpfavmufa&yufH ola&upm;olrsm;aysmf&TifpGma&upm;aeMupOf armifarmifrif;(yefqkuf)

# ဒလမြို့နယ် မဟာသင်္ကြန်ပွဲတော် ရေပက်ခံထွက်သူများဖြင့် အထူးစည်ကား

**ရန်ကုန် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ နံနက်ပိုင်းက လမ်းလျှောက်လာသူများ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်များ စီးနင်း၍ လည်ပတ်ရေပက်ခံထွက်ကြသော ကလေး၊ လူငယ်၊ လူကြီးများဖြင့် အထူးစည်ကားခဲ့ပြီး သင်္ကြန်တွင်းကာလ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်သူများလည်း အေးအေးချမ်းချမ်းရှိကြကြောင်း သိရသည်။

သင်္ကြန်အကျနေ့ နံနက် ၁၀ နာရီက ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ဒလကားဝင်းအတွင်းရှိ ဗဟိုမဏ္ဍပ်တွင် ခေတ်ပေါ်သံစုံတီးဝိုင်းများနှင့် DJ Music တီးခတ်၍ အနုပညာ တေးသံရှင် ညီအစ်ကိုမောင်နှမများ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံခဲ့ရာ ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေပက်ခံကစားခဲ့ကြကြောင်း တွေ့ရသည်။

ဗဟိုမဏ္ဍပ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရေပက်ခံသူ မိဘပြည်သူများ၏ သတိပြုရှောင်ကြဉ်ရမည့် အချက်များ၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်များနှင့် ယာဉ်မောင်းသူများ လိုက်နာရန်အချက်များ ပါဝင်သော အသိပညာပေး နံရံကပ်ဘုတ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ ခင်းကျင်းပြသဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အတူ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေးနှင့် ခိုက်ရန်ဖြစ်ပွားမှုများမရှိစေရေးအတွက် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ရဲတပ်ဖွဲ့ဝင်များက မြို့တွင်း လှည့်ကင်းပတ်ကင်းများဖြင့် လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ သင်္ကြန်ပွဲတော်ကာလအတွင်း အေးချမ်းစွာကျင်းပပြီးစီးနိုင်ရေးအတွက် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ယမန်နှစ်ထက် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဟင်္သာတ ဧပြီ ၁၅**

ဟင်္သာတမြို့၌ အများပြည်သူပျော်ရွှင်စွာ ရေကစားနိုင်ရန် ရည်ရွယ်ကျင်းပသည့် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ ညနေပိုင်းက အဆိုပါမဏ္ဍပ်များတွင်ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ဟင်္သာတမြို့တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ယခုနှစ်တွင် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲမကျင်းပမီကပင် ပွဲတော်ကျင်းပသည့်လမ်းတစ်လျှောက် ရေပက်ခံသူများဖြင့် စည်ကားနေပြီး ဗဟိုမဏ္ဍပ်တွင် ယိမ်းအဖွဲ့၊ ဖျော်ဖြေရေးအဖွဲ့များက အလှည့်ကျဖျော်ဖြေပေးနေပြီး သင်္ကြန်အတက်နေ့ ညနေပိုင်းထိ နေ့စဉ်မုန့်လုံးရေပေါ်၊ သာကူ၊ ရွှေရင်အေးနှင့် မုန့်လက်ဆောင်း စတုဒိသာများကို ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများက ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



**ကျော်ကျော်(ပြန်/ဆက်)**

# မြန်မာနှစ်သစ်ကိုကြိုဆိုသောအားဖြင့် ပဲခူး ရွှေပန်းကျေးရွာတွင် အရှည်ပေ ၄၀၀၀ ရှိမြေသားလမ်းဖွင့်

**ပဲခူး ဧပြီ ၁၅**

မြန်မာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်ခဲ့သည့် ကမာနတ်ကျေးရွာအုပ်စု ရွှေပန်းကျေးရွာ ရွာလယ်မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းတို့က ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးခရိုင်ဦးစီးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကော်မတီဥက္ကဋ္ဌတို့က မြေသားလမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါမြေသားလမ်းသည် အရှည် ပေ ၄၀၀၀၊ အကျယ်ပေ ၂၀၊ အမြင့် သုံးပေရှိပြီး ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ မတ်လတွင် လုပ်ငန်းပြီးစီးခဲ့သည့်အတွက် ရွှေပန်းကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်စု ၁၅၃ စု၊ လူဦးရေ ၇၀၃ ဦးတို့၏ သွားလာရေးကိစ္စများသာမက အခြားလူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများလည်း လွယ်ကူအဆင်ပြေ ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**




# စံချိန်သစ်တင်လိုက်တဲ့ TWICE

တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသောအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE"ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ စံချိန်သစ်ကို တင်လိုက်နိုင်ပြီဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အဖွဲ့ရဲ့ ယခင်တင်ထားတဲ့ စံချိန်ကို ပြန်လည်ချိုးဖြတ်ကာ စံချိန်သစ်တင်ခဲ့တာလည်း ဖြစ်ပါတယ်။ ယခုတင်လိုက်တဲ့ စံချိန်ကတော့ ယူကျူပေါ်မှာ ကြည့်ရှုသူပရိသတ် သန်း ၄၀ ကို အချိန်အတိုဆုံးရရှိခဲ့တဲ့ တေးဂီတအဖွဲ့ဖြစ်ကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောတင်ခဲ့တဲ့ စံချိန်ကို ယခင်ကလည်း "TWICE"ကပဲ ရယူထားခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ပိုမိုတိုတောင်းတဲ့အချိန်အတွင်း ပရိသတ် သန်း ၄၀ ရရှိခဲ့တာကြောင့် စံချိန်သစ်ဖြစ်ခဲ့တာပါ။ ဒီတစ်ကြိမ်မှာတော့ အဖွဲ့ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "What is Love?"နဲ့ စံချိန်သစ်ချိုးခဲ့တာဖြစ်ပါတယ်။

ယခင်က "TWICE"ဟာ "Likey"တေးသီချင်းနဲ့ စံချိန်တင်ခဲ့တာဖြစ်ပြီး ယင်းတေးသီချင်းနဲ့ စတင်ထုတ်လွှင့်ပြီးနောက် ခြောက်ရက်နဲ့ ၁၇ နာရီအတွင်း ကြည့်ရှုသူပရိသတ် သန်း ၄၀ ရရှိခဲ့တာဖြစ်ပါတယ်။ " What is Love?" ကတော့ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်နဲ့ ကိုးနာရီအတွင်း ပရိသတ် သန်း ၄၀ ပြည့်ခဲ့တာဖြစ်ပါတယ်။

# Fast & Furious 8 မှာ ဗင်ဒီဇယ်နဲ့ တွဲဖက်ရိုက်ကူးခဲ့ခြင်းမရှိကြောင်း ဝိန်းဂျွန်ဆင် ဖွင့်ဟ




ဟောလိဝုဒ်ရဲ့ ဝင်ငွေအရ အလွန်ကို အောင်မြင်တဲ့ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Fast & Furious"ဇာတ်လမ်းတွဲတွေမှာ နာမည်ကျော်သရုပ်ဆောင်မင်းသားတွေဖြစ်ကြတဲ့ ဝိန်းဂျွန်ဆင်နဲ့ ဗင်ဒီဇယ်တို့ အတူတွဲဖက်ကာ ဇာတ်ဆောင်တွေအဖြစ် ပါဝင်ခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးအကြား မပြေလည်တဲ့ ဆက်ဆံရေးတွေဟာ ပိုမိုဆိုးရွားလာခဲ့တာကြောင့် နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲ "Fast & Furious 8"မှာတော့ သူတို့နှစ်ဦးစလုံးပါဝင်ခဲ့ပေမယ့် အတူတွဲဖက်ကာ ရိုက်ကူးခဲ့ခြင်းမရှိကြောင်း ဝိန်းဂျွန်ဆင်က မကြာသေးမီက မီဒီယာကို ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

ဝိန်းဂျွန်ဆင်က သူနဲ့ မင်းသားကြီးဗင်ဒီဇယ်တို့ရဲ့ ဆက်ဆံရေးဟာ ရုပ်ရှင်သစ် ရိုက်ကူးရေးမှာ ပြဿနာတစ်ခုဖြစ်ခဲ့ပြီး "Fast & Furious 8: The Fate of the Furious"မှာတော့ အတူတွဲဖက်ကာ ရိုက်ကူးနိုင်ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းရုပ်ရှင်ကို ထုတ်လွှင့်မပြမီကတည်းကပင် သူနဲ့ ဗင်ဒီဇယ်တို့ရဲ့ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ဝိန်းဂျွန်ဆင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ စတင်ထုတ်ဖော်လိုက်တာဖြစ်ပါတယ်။ သူက ယင်းရုပ်ရှင်မှာ ပါဝင်ခဲ့ကြတဲ့ အဖွဲ့သားတွေကို စောင်းမြောင်းရင်း ဗင်ဒီဇယ်ကို ရည်ရွယ်တဲ့ စော်ကားတဲ့စကားလုံးတွေကို ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကို ထုတ်လွှင့်ပြသခဲ့ချိန်မှာလည်း သူတို့နှစ်ဦးကို ဇာတ်ဝင်ခန်းတွေတိုင်းမှာ အတူတွဲဖက်မြင်ရခဲပါတယ်။ အတူတွဲဖက်ပါဝင်ထားတဲ့ အခန်းတစ်ခန်းမှာလည်း နှစ်ဦးသား အတူတကွ တစ်ပြိုင်နက်ရိုက်ကူးထားတာမဖြစ်နိုင်ကြောင်း ပရိသတ်တွေက ဝေဖန်ခဲ့ကြပါတယ်။ ဒီလိုဝေဖန်သံတွေ ပေါ်ထွက်လာခဲ့ရာမှာတော့ ဝိန်းဂျွန်ဆင်က ပရိသတ်တွေရဲ့ အမြင်ဟာ မှန်ကန်ကြောင်း၊ သူတို့နှစ်ဦး လုံးဝတွဲဖက်ရိုက်ကူးခဲ့ခြင်းမရှိကြောင်း ရိုးလင်းစတုန်းမဂ္ဂဇင်းကြီးကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဝိန်းဂျွန်ဆင်က သူနဲ့ ဗင်ဒီဇယ်တို့ဟာ အလွန်ကိုအရေးပါတဲ့ အစမ်းရုပ်ရှင်ရဲ့ မျက်နှာချင်းဆိုင်စကားပြောရတဲ့ အခန်းမှာသာ ရိုက်ကွင်းပေါ်မှာ တစ်ဦးကိုတစ်ဦး စကားပြောဖြစ်ခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ဒီလို တွဲဖက်လုပ်ကိုင်လာခဲ့ကြရာမှ ဆက်ဆံရေးမပြေလည်ဖြစ်ခဲ့ရတဲ့ အကြောင်းအရင်းကိုတော့ ဝိန်းဂျွန်ဆင်က သူတို့နှစ်ဦးဟာ ရုပ်ရှင်ဖန်တီးရာနဲ့ ထုတ်လုပ်ဖြန့်ချိရာမှာ စဉ်းစားတွေးခေါ်ပုံနဲ့ ချဉ်းကပ်ပုံတွေမတူညီကြတာကြောင့်ဖြစ်တယ်လို့လည်း ရင်ဖွင့်ခဲ့ပါတယ်။



# ဟွန်ဘင်းကို ရုပ်ရှင်သစ်မှာ ဇာတ်လိုက်အဖြစ် တွေ့မြင်ရမည်

တောင်ကိုရီးယား နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဟွန်ဘင်းဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သွားဖို့ရာ သဘောတူလက်ခံလိုက်ပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုရဲ့ ဒါရိုက်တာဖြစ်သူ ယိုဂျင်ဝူးဟာ အလုပ်ကိစ္စနဲ့ ခရီးသွားရင်းက ထူးဆန်းတဲ့ မတော်တဆမှုတစ်ခုအတွင်း အမျိုးသမီးလူစွမ်းကောင်းတစ်ဦးဖြစ်တဲ့ ဂျန်ဟီဂျိုးနဲ့ တွေ့ဆုံခဲ့ရပုံတွေကို ပုံဖော်ထားတဲ့ "Memories of the Alhambra"ဇာတ်လမ်းတွဲရုပ်ရှင်မှာ ဟွန်ဘင်းက အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ ယခင်က ဇာတ်ဆောင်အတွက် မင်းသားတွေကို ကမ်းလှမ်းထားခဲ့ရာမှ နောက်ဆုံးမှာ ဟွန်ဘင်းပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်မှာ ဟွန်ဘင်း ပါဝင်သွားမယ့် ဇာတ်ကောင် ယိုဂျင်ဝူးဟာ အင်ဂျင်နီယာဘာသာရပ်နဲ့ ပါရဂူဘွဲ့ရထားသူတစ်ဦးဖြစ်ပြီး သူဟာ ဂိမ်းတီထွင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါဇာတ်လမ်းတွဲမှာတော့ ဂိမ်းတွေနဲ့ပတ်သက်တဲ့ အကြောင်းအရာအချက်အလက်တွေကို များစွာ တွေ့မြင်ရမှာဖြစ်ပါတယ်။

ဟွန်ဘင်းနဲ့အပြိုင် ပါဝင်သရုပ်ဆောင်သွားဖို့ရာ ကမ်းလှမ်းခံထားရတဲ့ မင်းသမီးကတော့ ပ့ါခ်ရှင်ဟေးဖြစ်ပြီး လက်ရှိအချိန်အထိတော့ သူ့ဆီက အကြောင်းပြန်တာမရှိသေးပါဘူး။ ဒါပေမယ့် မကြာမီမှာ ယင်းဇာတ်လမ်းတွဲကို ပ့ါခ်ရှင်ဟေးအနေနဲ့ လက်ခံမှာလား၊ ငြင်းဆိုမှာလားဆိုတာ အတည်ပြုပေးသွားမှာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲကိုတော့ tvN ရုပ်သံလိုင်းမှ ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# မူလန်ရုပ်ရှင်သစ်မှာ ပါဝင်သွားမယ့် ဒန်နီယန်



ဟောင်ကောင်ရဲ့ နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ ဒန်နီယန်ဟာ "Mulan (မူလန်)" လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

တိုက်ခိုက်ရေးဇာတ်ကားကောင်းတွေနဲ့ အက်ရှင်မင်းသားကြီးတစ်ဦးအဖြစ် ကျော်ကြားတဲ့ ဒန်နီယန်ဟာ ၁၉၉၈ ခုနှစ်က အလွန်ကို အောင်မြင်ခဲ့တဲ့ ဂန္ထဝင်ရုပ်ရှင်တစ်ကားဖြစ်တဲ့ ရုပ်သံဖန်တီးမှု ရုပ်ရှင် မူလန်ကို ပြန်လည်ဆန်းသစ်သွားမယ့် ရုပ်ရှင်မှာ ဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ ပြန်လည်ရိုက်ကူးသွားမယ့်ရုပ်ရှင်ကတော့ လိုက်ဖ်အက်ရှင်အမျိုးအစားဖြစ်ပြီး ယခင် ရုပ်ရှင်က နာမည်အတိုင်း ပြန်လည်ပေးထားတာ ဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ်မှာ တရုတ်မင်းသမီး လျူရီဖိုင်က အဓိကဇာတ်ဆောင်မူလန်အဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ဦးစွာအတည်ပြုထားခဲ့တာဖြစ်ပြီး ဒန်နီယန်ရဲ့ ဇာတ်ကောင်ကတော့ အတိအကျ ထုတ်ဖော်ပြောကြားထားတာမရှိပါဘူး။ သူဟာ သူရဲကောင်းတစ်ဦးဖြစ်ပြီး မူလန်အပေါ်မှာ မေတ္တာသက်ဝင်နေတဲ့ ဇာတ်ကောင် ကပ္ပတိန် လီဆန်းအဖြစ် ပါဝင်သွားမှာမဟုတ်သလို ဗီလိန်ဖြစ်တဲ့ ရှန်ယုအဖြစ်လည်း ပါဝင်မှာမဟုတ်ပါဘူး။ ဒ့ါအပြင် နဂါးလေးမူရှူးနေရာကနေ ပါဝင်သွားမှာမဟုတ်ကြောင်း ထုတ်ဖော်ရေးသားထားပါတယ်။ ဒါကြောင့် ဒန်နီယန်ရဲ့ ဇာတ်ကောင်ဟာ ယင်းရုပ်ရှင်သစ်မှာမှ ထပ်တိုးဖန်တီးထားတဲ့ ဇာတ်ကောင်သစ်ဖြစ်နိုင်ကြောင်းလည်း ဝေဖန်ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

ဒါရိုက်တာ နီကီကာရိုက တာဝန်ယူဖန်တီးသွားမယ့် လိုက်ဖ်အက်ရှင်ရုပ်ရှင် မူလန်ကို လာမယ့် ၂၀၂၀ ခုနှစ် မတ် ၂၇ ရက်မှာ စတင်ထုတ်လွှင့်နိုင်ဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ဒစ်စနေရဲ့ နောက်ဆုံးဖန်တီးထားတဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်တစ်ကားဖြစ်ပြီး ယခင်ဖန်တီးခဲ့ပြီးဖြစ်တဲ့ ဒစ်စနေရဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်တွေကတော့ "Maleficent"၊ "Cinderella"၊ "The Jungle Book"၊ "Beauty And The Beast" နဲ့ လာမယ့်နှစ်အတွင်း ရုံတင်မယ့် "Dumbo"တို့ ဖြစ်ကြပါတယ်။

## Huawei Nova 3e ပြည်တွင်းဈေးကွက်အတွင်းသို့ အရောင်သုံးရောင်ဖြင့် ထပ်မံဝင်ရောက်မည်




**ရန်ကုန် မေ ၁၅**

ကျစ်လျစ်လှပသည့် ကိုယ်ထည်၊ တောက်ပသည့် အရောင်၊ Display Ratio 19:9 ရှိသည့် Full View Display တို့ဖြင့် မြန်မာပြည် ဈေးကွက်အတွင်းသို့ ၂၀၁၈ မတ်လအတွင်း ရောက်ရှိခဲ့သည့် Huawei Nova 3e သည် အချိန်တိုအတွင်းမှာပင် ပစ္စည်းပြတ်လပ်သည်အထိ ရောင်းအားရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် Huawei Nova 3e ကို သင်္ကြန်ကာလအပြီး၌ အနက်ရောင်၊ အပြာရောင်တို့ဖြင့် ဈေးကွက်ထဲတွင် ပြန်လည်ဝင်ရောက်လာမည်ဖြစ်သည့်အပြင် မိန်းကလေးများ အကြိုက်တွေ့စေမည့် အရောင်အသစ်အနေဖြင့် ပန်းရောင်ကိုပါ ဝယ်ယူနိုင်တော့မည်ဖြစ်သည်။

ပထမတစ်ခေါက်တွင် တင်သွင်းခဲ့သည့် Nova 3e သည် အနက်ရောင်နှင့် အပြာရောင်နှစ်မျိုးသာ ပါဝင်ခဲ့ပြီး အပြာရောင်သည် ဈေးကွက်ထဲတွင် ပိုမိုအကြိုက်တွေ့ခဲ့သည့် အရောင်ဖြစ်ခဲ့သည်။ ယခု အရောင်အသစ်ဖြစ်သည့် ပန်းရောင်ကိုပါ ထပ်မံတင်သွင်းရခြင်းနှင့် ပတ်သက်ပြီး Huawei ၏ Marketing Director မခင်ရတနာဝင်းက "သုံးစွဲသူတွေက Nova 3e ကို အရမ်းအားပေးကြတာတွေ့ရတဲ့အတွက် အလွန်ကို ဝမ်းသာရပါတယ်၊ ကျွန်မတို့ရဲ့ Nova Series၊ Y Series ဖုန်းတွေကဆိုရင် ဈေးနှုန်းအသင့်အတင့်နဲ့ High End ဖုန်းတွေမှာ ပါဝင်တဲ့ Features၊ Specifications တွေနဲ့ အများကြီး မကွာခြားအောင် ထုတ်လုပ်ထားတာဖြစ်ပါတယ်၊ ဒီ Nova 3e မှာ ဆိုရင်လည်း လူငယ်တွေအကြိုက်တွေ့မယ့် Full View Display၊ လှပတဲ့ ရုပ်ထွက်နဲ့ အရောင်၊ မနိမ့်တဲ့ Specifications တွေနဲ့အတူ ထုတ်လုပ်ထားပါတယ်၊ Nova 3e ဟာဆိုရင်လည်း လူငယ်တွေ တကယ်အကြိုက်တွေ့နေတဲ့ဖုန်းတစ်လုံးဖြစ်ပါတယ်၊ ဒါကြောင့်လည်း ဈေးကွက်ထဲကို ထပ်မံတင်သွင်းတာဖြစ်ပြီး မိန်းကလေးတွေအထူးအကြိုက်တွေ့မယ့် ပန်းရောင်ကိုပါ ဒီတစ်ခေါက် ထပ်တိုးတင်သွင်းတာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ယခုအချိန်တွင် ထပ်မံတင်သွင်းလိုက်သည့် Huawei Nova 3e သည် အလုံးရေ အကန့်အသတ်ရှိပြီး မေ ၁၁ ရက်မှ ၁၈ ရက်အတွင်းတွင် Pre-Order များ စတင်မှာယူနိုင်ကာ သင်္ကြန်အပြီးတွင် ဖုန်းများအား သက်ဆိုင်ရာ ဖုန်းအရောင်းဆိုင်များတွင် သွားရောက်ထုတ်ယူနိုင်မည်ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်းသို့ တရားဝင်ရောက်ရှိမည့် အချိန်မှာ မေ ၁၉ ရက် နောက်ပိုင်းဖြစ်ကြောင်း သိရသည်။

Huawei Nova 3e တွင် EMUI 8.0 ပါရှိပြီး Fast Charging ပါဝင်သဖြင့် အချိန်တိုအတွင်း ဖုန်းအားသွင်းနိုင်မည်ဖြစ်သည်။ ၅ ဒသမ ၈၄ လက်မရှိ Full-HD ဖန်သားပြင်ကတစ်ဆင့် ပိုမိုကျယ်ပြန့်ပြီး ကြည်လင်ပြတ်သားသည့် ကြည့်ရှုခြင်း အတွေ့အကြုံကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ထို့အပြင် ကျစ်လျစ်သည့် ကိုယ်ထည်ကြောင့် ကိုင်တွယ်ရလွယ်ကူပြီး စာဖတ်ခြင်း၊ ဂိမ်းကစားခြင်း၊ ဗီဒီယိုကြည့်ရှုခြင်းနှင့် အင်တာနက်စာမျက်နှာများ ကြည့်ရှုခြင်းတို့တွင် ပိုမိုအဆင့်မြင့်မားသည့် အတွေ့အကြုံကိုလည်း ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ALEX



## ပုံစံသစ်ဖြင့် မြင်ရတော့မည့် Gmail

မကြာခင်ကာလတွင် လူအများသုံးစွဲနေသော Gmail ကို ပုံစံသစ်ဖြင့် မြင်တွေ့ရဖွယ်ရှိကြောင်း Google ၏ သတင်းအချက်အလက်ဆိုင်ရာ အွန်လိုင်းစာမျက်နှာများတွင် မြင်တွေ့ရသည်။ အဓိကအားဖြင့် ကွန်ပျူတာ Gmail အသုံးပြုသူတို့အတွက် ပြောင်းလဲဆန်းသစ်လိုက်သည့် အခြေအနေကို ပိုမို ခံစားရနိုင်ဖွယ်ရှိကြောင်းလည်း သိရသည်။ Gmail သည် လွန်ခဲ့သည့်နှစ်များစွာကတည်းက လူအများသုံးစွဲလာကြသည့် အခမဲ့ E-mail တစ်ခုအဖြစ် ရပ်တည်လာခဲ့ပြီး ယခုပိုမိုကောင်းမွန်သည့်လုပ်ဆောင်ချက်များ ထပ်မံထည့်သွင်းပေးသွားနိုင်သည်ဟု သိရသည်။

ပြောင်းလဲမည့်ပုံစံများမှာ Gmail အဝင်အထွက်တွင် ပြသထားသော ပူးတွဲပါအချက်အလက်များကို အမျိုးအစားအလိုက် ပိုမိုသိသာသည့် ပုံစံမျိုးများ ပြသပေးသွားမည်ဖြစ်ပြီး အကောင့်အတွင်းရှိ Email စောင်ရေများကို ယခင်ကထက် ပိုမိုမြင်တွေ့နိုင်စေရန် မြင်ကွင်းအား ဒေါင်လိုက်ချဲ့ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

Gmail ၏အပေါ်ဘက်တွင် တွဲဖက်အသုံးပြုနိုင်သည့် Google Apps များ ထည့်သွင်းပေးထားပြီး တစ်နေ့တာလုပ်ဆောင်မှုများကို မှတ်သားထားနိုင်သည့် ယခင်ကတည်းက ရှိနေခဲ့သော Tasks ဟု ခေါ်ဆိုသော လုပ်ဆောင်ချက်တစ်ခုကိုလည်း ပြန်လည်ဆန်းသစ်ကာ ထည့်သွင်းပေးထားကြောင်း သိရသည်။ ယခင်ကထက် ပိုမိုသပ်ရပ်လှပသည့် ပုံစံမျိုးဖြင့် အသုံးပြုနိုင်တော့မည့် အဆိုပါ Gmail ပုံစံသစ်ကို မေလအတွင်း Google မှ မိတ်ဆက်ပေးသွားမည်ဟု သိရသည်။

စာဏီ

## အမေရိကန်တွင် Facebook အသုံးပြုသူလျော့နည်းလာ



Facebook သည် ကိုယ်ရေးကိုယ်တာအချက်အလက်များ ခိုးယူခံရမှုများရှိနေသည်ဆိုသည့်အတွက် Facebook အသုံးပြုသူအရေအတွက် တဖြည်းဖြည်း လျော့နည်းလာကြောင်း သိရသည်။ CEO ဖြစ်သူ Mark Zuckerberg သည် အမေရိကန်လွှတ်တော်တွင် Facebook နှင့် ပတ်သက်သည့် ကြားနာစစ်ဆေးမှုများပြုလုပ်နေသည့် အချိန်အတွင်း အမေရိကန်နိုင်ငံအတွင်းရှိ အသုံးပြုသူ ၃၇ ရာခိုင်နှုန်းခန့်မှာ ဆက်လက်အသုံးပြုခြင်း မရှိတော့ဘဲ ရပ်တန့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

သုတေသနအဖွဲ့အစည်းတစ်ခုက အမေရိကန်ရှိ Facebook အသုံးပြုသူ လူထုအပေါ် စစ်တမ်းကောက်ယူရာတွင် စမတ်ဖုန်းနှင့် Facebook အသုံးပြုသူ ၁၇ ရာခိုင်နှုန်းမှာ အပြီးတိုင်ဖျက်သိမ်းသွားကြပြီး အခြား ၃၇ ရာခိုင်နှုန်းမှာ ဆက်လက်အသုံးပြုခြင်းမရှိတော့ဘဲ ရပ်တန့်ပစ်လိုက်ပြီဟု သိရသည်။ Mark Zuckerberg က လွှတ်တော်တွင်ကြားနာစစ်ဆေးခံရနေစဉ်အတွင်း ၎င်း၏ Facebook မှာ ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး အခမဲ့အသုံးပြုခွင့်လည်း ဆက်လက်ပေးအပ်သွားမည်ဟု ပြောကြားခဲ့သည်။

သုံးသပ်သူများက နောင်တွင် Facebook Apps ကို ကြော်ငြာများမပါဝင်ဘဲ အသုံးပြုခကောက်ခံကာ သုံးစွဲသူသီးသန့် ပုံစံမျိုးဖြင့် ထွက်ပေါ်လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်ပြောကြားချက်များ တွေ့မြင်ရသည်ဟု သိရသည်။ ကြော်ငြာများ မပါဝင်တော့သည့်အတွက် ကိုယ်ရေးကိုယ်တာအချက်အလက်များကို အတည်ပြုစစ်ဆေးရန်နှင့် စောင့်ကြည့်ထိန်းချုပ်ရန် မလိုအပ်တော့ဘဲ အသုံးပြုသူသီးသန့်ဖြစ်သည့်အတွက် ရှင်းလင်းစွာ အသုံးပြု၍ရနိုင်လိမ့်မည်ဟု ဆိုကြသည်။ ကြော်ငြာများမှရရှိသည့်ဝင်ငွေမရှိတော့သည့်အတွက် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံသွားရန်လည်း ရှိနေကြောင်း သုံးသပ်ပြောဆိုနေကြသည်။

ဘောဘီ

## ဂန့်ဂေါမြို့တွင် လောင်ထောင်ချောင်း ကျောက်စီမြေထိန်းနံရံ တည်ဆောက်

**ဂန့်ဂေါ မေ ၁၅**

ပခုက္ကူ- ထီးလင်း- ဂန့်ဂေါကားလမ်း ဂန့်ဂေါမြို့အဝင် လောင်ထောင်ချောင်းကူးတံတားအနီးတွင် မကွေးတိုင်းဒေသကြီး မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လောင်ထောင်ချောင်း ကျောက်စီမြေထိန်းနံရံကို တည်ဆောက်လျက်ရှိသည်။



အဆိုပါ လုပ်ငန်းကို ဌာနခွင့်ပြုငွေ ကျပ် ၈၇၅ သိန်းဖြင့် အလျားပေ ၅၅၀၊ အမြင့် ၁၀ ပေ၊ အကျယ် ၁၀ ပေရှိ ကျောက်စီနံရံ နှစ်ခုကို မတ် ၁၃ ရက်မှ စတင် တည်ဆောက်နေခြင်း ဖြစ်သည်။

လောင်ထောင်ချောင်း ရေတိုက်စားသဖြင့် မိုးရာသီတွင် ကမ်းပါးမြေပြိုမှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး ချောင်းကမ်းပါးမှာ လူနေအိမ်များနှင့် နီးကပ်လာနေပြီ ဖြစ်သည်။ မြေထိန်းနံရံ တည်ဆောက်ပြီးစီးသည့်အခါတွင် မြေပြိုကျခြင်းမှ ကင်းဝေးမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

(၄၆၅)

## ၂၀၁၉ ခုနှစ်တွင် စတင်ထုတ်လုပ်ရောင်းချသွားမည့် Volvo လျှပ်စစ်ထရပ်ကားများ

ဆွီဒင်နိုင်ငံအခြေစိုက် မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်း Volvo သည် လာမည့် ၂၀၁၉ ခုနှစ်တွင် လျှပ်စစ်စွမ်းအင်သုံး ထရပ်ကားများကို ထုတ်လုပ်ရောင်းချပေးသွားတော့မည်ဖြစ်ကြောင်းသိရသည်။ Volvo ကုမ္ပဏီသည် အကြီးစား မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းအဖြစ် အောင်မြင်မှုများရရှိကာ ရပ်တည်လာခဲ့ပြီး ယခုအခါ လုပ်ငန်းသုံးလျှပ်စစ်ထရပ်ကားများကို ထုတ်လုပ်ရောင်းချတော့မည်ဆိုသောကြောင့် ဈေးကွက်အတွင်းပြောင်းလဲမှုများ မြင်တွေ့ရဦးမည်ဖြစ်သည်။



လျှပ်စစ်မော်တာများ တပ်ဆင်ထားပြီး ဘက်ထရီခြောက်လုံးပါဝင်ကာ တစ်ကြိမ်အားသွင်းထားလျှင် မိုင် ၁၈၀ ကျော်ခန့် ဆက်တိုက်မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ 150 Kilowatt DC Fast Charging ဖြင့် အားပြန်လည် ဖြည့်တင်းပါက နှစ်နာရီခန့်သာ ကြာမြင့်မည်ဖြစ်ပြီး သာမန်အိမ်သုံးလျှပ်စစ်ဖြင့်အားသွင်းပါက ၁၀ နာရီကျော်ခန့် ကြာမြင့်မည်ဖြစ်ကာ တပ်ဆင်ပေးထားသည့် လျှပ်စစ်မော်တာများမှာ မြင်းကောင်ရေ ၃၇၅ ခန့်ထုတ်လွှတ်မောင်းနှင်နိုင်မည်ဖြစ်သည်။ **မဟေသီ**

# ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်လှစ်

**မြစ်ကြီးနား ဧပြီ ၁၅**
မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (တန်ခူးလပြည့်ကျော် ၁၃ ရက်) သင်္ကြန်အကြိုနေ့ ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဇနီးဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများက 'နှစ်သစ်ခွန်းဆင့်' တေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေလျက်ရှိသည့် ယိမ်းအဖွဲ့ဝင်များအား နံ့သာရည်များပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာ သင်္ကြန်တေးသီချင်းများနှင့် ယိမ်းအဖွဲ့များ၏ အကအလှများ၊ နာမည်ကျော် တေးသံရှင်တို့၏ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ပေါ်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌများက ဖွင့်လှစ်ပေးကြကာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများကို ကြည့်ရှုအားပေးကြပြီး ကချင်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ရေသဘင်မဏ္ဍပ်၌ တေးသံရှင်များနှင့် ယိမ်းအကအလှများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူပင် ညအချိန်၌ မြစ်ကြီးနားမြို့ပေါ်ရှိ ဗဟိုမဏ္ဍပ်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမဏ္ဍပ်နှင့် ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ရေသဘင်မဏ္ဍပ်တို့တွင် ယိမ်းအက အလှများ၊ နာမည်ကျော်တေးသံရှင်များ၏ တေးသီချင်းသီဆိုဖျော်ဖြေသူများအား ကြည့်ရှုအားပေးသူပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ၁၃၇၉ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ တာချီလိတ်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**တာချီလိတ် ဧပြီ ၁၅**
၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၃ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမကွင်းရှေ့ရှိ ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တာချီလိတ်မြို့ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်း အဖွဲ့(၁၉)ဖွဲ့က ညစဉ်အလှည့်ကျ ယှဉ်ပြိုင်ခြင်းနှင့်အတူ တေးသံရှင်များက ဖျော်ဖြေဉ့်ခံမည်ဖြစ်ပြီး သင်္ကြန်အလှမယ်တစ်ဦးအား ပြိုင်ပွဲဝင်ယိမ်းအသင်းများမှ ကပြမှုကောင်းမွန်ခြင်း၊ သင်္ကြန်နှင့်လိုက်ဖက်သည့် ဝတ်စားဆင်ယင်မှု၊ ကိုယ်ခန္ဓာအချိုးကျမှု၊ မျက်နှာအမူအရာကောင်းမွန်မှု စသည့်အချက်များအပေါ် အခြေခံကာ ရွေးချယ်၍ ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မကွေးမြို့ လမ်းလျှောက်မဟာသင်္ကြန်နှင့် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**မကွေး ဧပြီ ၁၅**
မကွေးမြို့၏ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကမ်းနားလမ်း ကျောက်သားဥယျာဉ်အနီး ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၃ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီးနောက် ဗဟိုမဏ္ဍပ်ရှေ့၌ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးတို့က မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ဗဟိုမဏ္ဍပ်တွင် ယိမ်းအဖွဲ့များကလည်း 'ရွှေမန်းမာလာ'တေးသီချင်းဖြင့် ကပြ ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို လမ်းလျှောက်သင်္ကြန်မုခ်ဦး၌ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲခဲ့ကြသည်။



မကွေးမြို့၏ မဟာသင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးမဏ္ဍပ် ၁၁ ခုရှိပြီး ယိမ်းအဖွဲ့ ၁၈ ဖွဲ့မှ ဗဟိုမဏ္ဍပ်တွင် ပြိုင်ပွဲဝင် ကပြဖျော်ဖြေသွားမည်ဖြစ်သည်။ လမ်းလျှောက်သင်္ကြန်ကို ကမ်းနားလမ်း မဲထီးလမ်းထိပ်မှ ကျောက်သားဥယျာဉ်အထိ သတ်မှတ်ထားပြီး ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခု၊ စတုဒိသာ မဏ္ဍပ် ၁၅ ခု၊ ရေကစားမဏ္ဍပ် ၁၆ ခု ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ကို မကွေးမြို့တွင် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ယောချောင်းတစ်လျှောက် ကြက်သွန်နီ စိုက်ပျိုးသူများ ဈေးနှုန်းကျဆင်း၍ လှောင်ကုန်အဖြစ်ထားရှိ

**ဆိပ်ဖြူ ဧပြီ ၁၅**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ယောချောင်းတစ်လျှောက် မြန်မာနိုင်ငံ၏ စားသုံးမှု အများဆုံးဖြစ်သော ကြက်သွန်နီ စိုက်ပျိုးသည့် တောင်သူများသည် လက်ရှိ ကြက်သွန်နီဖြိုင်ဖြိုင်ပေါ်ချိန်တွင် ဈေးနှုန်း ကျဆင်းလျက်ရှိ၍ ဈေးကွက်သို့ တင်ပို့ရောင်းချမှုနည်းပါးကာ လှောင်ကုန်အဖြစ်သာ ရှိနေကြောင်း ဆိပ်ဖြူမြို့နယ် ချောင်းမကြီး အရှေ့ရွာနေ တောင်သူ ကိုတင့်နိုင်ဦးက ပြောသည်။

"နတ်တော်လောက်က စစိုက်တာ ယောချောင်းတစ်လျှောက် ကြက်သွန်နီပဲ စိုက်ကြတာများတယ်၊ အချို့လည်း ပဲလွန်း၊ ပဲနောက်ကို စိုက်ကြတာရှိတယ်၊ ချောင်းတစ်လျှောက် ကုန်းဘေးတွေမှာလည်း စိုက်ကြတယ်၊ အခုကြက်သွန်နီပေါ်ချိန်မှာ ဒေသအားလုံး တစ်ပြိုင်တည်းလိုလို ပေါ်လိုက်တော့ ရောင်းလိုအားက အလွန်များပြီး ဝယ်လိုအားက နည်းတော့ ဈေးကျတယ်၊ တောင်သူတွေ တွက်ချေမကိုက်ဘူး၊ အချို့ကလည်း ဆိပ်ဖြူက ပွဲရုံတွေကို သွားရောင်းကြတယ်၊ ထားနိုင်တဲ့သူတွေကတော့ ကြက်သွန်လှောင်ရုံတွေထဲမှာ ကျင်းပြီးလှောင်ထားကြတာများတယ်" ဟု ကိုတင့်နိုင်ထွန်းက ဆက်လက်ပြောသည်။

ဆိပ်ဖြူမြို့တွင် လက်ရှိ ကြက်သွန်အရွယ်အစားပေါ် မူတည်၍ တစ်ပိဿာလျှင် ကျပ် ၅၀၀၊ ၆၅၀၊ ၉၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။

**ကိုလွင်(ဆွာ)**



## ပျဉ်းမနား လမ်းလျှောက်မဟာသင်္ကြန်ပွဲ ပြည်တွင်း၊ပြည်ပ ခရီးသွားများဆင်နွှဲ

**ပျဉ်းမနား ဧပြီ ၁၅**
၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ လမ်းလျှောက်မဟာသင်္ကြန်ကို နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်အတွင်းရှိ မင်္ဂလာရှမ်းကန်ဘေး၌ ကျင်းပရာ သင်္ကြန်အကျနေ့တွင် ဒေသခံပြည်သူများ၊ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ မဟာသင်္ကြန်ချစ်သူများသာမက ပြည်တွင်း၊ ပြည်ပ ခရီးသွားပါ အေးချမ်းသာယာစွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

လမ်းလျှောက်မဟာသင်္ကြန်ကို နံနက် ၆ နာရီမှ စတင်လိုက်သည်နှင့်တစ်ပြိုင်နက် ဗဟိုမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်ကြီးများတွင် ရေပက်ခံသူများနှင့် စည်ကားလျက်ရှိသည့်အပြင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဒေသခံအလှူရှင်များက စတုဒိသာမဏ္ဍပ်ကြီးတွင် ကျွေးမွေးဧည့်ခံလျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ကျင်းပရာ လမ်းတစ်လျှောက်နှင့် ပျဉ်းမနားမြို့တွင် အထူးစည်ကားလျက်ရှိသည်။

" ယခုနှစ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပျဉ်းမနားမှာ ပထမဆုံးအကြိမ် ကျင်းပတာပါ၊ ပထမဆုံးဆိုပေမယ့် အလွန်ပျော်ဖို့ကောင်းပါတယ်၊ စည်တာလည်း တအားပဲ၊ ပြီးတော့ ယာဉ်အန္တရာယ်လည်း မစိုးရိမ်ရတဲ့အပြင် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ကလည်း အဝင်အပေါက်ဝမှာကတည်းက တုတ်၊ ဓားလက်နက်အပြင် အရက်သေစာတွေကို သယ်ဆောင်ခွင့်မပြုတဲ့အတွက် စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ရေကစားရပါတယ်၊ ရမည်းသင်းမြို့နယ်ကလာတဲ့ အမျိုးတွေဆို ရေကစားပြီး ရှမ်းကန်မှာ ကုသိုလ်အဖြစ် ငါးစာကျွေး၊ ငါးလွှတ်၊ ငှက်လွှတ်ရလို့ အလွန်ပျော်နေကြတာပါ"ဟု နေပြည်တော် ပုဗ္ဗသီရိမြို့နယ်မှ ဦးအောင်ကိုကိုက ပြောသည်။

**စိုးမိုး(ပြန်/ဆက်)**

# မြန်မာ့ရိုးရာမယ်စဲ့သင်္ကြန်ပွဲ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဆင်နွှဲ

**မယ်စဲ့ ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အကြတ်နေ့ကို ဧပြီ ၁၅ ရက် နံနက် ၈ နာရီခွဲက မယ်စဲ့မြို့ မြို့နယ်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာ ဆက်လက်ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘော်လခဲခရိုင် အုပ်ချုပ်ရေးမှူးဦးမိုးထက်၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် အကြတ်နေ့ နံနက်ပိုင်းဖျော်ဖြေရေး အစီအစဉ်များအဖြစ် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ခုနစ်ဖွဲ့နှင့် ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ သင်္ကြန်မောင်မယ်များက ဖျော်ဖြေတင်ဆက်ကပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ခဲ့သည်။ ညနေပိုင်းတွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိသော ယိမ်းအဖွဲ့များကို မဟာသင်္ကြန်အတက်နေ့၌ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြို့မ ဘုန်းတော်ကြီးကျောင်းမှဆရာတော်၊ သံဃာတော်များနှင့် သက်ကြီးဘိုးဘွားများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မယ်စဲ့မြို့ မဟာသင်္ကြန်ပွဲတော်၌ မြို့ပေါ်ရပ်ကွက် မဏ္ဍပ်များတွင် ရပ်ကွက်၊ ကျေးရွာများမှ ရေပက်ခံသူများ၊ အိမ်နီးချင်း ထိုင်းနိုင်ငံ ဆောင်ဟိန်နှင့် ခွန်ယွန်းတို့မှ ပြည်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ သင်္ကြန်ချစ်သူ ပြည်သူများက အေးချမ်းပျော်ရွှင်စွာ ရေကစားကြသလို မဏ္ဍပ်များအလိုက် စတုဒိသာအကျွေးအမွေးများဖြင့် ကုသိုလ်ဒါနပြုခြင်းများလည်း ပြုလုပ်ခဲ့ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနမဏ္ဍပ်များတွင် အတာရေကစား

**ဘားအံ ဧပြီ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့၏ ၁၃၇၉ ခုနှစ် မဟာသင်္ကြန် အကျနေ့ ဧပြီ ၁၄ ရက် နံနက် ၈ နာရီခွဲမှ စတင်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကမ်းနားလမ်းတစ်လျှောက်ရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာန မဏ္ဍပ်များတွင် အတာရေအေးပက်ဖျန်း၍ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြကြောင်း သိရသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ် အစိုးရအဖွဲ့ကကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့ သံလွင်မြစ် ကမ်းနားလမ်းတစ်လျှောက်ရှိ မဏ္ဍပ်ကြီးများဖြစ်သော ဗဟိုမဏ္ဍပ်နှင့်ဝန်ကြီးဌာနမဏ္ဍပ် ခြောက်ခုတို့တွင်လှည့်လည် ရေကစားခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား သက်ဆိုင်ရာမဏ္ဍပ်များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သီဆိုကပြည့်ခံဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် စတုဒိသာဧည့်ခံကျွေးမွေးမှုအားသုံးဆောင်အားပေးခြင်း၊ သင်္ကြန်ယိမ်းအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများချီးမြှင့်ခြင်းနှင့် ရေကစားမဏ္ဍပ်များတွင် အများပြည်သူ၏ လွတ်လပ်ပျော်ရွှင်စွာ အတာရေကစားနေမှုကို ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးခဲ့ပြီး မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နှစ်ဟောင်းမှမကောင်းမှုအညစ်အကြေးများကို ဆေးကြောသန့်စင်၍ နှစ်သစ်တွင် ဘေးဘယာကင်းကွာ ကျန်းမာရွှင်လန်း ချမ်းမြေ့စွာနှင့် စိတ်သစ်၊ လူသစ်၊ အားအင်သစ်များဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်စေရန် အေးချမ်းပျော်ရွှင်စွာဖြင့် အတာရေပက်ဖျန်း ရေကစားခဲ့ကြကြောင်း သိရသည်။

အလားတူ ညခင်းပိုင်းတွင် ဗဟိုမဏ္ဍပ်၌ အဆို၊ အက၊ အရေး၊ အတီး ကိုယ်ပိုင်သံစဉ်များဖြင့် သီဆိုတီးမှုတ် ကပြယှဉ်ပြိုင်ကြမည့် မဟာသင်္ကြန်ယိမ်းအဖွဲ့များ၊ ပညာရေးနှင့်ဌာနဆိုင်ရာမိသားစုများ၏ ဖျော်ဖြေရေးယိမ်းအဖွဲ့များ ကပြယှဉ်ပြိုင်ဖျော်ဖြေမှုအား အများပြည်သူတို့နှင့်အတူ အားပေးကြည့်ရှုမည်ဖြစ်ပြီး ဂုဏ်ပြုဆုငွေနှင့် ပြိုင်ပွဲတွင် ဆုရရှိသည့် ယိမ်းအဖွဲ့များအား ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ ညခင်းတွင် ဆုများ ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပြည်မြို့၌ မြန်မာ့ရိုးရာ အတာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ စည်ကားစွာကျင်းပ

**ပြည် ဧပြီ ၁၅**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဧပြီ ၁၃ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စိုးစိုးကြည်၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်တို့က အတာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ သဲကုန်း၊ ပေါင်းတည် စသည့် ပြည်ခရိုင်အတွင်းရှိ မြို့နယ်များမှ လှပျိုဖြူ သင်္ကြန်ယိမ်းအဖွဲ့များက မြနန္ဒာသီချင်း၊ ရှာပုံတော်မင်းသားကြီးသီချင်းတို့ဖြင့် ကပြဖျော်ဖြေကြပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက သင်္ကြန်လှပျိုဖြူယိမ်းအဖွဲ့များအား သပြေခက်ဖြင့် အတာရေများ ပက်ဖျန်းပေးကြကြောင်း သိရသည်။

**မင်းမင်းစိုး(ပြည်)**

# ကော့သောင်းပင်လယ်သင်္ကြန်ပွဲ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ဆင်နွှဲ

**ကော့သောင်း ဧပြီ ၁၅**

ကော့သောင်းမြို့၏ ၂၀၁၈ ခုနှစ် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့တွင် မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ပြည်ပခရီးသွား ဧည့်သည်များ ပင်လယ်သင်္ကြန်ပွဲတော်အား ဆင်နွှဲရန် အများအပြား လာရောက်ကြသည်ကို တွေ့ရသည်။

ကော့သောင်းမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်အား နှစ်စဉ်ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များ ထူးကဲစွာ လာရောက်လည်ပတ်ကြပြီး သာယာလှပတင့်မောဖွယ် ကမ်းခြေသဲသောင်များရှိရာ၊ ပင်လယ်ကျွန်းများရှိ အပန်းဖြေဟိုတယ်များရှိရာ အက်ဒမန်ပင်လယ်အတွင်း ပင်လယ်ကျွန်းများဆီသို့ ပင်လယ်သင်္ကြန်ပွဲတော်ရက်များအတွင်း သွားရောက်အနားယူလည်ပတ်ဆင်နွှဲကြမည့် ခရီးသွားဧည့်သည်များ မိမိသွားရောက်လည်ပတ်ကြမည့် ပင်လယ်ကျွန်းများရှိ ခရီးသွားလုပ်ငန်း ကုမ္ပဏီများမှ ပို့ဆောင်ပေးမည့် SPEED BOAT များ၊ ခရီးသွားဧည့်သည်များဖြင့် ကော့သောင်းမြို့၏ မြို့မဆိပ်ကမ်းတံတားတွင် သင်္ကြန်အကျနေ့၌ ကြက်ပျံမကျစည်ကားလှသည်ကို တွေ့မြင်ရသည်။



သဘာဝ ပင်လယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုနှင့်အတူ ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်တွင်းအပါအဝင် ပြည်ပခရီးသွားဧည့်သည်များသည် မိသားစုအလိုက် သင်္ကြန်အကြိုနေ့မှ ကော့သောင်းမြို့သို့ စတင်ရောက်ရှိကြပြီး ကော့သောင်းမြို့၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား မြို့ပေါ်ရပ်ကွက်များအနှံ့ ရေကစားနွှဲပျော်ကြပြီး သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် သာယာကြည်နူးဖွယ်ကောင်းသည့် နိုင်ငံတကာ စံချိန်မီ ပင်လယ်ကျွန်းများဆီသို့ အနားယူအပန်းဖြေရင်း ထူးခြားဆန်းပြားသည့် ပင်လယ်သင်္ကြန်ပွဲတော်ကိုလာရောက်နွှဲပျော်ကြခြင်းဖြစ်သည်။

လာရောက်လည်ပတ်ဆင်နွှဲကြသည့် သင်္ကြန်ခရီးသွားဧည့်သည်များမှာ သင်္ကြန်အကျနေ့တစ်ရက်တည်းတွင်ပင် လူဦးရေ ၈၀၀ ကျော်ခန့်ရှိကြောင်း မိုးထိပ်ထားခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကုမ္ပဏီ ဒါရိုက်တာ ဦးယဉ်ထွေးက ပြောသည်။ ပင်လယ်သင်္ကြန်ပွဲဆင်နွှဲမည့် ခရီးသွားများအား မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့မှ ပင်လယ်ပြင်လုံခြုံရေးနှင့် မမျှော်မှန်းနိုင်သည့် အရေးပေါ်အန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်နိုင်ရေး လုပ်ငန်းများကြိုတင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## ကျွန်းအပန်းဖြေ ခရီးသွားသင်္ကြန် နွှဲပျော်ကြမည့် ပြည်သူများဖြင့် မြိတ်ဆိပ်ကမ်းတွင် စည်ကား

**မြိတ် ဧပြီ ၁၅**
၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလတွင် မြိတ်-ကျွန်းစုရှိ သဘာဝအလှတရားများဖြင့် သာယာလှပသည့် ကျွန်းများသို့ အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများမှ လေယာဉ်၊ ကားကြီး၊ ကားငယ်များဖြင့် မြိတ်မြို့သို့ လာရောက်ကြပြီး ကျွန်းအပန်းဖြေ ခရီးသွားသင်္ကြန်အဖြစ် ကျွန်းများသို့ သွားရောက်ကြရာ မြိတ်ဆိပ်ကမ်း၌ ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက စည်ကားခဲ့ကြောင်း သိရသည်။

မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေ ခရီးသွားရောက်နိုင်သည့် ကျွန်းများမှာ လေးကျွန်း၊ ဒိုးကျွန်း၊ ဒိုးရေတံခွန်၊ နတ်သမီး ရေတွင်းကျွန်း၊ ပါပန့်ကျွန်း၊ တောင်ပံကြီးကျွန်း၊ လိပ်ဥစောင်ကျွန်း၊ ကြယ်လိပ်ကျွန်း၊ ခနသိဒ္ဓိကျွန်း၊ သဲနက်တန်း (နှစ်ဖက်လှ) ကျွန်း စသောကျွန်းများရှိရာ သင်္ကြန်ကာလတွင် ကျွန်းအပန်းဖြေ ခရီးသွားသင်္ကြန်အဖြစ် နွှဲပျော်ကြမည့် သင်္ကြန်ချစ်သူပြည်သူများမှ လေးကျွန်းနှင့် ပါပန့်ကျွန်း ခရီးစဉ်ကို ပိုမိုသွားရောက်ခဲ့ကြကြောင်း သိရသည်။

သင်္ကြန်ကာလ ကျွန်းအပန်းဖြေ ခရီးသွားသင်္ကြန်အဖြစ် လာရောက်အပန်းဖြေခဲ့ကြသည့် အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများသည် သင်္ကြန်အကြိုနေ့တွင် ၆၀၀ ကျော်၊ သင်္ကြန်အကျနေ့တွင် ၈၀၀ ကျော်နှင့် သင်္ကြန်အကြတ်နေ့တွင်လည်း ၈၀၀ ကျော် သွားရောက်အပန်းဖြေ နွှဲပျော်ခဲ့ကြကြောင်း BLISSFUL MYANMAR ခရီးသွားလုပ်ငန်းမှ ဒေါက်တာသိန်းရွှေမြင့်ထံမှ သိရသည်။ မြိတ်ကျွန်းစုရှိ ကျွန်းများသည် ဒေသခံများ၊ ခရီးသွားပြည်သူများ အပန်းဖြေအနားယူနိုင်သည့် သဘာဝအလှတရားများဖြင့် သာယာလှပသော ကျွန်းများဖြစ်ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

## မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ကမ္ဘာလှည့်ခရီးသွားများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**မန္တလေး ဧပြီ ၁၅**
မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ခရစ်နှစ် ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ကမ္ဘာလှည့်ခရီးသွားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယခုနှစ်တွင် မန္တလေးမြို့တော်၌ မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်၊ ယဉ်ကျေးမှု သင်္ကြန်၊တိုင်းရင်းသားသင်္ကြန်ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပြည်တွင်းပြည်ပခရီးသွားများ အထူးစိတ်ဝင်တစားလာရောက်လည်ပတ်ကြပြီး ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

"မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ကို ယခုနှစ်မှ လာရောက်လည်ပတ်ဖူးတာပါ။ အလွန်စည်ကားပါတယ်၊ ကျွန်တော်တို့ အစီအစဉ်က ပုဂံဘက်ကို သွားရောက်လေ့လာမလို့ပါ။ မန္တလေးမှာ လမ်းလျှောက်သင်္ကြန်ရှိတယ်ဆိုလို့ လာရောက် လေ့လာတာပါ။ အလွန်စည်ကားပြီး အလွန်ပဲပျော်စရာကောင်းပါတယ်၊ မန္တလေးလမ်းလျှောက်သင်္ကြန်ကို လွတ်လပ်စွာ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်"ဟု ဂျာမနီနိုင်ငံသား Mr. Dennis က ပြောသည်။

မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတွင် ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ အလှပြင်မဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ တိုင်းရင်းသားလူမျိုးစုများ၏ မဏ္ဍပ်များ၊ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရေကစားသူများ၊ ပြည်တွင်းပြည်ပလာရောက်လည်ပတ်ကြသူများ၊ သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းနှင့် ရေကျော် လမ်းထိပ်ဆုံ မီးပွိုင့်တွင် ဧပြီ ၁၅ ရက် သင်္ကြန် အကြတ်နေ့၌ ယာဉ်အန္တရာယ် ကင်းရှင်းစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆောင်ရွက် နေသည်ကို တွေ့ရစဉ်။

၁၁၈

## ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် ကမ္ဘာလှည့်ခရီးသည်များ နယ်စပ်ဝင်ပေါက်မှ လာရောက်လည်ပတ်

**နေပြည်တော် ဧပြီ ၁၅**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ဝင်/ထွက်သွားလာမှု အဆင်ပြေရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ လေကြောင်း၊ ရေကြောင်းများဖြင့် သာမက နယ်စပ် ဝင်/ထွက်ပေါက်များမှလည်း လာရောက် လည်ပတ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတကာမှ ခရီးသွားများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို စီးနင်း၍ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီး မြန်မာနိုင်ငံ၏ သဘာဝအလှအပရှုခင်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများကို လေ့လာ၍ နိုင်ငံဖြတ်ကျော်ယာဉ်တန်း ခရီးစဉ်များဖြင့် လာရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကူညီဆောင်ရွက်ပေးမှုနှင့် Pegu Travels Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် ဗြိတိန်နိုင်ငံသား ၁၀ ဦးတို့သည် ကိုယ်ပိုင်မော်တော်ယာဉ် နှစ်စီး၊ မော်တော်ဆိုင်ကယ် လေးစီးဖြင့် မတ် ၂၄ ရက်မှ ဧပြီ ၁ ရက်အထိ ရန်ကုန်မြို့သို့ ဝင်ရောက်လာပြီး ရန်ကုန်-ပြည်-ပုဂံ-အင်းလေး-လွိုင်ကော်-တောင်ငူ-ကျိုက်ထီးရိုး-ဘားအံ-မြဝတီ ခရီးစဉ်များကို သွားရောက်၍ အဆိုပါဒေသများရှိ ထင်ရှားသောနေရာများကို လည်ပတ်ခဲ့ကြပြီး ဧပြီ ၁ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့အပြင် Bright Orient Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မလေးရှားနိုင်ငံသား သုံးဦးနှင့် ဩစတြေးလျနိုင်ငံသား တစ်ဦးတို့သည် ကိုယ်ပိုင်မော်တော်ယာဉ် တစ်စီးဖြင့် မတ် ၂၈ ရက်မှ ဧပြီ ၈ ရက်အထိ တမူး-ကလေး-ဂန့်ဂေါ-မုံရွာ-မန္တလေး-ပုဂံ-ကလော-ပင်းတယ-အင်းလေး- တောင်ကြီး-နမ့်စန်- ကျိုင်းတုံ- တာချီလိတ်မြို့များသို့ သွားရောက်၍ အဆိုပါဒေသများရှိ ထင်ရှားသောနေရာများကို လည်ပတ်ခဲ့ကြသည်။

ယခုအချိန်သည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ကောင်းမွန်နေသည့်အချိန်ဖြစ်သဖြင့် ခရီးသွားဧည့်သည်များအနေဖြင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့်လည်းကောင်း၊ ၎င်းတို့၏ အစီအစဉ်ဖြင့်လည်းကောင်း ဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏ ထင်ရှားသောဒေသများသို့ သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**



## သင်္ကြန်ပွဲတော်တွင် အများပြည်သူ ဘေးကင်းလုံခြုံစွာ ပျော်ရွှင်စွာ ရေကစားနိုင်ရေး ဘားအံရဲတပ်ဖွဲ့ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

**ဘားအံ ဧပြီ ၁၅**
ကရင်ပြည်နယ် ဘားအံမြို့တော်တွင် သင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မဟာသင်္ကြန်ပွဲတော်တွင် အများပြည်သူအားလုံး စိတ်အေးချမ်းမြေ့ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ဘားအံမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အပိုင်းသုံးပိုင်းခွဲ၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

သင်္ကြန်လုံခြုံရေးဆောင်ရွက်ရာတွင် ဧပြီ ၁ ရက်မှ ၁၂ ရက်အထိ အကြိုကာလကို လုံခြုံရေးအဖြစ် သတ်မှတ်ဆောင်ရွက်ပြီး ဧပြီ ၁၃ ရက်မှ ၁၇ ရက်အတွင်း သင်္ကြန်ပွဲတော်ကျင်းပစဉ် လုံခြုံရေးအဖြစ် သတ်မှတ်ထားကာ ဧပြီ ၁၈ ရက်မှ ၃၀ ရက်အထိ မဟာသင်္ကြန်ပွဲတော် ကျင်းပပြီးကာလအဖြစ် လုံခြုံရေးအပိုင်း သုံးပိုင်းခွဲထားကာ အပိုင်းလိုက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ထိုသို့ အပိုင်းလိုက်ဆောင်ရွက်ရာတွင် အကြိုကာလတစ်လျှောက်လုံးတွင် အသိပညာပေးပြောကြားခြင်း၊ ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်မှုအနေနဲ့ မြို့ဝင် မြို့ထွက်များတွင် ရှာဖွေစစ်ဆေးခြင်း၊ ထိရောက်သည့်ကြိုတင်ကာကွယ်မှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ စည်းကမ်းချက်များထုတ်ပြန်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဘားအံမှာ သင်္ကြန်ရောက်ရင် ဖြစ်တတ်တဲ့ မှုခင်းတွေကတော့ လူငယ်တွေ အကျီဆင်တူဝတ်ပြီး အုပ်စုဖွဲ့ ပျော်ကြရာကနေ ခိုက်ရန်ဖြစ်ပွားတာတွေ ဖြစ်လေ့ရှိတယ်၊ ယာဉ်တိုက်မှုတွေ၊ ယာဉ်တိမ်းမှောက်မှုတွေ၊ ရေနစ်သေတာတွေ ဖြစ်လေ့ရှိတယ်၊ သင်္ကြန်ရေကစားနေတဲ့ လူငယ်တွေအကြား မူးယစ်ဆေးဝါး သုံးစွဲခြင်းတွေနဲ့ ကာမနိုးကြွစေတဲ့ဆေးဝါးတွေသောက်သုံးတိုက်ကျွေးတာမဖြစ်ရအောင်လည်း တာဝန်ရှိသူတွေက စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

ဘားအံမြို့နယ်အတွင်း သင်္ကြန်ပွဲတော်ကာလ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များအပြင် တန်ခိုးကြီးဘုရားများ၊ အထင်ကရ စေတီပုထိုးများနှင့် ဂူဘုရားများ၊ ရေတံခွန်များအပါအဝင် အများပြည်သူဝင်ထွက်သွားလာမှုများသည့် နေရာများတွင်လည်း ပူးပေါင်းအဖွဲ့များဖြင့် လုံခြုံရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် သင်္ကြန်ပွဲတော်ကျင်းပပြီး ကာလတွင် မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး (ဘားအံ)**

# စွမ်းသလောက်တော့ ကိုယ်ကြိုးစားခဲ့ပါတယ်

သိုက်စိုးထွန်း(နတ်ရွာ)

အလုပ်တစ်ခုလုပ်ပြီးတိုင်းပြီးတိုင်းမှာ ကိုယ်မျှော်မှန်းထားသလောက် ခရီးမရောက်ခဲ့ဘူးဆိုရင် ပြောလေ့ရှိတဲ့ စကားလေးတွေရှိတယ်။ "အေးကွာ၊ ကိုယ်လည်းတတ်နိုင်သလောက်တော့ ကြိုးစားခဲ့တာပဲ။ ကိုယ့်အစွမ်းရှိသလောက်တော့ လုပ်ခဲ့တာပဲ။ ကိုယ့်ကံကိုက ဒီလောက်ပဲပေးတော့ ဘယ်တတ်နိုင်ပါ့မလဲကွာ" စသည် အားဖြင့်ပေါ့။ ကိုယ့်ဘာသာဖြေသိမ့်တဲ့အနေနဲ့ပဲဖြစ်ဖြစ်၊ အခြားသူတွေကို ဆင်ခြေဆင်လက်ပြန်ပေးတဲ့ နေရာမှာပဲဖြစ်ဖြစ် ဒီလိုပြောတတ်ကြပါတယ်။ စွမ်းသလောက်တော့ ကိုယ်ကြိုးစားခဲ့ပါတယ်ဆိုတဲ့ စိုင်းထီးဆိုင်ရဲ့ သီချင်းလေးကိုလည်း ညည်းမိတတ်ကြတယ်လေ။

**အဓိပ္ပာယ်ကတော်တော်ကိုကျယ်ပြန့်**

တကယ်တမ်းကျတော့ စွမ်းသလောက်၊ တတ်နိုင်သလောက်ဆိုတဲ့စကားလုံးတွေရဲ့ အဓိပ္ပာယ်က တော်တော်ကို ကျယ်ပြန့်ပါတယ်။ စွမ်းသလောက်တော့ ကိုယ်ကြိုးစားခဲ့ပါတယ်လို့ ဆိုညည်းပြီးကာမှ ကိုယ်စွမ်းသလောက် တကယ်ကြိုးစားခဲ့တာ ဟုတ်ရဲ့လားဆိုတဲ့ သံသယစိတ်တွေက ပြန်ပြန်ဝင်မိပါတယ်။ ဟုတ်တယ်လေ။ ဥပမာဆိုပါတော့။ ဆယ်တန်းဖြေခဲ့တယ်။ အောင်တော့အောင်တယ်၊ ဘာဂုဏ်ထူးမှမပါဘူး။ စာဖြေခန်းက ထွက်လာတဲ့အချိန်တုန်းက 'တတ်နိုင်သလောက်တော့ ကြိုးစားခဲ့ပြီးပြီ၊ အောင်တာ၊ မအောင်တာကတော့ ကံပေါ့' လို့ ပြောခဲ့တယ်။ တကယ်တမ်းပြန်စဉ်းစားကြည့်လိုက်တော့ အဲ့ဒီတုန်းက ကိုယ်ကြိုးစားခဲ့တာက ကိုယ်ကြိုးစားနိုင်တဲ့ အတိုင်းအတာအားလုံးအထိ အစွမ်းကုန်ထုတ်သုံးပြီးမလုပ်ဖြစ်ခဲ့ဘူး၊ ကြိုးစားခဲ့တယ်ဆိုတဲ့ စကားလုံးထက်စာရင် အတန်းတက်လိုက်၊ စာလေးဖတ်လိုက်၊ တောင်တွေးမြောက်တွေး တွေးလိုက်၊ အိပ်ငိုက်လိုက်၊ ငေးလိုက်ငိုင်လိုက်နဲ့ အချိန်တွေကုန်လွန်ခဲ့တယ်လို့ပြောရရင် ပိုမှန်လိမ့်မယ်ဆိုတာ အထင်းသားပြန်ပေါ်လာတယ်။

ဒီလိုပါပဲ။ တခြားကိစ္စတွေလည်းဒီလိုပါပဲ။ ပညာရေးမှာ ဒီ့ထက်မကကြိုးစားသင့်ခဲ့ပေမယ့် သက်သက်သာသာပဲ ကြိုးစားခဲ့တယ်။ အလုပ်ခွင်ထဲမှာလည်း ဒီ့ထက်ပိုပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လို့ရတာတွေ အများကြီးရှိနေသေးရဲ့သားနဲ့ မလုပ်ဖြစ်ခဲ့တာတွေရှိတယ်။ လူမှုရေးမှာလည်း ဒီ့ထက်မက ပိုပြီးရိုးသားလို့ရသေးရဲ့သားနဲ့၊ ဒီ့ထက်မက ပိုပြီးယဉ်ကျေးလိမ္မာလို့ရသေးရဲ့သားနဲ့ အဲ့ဒီအတိုင်းအတာအထိ မရောက်ခဲ့ဘူး။ ဘဝကို သက်သာသလိုလေး ဖြတ်သန်းခဲ့မိတဲ့ အဖြစ်တွေက တော်တော်လေးအများသားဆိုတာကို ပြန်ပြန်တွေ့နေရတယ်။ ကိုယ့်ဘဝနောက်ကြောင်းကို ပြန်လှည့်ပြီး တွေးမိတိုင်း၊ တွေးမိတိုင်း ကြိုးစားခဲ့သင့်သလောက် အတိုင်းအတာအထိ မကြိုးစားဖြစ်ခဲ့တာတွေက တော်တော့ကို များလှပါလားဆိုတာကို ပြန်မြင်ရတယ်။ တချို့ကိစ္စတွေမှာ သိပ်မကြိုးစားဖြစ်ခဲ့တာက ဘာပြဿနာမှ ကြီးကြီးမားမားမဖြစ်ပေမယ့် တချို့ကိစ္စတွေမှာ ပေါ့လျော့ခဲ့မိတာအတွက်ကျတော့ အဲဒီအတွက်ပြန်ပေးလိုက်ရတဲ့ ဆုံးရှုံးမှုက ပိုကြီးမားနေပြန်ရော။

ဒီလိုအဖြစ်မျိုးက လူတိုင်းမှာရှိကြမယ်ထင်ပါတယ်။ ဒီနေရာမှာတုန်းက ဒီလိုလေးကြိုးစားလို့ အောင်မြင်ခဲ့ပေမယ့် ဟိုနေရာတုန်းက သိပ်မကြိုးစားခဲ့လို့ မအောင်မြင်ခဲ့ဘူး။ ကဏ္ဍအလိုက် ပြန်ပြန်သုံးသပ်ကြည့်လိုက်ရင် ကိုယ်စိုက်ပျိုးနိုင်သလောက်သာ ရိတ်သိမ်းခွင့်ရခဲ့ပါလားဆိုတာကို ပြန်တွေ့ရတယ်။ ဒီတော့ မစိုက်ဘဲ ပြုတ်စားခဲ့မိတဲ့ မျိုးစေ့လေးတွေအတွက် ပြန်တွေးပြီး စိတ်မကောင်းဖြစ်ရပြန်ရော။

မအောင်မြင်ခဲ့တဲ့ကိစ္စလေးတွေကို ပြန်တွေးနေရင်းက တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်တယ်ဆိုတာထက် ဖြေဆည်ရာရှာပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်နှစ်သိမ့်နေမိသလိုဖြစ်နေတယ်။ မအောင်မြင်ခဲ့တာကို ဘာ့ကြောင့်မအောင်မြင်ခဲ့တာလဲ၊ ကိုယ်က ဘယ်နေရာမှာ ဘယ်အတိုင်းအတာအထိ ဆက်ပြီးအရှိန်မြှင့်လိုက်ရင် ဘယ်လောက်အထိ အောင်မြင်သွားနိုင်သလဲဆိုတာမျိုး ပြန်သုံးသပ်ပြီး သင်ခန်းစာရှာပြီးတော့မှ နောင်လာမယ့် ကိစ္စတွေအတွက် မောင်းတင်အားခဲဖို့တော့ သိပ်မစဉ်းစားဖြစ်ခဲ့ဘူး။ ကိုင်းပါလေ၊ ကိုယ်လည်း ကြိုးတော့ကြိုးစားခဲ့တာပဲ။ တစ်ဖက်လူက ဘယ်နေရာ၊ ဘယ်ကဏ္ဍတွေမှာ ကိုယ့်ထက်အပုံကြီးသာနေတယ်၊ သူ့ရဲ့ ဘဝပေးကုသိုလ်ကံကိုက ကောင်းနေတာကိုး။ ကိုယ်က သူ့လောက်မှ အခွင့်အလမ်းမသာခဲ့တာ၊ သူ့လောက် ဘယ်အောင်မြင်နိုင်ပါ့မလဲ။ ဒီလိုလေးတွေ ပြန်တွေးရင်းတွေးရင်းသာ ကျေနပ်မှုကိုရှာခဲ့ရတာလေ။

တကယ်တမ်းကျတော့ လူတစ်ယောက်ရဲ့အစွမ်းအစဆိုတာ အများကြီးမှ တကယ့်ကိုအများကြီးပါ။ အဲ့ဒီအစွမ်းအစတွေထဲမှာ ထုတ်သုံးဖြစ်ခဲ့တဲ့အစွမ်းအစတွေက တကယ့်ကို နည်းနေဦးမယ်ထင်တယ်။ ငယ်ငယ်တုန်းက ဝမ်းကွဲညီတစ်ယောက်ကို ပန်းချီဆွဲပေးဖြစ်ခဲ့တာလေးတွေကို ပြန်အမှတ်ရမိသေးတယ်။ အဲ့ဒီတုန်းက ကိုယ်ကတော့ သူတောင်းဆိုတဲ့ပုံလေးတွေကို တတ်သလောက်၊ မှတ်သလောက် ကြိုးစားပြီးဆွဲပေးနေတာပေါ့။ ဒါကို သူက ဘေးကနေ 'ဒါပဲလား၊ ဒါအကုန်ပဲလား၊ ဒီလောက်ပဲလား၊ ဟိုလူဆွဲတာဆို ဒီ့ထက်ပီပြင်တယ်၊ ဒီထက်ပိုလှတယ်' ဆိုတာမျိုးနဲ့ ဆွဆွပေးနေတယ်။ ဆွဲသာပေးနေရတာ၊ စိတ်ထဲကတော့ အောင့်သက်သက်ကြီးပေါ့။ တစ်ခါတစ်ခါကျတော့လည်း 'အေးကွာ၊ ငါဆွဲတတ်တာတော့ ဒီလောက်ပဲ၊ မင်းမကြိုက်ရင်လည်း မင်းဘာသာဆွဲလိုက်တော့' လို့ ပြန်ပက်လိုက်မိတယ်။ သေချာပြန်စဉ်းစားကြည့်လိုက်တော့လည်း သူပြောတာ သိပ်မမှားဘူး။ 'ဒီပုံဆွဲတဲ့နေရာမှာ တတ်သမျှမှတ်သမျှ အစွမ်းအစတွေအကုန်ထုတ်သုံးပြီး စိတ်ပါလက်ပါ ဆွဲနေတာ ဟုတ်ရဲ့လား' လို့ မေးချင်ခဲ့တာဖြစ်ပါလိမ့်မယ်။ အဲ့ဒီတုန်းက သူရမယ့်ပန်းချီကားလေးကို လှနိုင်သမျှ လှလှပပ လိုချင်ခဲ့တာကိုး။ သေချာပြန်စဉ်းစားကြည့်တော့မှ သူသိပ်မမှားခဲ့ဘူးဆိုတာကို ပြန်မြင်လာမိတယ်။

**ပုံတိုပတ်စလေးတွေ**

ဟုတ်တယ်။ အစွမ်းအစဆိုတာ တစ်ခါတစ်ခါ ကိုယ်ထင်ထားတာထက်ကို ပိုမြင့်နေတတ်တာမျိုး။ ဒီသီချင်းကို ဒီလိုဆိုဟန်ဆိုပေါက်အထိ မြင့်ပြီးဆိုနိုင်မှမဟုတ်ဘူးလို့ထင်ခဲ့ပေမယ့် တကယ့်ပွဲထဲမှာ လိုအပ်တဲ့ အသံအထိ ရောက်အောင် အော်နိုင်ဟစ်နိုင်ခဲ့တာမျိုးလည်းရှိတယ်။ တစ်ယောက်တည်း လေ့ကျင့်တုန်းက ဘယ်လိုမှ မစဉ်းစားခဲ့မိတဲ့ ပုံတိုပတ်စလေးတွေသုံးပြီးတော့ ပရိသတ်ပွဲကျအောင် ဟောနိုင်ပြောနိုင်ခဲ့တာလေးတွေလည်းရှိတယ်။ ဘယ်တုန်းကမှ ခုန်ကျော်နိုင်ဖို့ စိတ်မကူးခဲ့တဲ့ အုတ်တံတိုင်းအမြင့်ကြီးကို ကိုယ့်နောက်က တဝေါင်းဝေါင်း မြည်သံဟိန်းပြီး ခွေးဆိုးလိုက်လာတဲ့ အချိန်ကျမှ လွှားခနဲခုန်ကျော်ထွက်ပြေးနိုင်ခဲ့တာမျိုးလည်းရှိတယ်။ မီးဟော့၊ မီးဟော့ဆိုတဲ့အသံကြားတာနဲ့ ဘယ်တုန်းကမှ မသယ်နိုင်၊ မ မနိုင်တဲ့ သေတ္တာအလေးကြီးကို တစ်ယောက်တည်း အတင်းထမ်းပြေးပြီး မီးလွတ်ရာပို့နိုင်ခဲ့တဲ့သူတွေ အများကြီးရှိတယ်။ အပြန်ကျတော့ နှစ်ယောက်ဝိုင်းမတာတောင် အင်းအင်းမြည်အောင် မနည်းမငြီး ပြန်သယ်လာကြရတာတဲ့။

**လိုတဲ့အချိန်မှာ ထုတ်သုံးနိုင်**

အရေးကြုံရင်ပေါ်ပေါ်လာတဲ့ အစွမ်းအစတွေက ကိုယ့်မှာမရှိဘဲနဲ့ ရုတ်တရက် ဘွားခနဲပေါ်ထွက်လာကြတာတော့ ဟုတ်ဟန်မတူပါဘူး။ အရင်ကတည်းက ဒီအစွမ်းအစတွေက ကိုယ့်မှာရှိနေခဲ့လို့သာလျှင် လိုတဲ့အချိန်မှာ ထုတ်သုံးနိုင်ခဲ့တာဖြစ်ရမယ်။ ဒါဆိုရင် ပုံမှန်အချိန်တွေမှာ ကျတော့ရော ဘာ့ကြောင့် ဒီလိုမဆောင်ရွက်နိုင်ရတာပါလိမ့်။ ဒါက စဉ်းစားစရာတစ်ခုပါ။ ပုံမှန်အချိန်တွေမှာလည်း လုပ်နိုင်သမျှ၊ တတ်နိုင်သမျှ အစွမ်းကုန်ထုတ်သုံးလို့ရနိုင်တဲ့ နည်းလမ်းတွေရော မရှိဘူးလားလို့ ပြန်စဉ်းစားမိတယ်။ တကယ်တော့ ဒီလိုနည်းလမ်းတွေ ရှိနေလို့သာလျှင် သာမန်လူတွေမလုပ်နိုင်တဲ့ကိစ္စတွေကို ဆပ်ကပ်ကျွမ်းဘားသမားတွေက ကျင်ကျင်လည်လည် စွမ်းဆောင်ပြနိုင်ကြတာဖြစ်ပါလိမ့်မယ်။ ဘယ်သူမှ မတက်နိုင်တဲ့ တောင်အမြင့်ကြီးကို သက်စွန့်ဆံဖျားတက်နိုင်တဲ့ သူတွေ၊ ဘယ်သူမှ မပစ်နိုင်တဲ့ ပစ်မှတ်ကို မျက်စိစုံမှိတ်ပြီး တရစပ် ပစ်ပြနိုင်တဲ့သူတွေ စသည်စသည်အားဖြင့် သာမန်လူတွေထက်ပိုပြီး လုပ်ပြနိုင်တဲ့သူတွေက တစ်ပုံကြီးရှိနေတယ်လေ။ ကိုယ့်မှာရှိသမျှ အစွမ်းအစတွေကို အကုန်ထုတ်သုံးနိုင်တဲ့နည်းတွေက အဲ့သလို လူတွေဆီမှာတော့ သေချာပေါက်ရှိနေမှာပေါ့။

> "အရေးကြုံရင်ပေါ်ပေါ်လာတဲ့ အစွမ်းအစတွေက ကိုယ့်မှာမရှိဘဲနဲ့ ရုတ်တရက် ဘွားခနဲပေါ်ထွက်လာကြတာတော့ ဟုတ်ဟန်မတူပါဘူး။ အရင်ကတည်းက ဒီအစွမ်းအစတွေက ကိုယ့်မှာရှိနေခဲ့လို့သာလျှင် လိုတဲ့အချိန်မှာ ထုတ်သုံးနိုင်ခဲ့တာ ဖြစ်ရမယ်။ ဒါဆိုရင် ပုံမှန်အချိန်တွေမှာကျတော့ရော ဘာ့ကြောင့် ဒီလိုမဆောင်ရွက်နိုင်ရ..."

သာမန်ထက်ထူးကဲပြီး လုပ်ပြရတဲ့ အလုပ်မျိုးမှာမှ မဟုတ်ပါဘူး။ ကိုယ်နိစ္စဓူဝ လုပ်ကိုင်ဆောင်ရွက်နေရတဲ့ လုပ်ငန်းလေးတွေမှာလည်း ကိုယ်လုပ်နိုင်တဲ့အတိုင်းအတာအထိ မလုပ်ခဲ့ဘဲနဲ့ ခပ်ပေ့ါပေ့ါ ခပ်လျော့လျော့ လုပ်ကိုင် ဆောင်ရွက်နေဖြစ်ခဲ့တဲ့အရာတွေက တော်တော်ကိုများလွန်းမကများနေတယ်လို့ မြင်မိပါတယ်။ တိုးတက်တဲ့ နိုင်ငံတွေက နိုင်ငံသားတွေကိုလေ့လာကြည့်လိုက်ရင် ဘယ်ကိစ္စကိုပဲလုပ်လုပ် သူတို့လုပ်နိုင်သမျှ အစွမ်းကုန် ထုတ်သုံးပြီးတော့၊ သူလုပ်ဆောင်နေတဲ့လုပ်ငန်းတစ်ခုအတွက် သူတတ်နိုင်သမျှ အဘက်ဘက်က လိုလေသေးမရှိရလေအောင် ဘက်စုံထောင့်စုံ စဉ်းစားပြီးတော့မှ သေသေချာချာ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လေ့ရှိကြတာကို တွေ့ရပါတယ်။ လှေကားလေးတစ်ခု၊ လူသွားစင်္ကြံလေးတစ်ခုပဲဆိုပါစို့။ ကိုယ်ဆိုရင် ပုံမှန်အတိုင်းလေးပဲ ဘိလပ်ကလေးနဲ့၊ အုတ်ကလေး၊ ကျောက်ကလေးနဲ့၊ သစ်သားကလေးနဲ့ ဒီအတိုင်းသာမန်လေးပဲ လုပ်ပေးလိုက်မှာ ဖြစ်ပေမယ့် သူတို့နိုင်ငံက တည်ဆောက်ရေးသမားတွေကျတော့ ဒီလိုမဟုတ်တော့ဘူး။ အမြင်အာရုံချို့တဲ့သူတွေအတွက် အဖုအထစ်၊ သင်္ကေတလေးတွေ တပ်ထားတယ်။ ရုတ်တရက် အလောတကြီးလျှောက်လိုက်ရင် ချော်လဲမှာစိုးလို့ မျက်နှာကို အရမ်းကြီးချောမထားဘဲ ပြုတ်ကလေးတွေထည့်ထားတယ်။ သက်ကြီးရွယ်အိုတွေအတွက် လက်ရန်းကလေးတွေ သေချာစနစ်တကျ လုပ်ပေးထားတယ်။ မသန်စွမ်းသူတွေအတွက် ဝှီးချဲဘီးလမ်းကလေးတွေ လုပ်ပေးထားတယ်။ မီးပွိုင့်ရောက်ပြန်တော့ မီးစိမ်းပြရင်မြည်တဲ့အသံ၊ မီးနီပြရင် မြည်တဲ့အသံရယ်လို့ ခွဲခြားပြီးတော့ အမြင်အာရုံ ချို့တဲ့သူတွေပါ အဆင်ပြေပြေ သွားနိုင်လာနိုင်အောင် စီစဉ်ပေးထားတယ်။

အာကာသသိပ္ပံပညာရှင်တွေက ဘယ်ဂြိုဟ်ကို ဘယ်ယာဉ်နဲ့သွားရင်ရနိုင်မလဲ၊ ဘာတွေလေ့လာနိုင်မလဲဆိုတာတွေကို အမြဲမပြတ်စဉ်းစားဖော်ထုတ်နေသလို၊ ဆေးသိပ္ပံပညာရှင်တွေက ဘယ်ရောဂါအတွက် ဘယ်ဆေးဝါးနဲ့ ကုသရင်ပျောက်ကင်းနိုင်မလဲလို့ စူးစမ်းနေသလိုပဲ ပန်းကန်ဆေးတဲ့သူကလည်း ဒီပန်းကန်တွေကို သပ်သပ်ရပ်ရပ် မကွဲမရှဘဲ၊ လျင်လျင်မြန်မြန် ဆေးနိုင်ကြောနိုင်အောင် ဘယ်လိုလုပ်ရင်ရနိုင်မလဲဆိုတာကို အမြဲစဉ်းစားပြီး စဉ်းစားမိတဲ့အတိုင်းပဲ ကြိုးစား လုပ်ကိုင်ဆောင်ရွက်နေကြတယ်။

သူတို့စဉ်းစားလုပ်ကိုင်သမျှ လုပ်ရပ်တွေက အရာရာကို အသေးအဖွဲရယ်လို့ သဘောမထားဘဲ အားလုံးကို အကောင်းဆုံးအနေအထားအထိ စဉ်းစားပြီးမှ ဒီအတိုင်းလုပ်ကြကိုင်ကြတာကိုတွေ့ရတယ်။ ပြီးတော့ ဒီမှာတင်ရပ်ပြီးကျေနပ်နေတာလည်းမဟုတ်ပြန်ဘူး။ ဒီ့ထက်ကောင်းအောင် ဘယ်လိုလုပ်လို့ရသေးသလဲဆိုတဲ့ သုတေသနလုပ်ငန်းက စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နေကြတာကိုတွေ့ရတယ်။ သြော်၊ ဒါ့ကြောင့်လည်း မောင်မင်းကြီးသားများ တိုးတက်ဖွံ့ဖြိုးပြီး ရှေ့တန်းရောက်သွားကြတာပါလားရယ်လို့ ကောက်ချက်ဆွဲလိုက်မိတယ်။

**ဒီလိုအတွေးမျိုးလည်းရှိသေး**

ကိုယ့်ဆီမှာကျတော့၊ ဒီနေရာမှာ ကိုယ့်ဆီမှာလို့ သုံးလိုက်တာထက် ကိုယ်တွေကျတော့လို့ သုံးလိုက်မှ ဝါးလုံးသိမ်းရိုက်တယ်လို့ ပြောခံရတဲ့ဘေးက လွတ်နိုင်မယ်ထင်တယ်။ ကိုယ်တွေကျတော့ ဒီလိုမဟုတ်လေဘူး။ ဒီကိစ္စ ဒီလောက်အထိလုပ်လိုက်ရင်တော့ ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒါက အဲ့လောက်အထိမလုပ်လည်းရပါတယ်။ ဒီလောက်ကလေးဆို ဖြစ်တယ်မဟုတ်လား။ ဒီအဆင့်လောက်ရောက်ရင်ကို ဟိုလူတွေက လက်ခံမှာပါ။ အင်း၊ ဟုတ်တယ်ဟုတ်တယ်။ ဘယ်ပစ္စည်းလေးကို လျှော့သုံးလိုက်၊ ဘယ်ဟာလေးက ဟိုလောက်အထိလုပ်စရာမလိုဘူး၊ ဒီလောက်လေးဆိုရပြီ။ အေးအေး၊ တော်တော့ ဒီလောက်နဲ့ပဲ ရပ်လိုက်တော့ဆိုတာမျိုး။

ဒီ့ထက်ပိုဆိုးတာရှိပါသေးတယ်။ ရုံးဌာနတွေ၊ အဖွဲ့အစည်းတွေမှာပေါ့။ ဥပမာ- ကွန်ပျူတာရိုက်မယ့်သူက လိုနေတယ်။ စာက အရေးတကြီးထုတ်ဖို့လိုနေပြီ။ ဒါပေမယ့် ကွန်ပျူတာသမားက ရုံးမှာမရှိဘူး။ ခွင့်ယူထားတယ်။ ဒါဆို တခြားရိုက်တတ်တဲ့သူက ဝင်ရိုက်ပေးပေါ့။ ရိုက်လည်းရိုက်တတ်တယ်။ ဒါပေမယ့် အထက်လူကြီးက "မင်း၊ ကွန်ပျူတာစာစီတတ်သလား" လို့မေးရင် "မစီတတ်ဘူးဗျ" လို့ပဲ ချက်ချင်းပြန်ဖြေတယ်။ ပြီးရင် လစ်ပြေးရော။ ဒီလိုပဲ။ နိုင်ငံတကာသံရုံးတွေ၊ အဖွဲ့အစည်းတွေကနေ စာဝင်လာတယ်။ စာက အင်္ဂလိပ်လိုချည်းရေးထားတာ။ ဒါကို အလွတ်သဘော မြန်မာပြန်ဆိုပြီးတင်ပြပေးရမှာ။ အင်္ဂလိပ်စာကျွမ်းကျင်တဲ့ လူကရှိတယ်။ ဒါပေမယ့် တစ်ခွန်းတည်းပဲ ပြောတယ်။ "ကျွန်တော်ဘာသာမပြန်တတ်ဘူး" တဲ့။ ကိုယ်က မတောက်တခေါက်အသိလေးနဲ့ အဘိဓာန်တွေလျှောက်လှန်ပြီး ကြိုးစားပြန်ဆိုတော့ "ဟကောင်ရ၊ ရူးပ့ါကွာ။ ထန်းပင်တက်လက်မှတ်ရမယ့်ကိစ္စကြီးကို ဘာဖြစ်လို့ ဝင်လုပ်ရတာလဲ။ ဒီအတိုင်းသာဆိုရင်တော့ ရှေ့လျှောက်မင်းကိုချည်းခိုင်းကြတော့မှာ။ ဒီရုံးရဲ့ ခိုင်းဖတ်ဖြစ်တော့မှာ။ မင်းတော့ သေဖို့သာ ပြင်ပေတော့" တဲ့။

အစွမ်းကုန်ထုတ်သုံးရမယ့် ကိစ္စမျိုးမဟုတ်သေးဘူး။ ကိုယ်လုပ်မယ်ဆိုအသာလေး၊ အလွယ်လေးနဲ့ ဝင်လုပ်ပေးလို့ရတဲ့ ကိစ္စမျိုးတောင်မှ မလုပ်ဘူး။ နောင်ကျရင်ဆက်ပြီးအခိုင်းခံရမှာစိုးလို့တဲ့။ ဒီလိုအတွေးမျိုးလည်း ရှိသေးတယ်။ တကယ်တမ်းကျတော့ အထက်လူကြီးဆိုသူတွေကလည်း ခိုင်းလို့ရတဲ့လူကိုပဲ ဆက်ခိုင်းနေတယ်၊ သုံးလို့ရတဲ့သူကိုပဲ ဆက်သုံးနေတယ်ဆိုတာထက် နောက်ပိုင်းမှာ လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့သူကိုပဲ ပိုမိုအားကိုး ယုံကြည်လာတဲ့သဘောရှိတယ်ဆိုတာကို မေ့နေကြပုံရပါတယ်။

စာမျက်နှာ ၂၄ သို့

# အပျော်ခဏ... ပျက်ရတာဘဝ

အောင်ဟိန်းကျော်

> သင်္ကြန်လိုပျော်ပွဲရွှင်ပွဲ ဆိုရင်တော့ ပြီးရောပဲ။ မလည်ခင်လည်းသောက်၊ လည်နေတုန်းလည်းသောက်၊ လည်ပြီးလည်းသောက်။ သောက်ပြီးရင်းသောက်၊ နောက်ဆုံးလမ်းပျောက်ပြီး ဘဝမှောက်ကြ...

သင်္ကြန်ဆိုတာ မြန်မာ့အမွေအနှစ်၊ မြန်မာ့ယဉ်ကျေးမှုရဲ့ အသက်။ မထိရက်စရာ အစဉ်အလာ။ ကမ္ဘာမှာ မြန်မာရယ်လို့ ထည်ထည်ဝါဝါ ဂုဏ်ယူစရာခလေ့တစ်ခု။ မြန်မာမှု မြန်မာ့နယ်သာမက ကမ္ဘာသူ ကမ္ဘာသားတွေ ပါဆင်နွှဲကြတဲ့ပွဲ။ နွှဲလိုက်ကြတာ အရွယ်စုံပါပဲ။ လူငယ်တွေကဲဆိုမှကဲ။ သဲသဲကိုလှုပ်လို့။ ပျော်လိုက်ကြတာ၊ ပျော်လိုက်ကြတာ။ အပျော်လွန်တော့ အပျက်ပေါ့။ ပျက်ဆို ဘဝပါပျက်ကြရတာ။ အပျော်အတွက် အသက်ပေးကြရ။ ခဏပျော်တာက အသက်ကိုခေါ်သွားတာ။ ခဏတာ ပျော်ဖို့အရေး အသက်ကိုစတေးလိုက်ရတာ။

အပျော်လွန်လို့ ဘဝညွှန်နစ်ရတဲ့ မိန်းကလေးတွေ ဒုနဲ့ဒေး၊ တကယ်တွေးကြည့်တော့ ဘယ်သူမပြုမိမိမှု ဆိုသလို။ နောင်တဆိုတာ နောင်မှတရမျိုး။ ပြင်လို့မရ အောင်နောက်ကျသွားပြီ။ ဒီနေ့ခေတ်မှာ ယုတ်မာတဲ့သူတွေက သားကောင်ရှာနေတာ။ သင်္ကြန်မှာ သားကောင်ရှာသလို အွန်လိုင်းမှာ သားကောင်ရှာတယ်။ အကဲလွန်တော့ သူတို့ရဲ့ထောင်ချောက်ထဲ ဝင်ရတော့တာပေါ့။

**သင်ခန်းစာယူဖို့လို**

ကိုယ့်ရှေ့က ဖြစ်ခဲ့တာတွေကို သင်ခန်းစာယူဖို့လိုတယ်။ နုနုနယ်နယ် နှစ်နှစ်၊ သုံးနှစ်အရွယ် ကလေးငယ်ကအစ အသက် (၆၀) ကျော် အဘွားကြီးတွေပါ မုဒိမ်းရဲ့ သားကောင်တွေဖြစ်နေကြရတာ။ ကြေကွဲစရာ အဖြစ်ဆိုးတွေ မရိုးနိုင်အောင်ကြားနေရတာ။ အဲဒီအထဲက အံ့ဩတုန်လှုပ်စရာ သတင်းတစ်ပုဒ်ကို ရွေးထုတ်ပြရရင်တော့ တချို့လည်း သိပြီးဖြစ်မှာပါ။ ကာယကံရှင် မိန်းကလေးကိုယ်တိုင် ဖွင့်ဟလိုက်တဲ့ ပြင်မရတဲ့အမှား။ ဘဝတစ်သက် ဖျက်မရတဲ့ အမည်းစက်။ တစ်ချက်မှားတော့ တစ်သက်သွားရော ဆိုတာမျိုး။ မိန်းကလေးက နိုင်ငံခြားမှာ ကျောင်းတက်နေတာ။ အသက်က ၂၀ ကျော်ကျော်။ နိုင်ငံခြားမှာ ကျောင်းတက်နေတယ်ဆိုကတည်းက တော်ရုံတန်ရုံ အဆင့်တော့မဟုတ်ဘူး။ အမြင့်စားမိသားစုထဲက။ အသိပညာမြင့်မားတယ်၊ ငွေကြေးအင်အားကောင်းတယ်။ သမီးလေးကလည်း ကြိုးကြိုးစားစား၊ ရည်ရွယ်ချက်ကလည်း မြင့်မြင့်မားမား။

အဲဒီမိန်းကလေးက ကျောင်းပိတ်ရက်မှာ အိမ်ကို ပြန်လာတယ်။ မိသားစုနဲ့နွေးနွေးထွေးထွေး အေးအေးဆေးဆေး။ သင်္ကြန်ပွဲနဲ့ဆိုတော့ သူလည်းလေ လောကီသားပေမို့ ကဲချင်သေးတာပေါ့။ မဏ္ဍပ်ကြီးတစ်ခုမှာ ရေကစားတယ်။ သင်္ကြန်ရဲ့အရသာကို ခံစားရင်းပေါ့။ စင်ပေါ်မှာ ယောကျာ်းလေး၊ မိန်းကလေး လူမျိုးကို စုံလို့။ ဆံပင်စုတ်ဖွား၊ တစ်ကိုယ်လုံးမှာ တက်တူးအကြောင်အကျားနဲ့ ဂြိုဟ်သားလို့တောင် အထင်မှားစရာလူတွေလည်းပါလေရဲ့။ အအေးသောက်သူသောက်၊ အရက်သောက်သူသောက်၊ ဟိုဟာသောက်သူသောက်၊ ဒီဟာသောက်သူသောက်။ သောက်လိုက်ကဲလိုက်၊ ကဲလိုက်သောက်လိုက်၊ ကလိုက်ခုန်လိုက်နဲ့။ အဲဒီနေ့က ပျော်လို့မဆုံး လောကကြီးတစ်ခုလုံးကို မေ့ခဲ့တာ။

**အပျော်အတွက် အသက်ထွက်ကြ**

ဒီလိုနဲ့ ရက်အတန်ကြာတော့ ဒီမိန်းကလေးရဲ့ ကျန်းမာရေးကထူးခြားလာတယ်။ သူကမသိပေမယ့် အမေက ရိပ်မိတယ်။ ဆေးခန်းခေါ်သွားတော့သိရပြီပေါ့။ ရထားတဲ့ကိုယ်ဝန်က နှစ်လ။ ပိုဆိုးတာက ဘယ်သူ့လက်ချက်မှန်းမသိလိုက်တာဘဲ။ သားအမိနှစ်ယောက်စလုံး အဲဒီမှာတင် ငိုပွဲဆင် ချုံးပွဲချ။ နောင်တကလွဲပြီး ဘာများတတ်နိုင်ဦးမှာလဲ။ ဒါက ကာယကံရှင်ကိုယ်တိုင် တိုင်းသိပြည်သိရင်ဖွင့်လိုက်တဲ့ အဖြစ်ဆိုး။

တချို့မိန်းကလေးတွေကျတော့ ကားပေါ်မှာတင် ကာမမှုဆိုးကြောင့် အညွှန့်ကျိုးရတာ။ သင်္ကြန်မဏ္ဍပ်ပေါ်မှာ ပျော်မယ်ပါးမယ် ရေကစားမယ်ဆိုရင် အကုန်အကျများတယ်။ ဒါကြောင့် ကားနဲ့ပဲ သွားကြတာ။ ကားပေါ်မှာ ပါလာတဲ့ယောကျာ်းလေးတွေကစုံလို့။ သူတို့သိတဲ့သူရော မသိတဲ့သူရော။ အရက်ပုလင်းတွေကိုပါ ယူလာကြသေး။ သောက်လိုက်စားလိုက်၊ မူးလိုက်ရူးလိုက်။ နှမချင်းမစာနာဘဲ မိန်းကလေးတွေကိုစော်ကားလိုက်။ တချို့ဆိုရင် လမ်းပေါ်တွေ့တဲ့ မိန်းကလေးတွေကိုတောင် ဆွဲတင်ပြီးကာမဘီလူးစီးကြသေးတယ်။ ဒါက မိန်းကလေးတွေအပိုင်း။ ယောကျာ်းလေးတွေလည်း အပျော်အတွက် အသက်ထွက်ကြရတာ နှစ်စဉ်နှစ်တိုင်း။ သူတို့ဘဝပျက်တာကတော့အရက်ပဲ။

**တန်ဆေး၊ လွန်ဘေး**

ဖြစ်နေကြတာက တစ်ခုခုလုပ်တယ်ဆိုရင် အရက်ပါမှ။ ပျော်ပွဲရွှင်ပွဲမှ မဟုတ်ဘူး။ အလှူဆိုလည်း အရက်၊ မင်္ဂလာပွဲလည်းအရက်၊ ယုတ်စွအဆုံး အသုဘမှာတောင် အရက်မပါရင်မပြီး သင်္ကြန်လိုပျော်ပွဲရွှင်ပွဲဆိုရင်တော့ ပြီးရောပဲ။ မလည်ခင်လည်းသောက်၊ လည်နေတုန်းလည်းသောက်၊ လည်ပြီးလည်းသောက်။ သောက်ပြီးရင်းသောက်၊ နောက်ဆုံးလမ်းပျောက်ပြီးဘဝမှောက်ကြရ။ မသောက်ရဘူးလို့တော့ မပြောချင်ဘူး။ အလွန်အကျွံမဖြစ်ဖို့လိုတယ်။ အတိုင်းအတာရှိရမယ်။ အလွန်အကျွံဆိုရင်ဘယ်ဟာမှ မကောင်းဘူး။ တန်ဆေး၊ လွန်ဘေးတဲ့။ အလွန်အကျွံသောက်ရင် လူစိတ်ပျောက်ရော။

သင်္ကြန်တွင်းမှာ အရက်ကလည်းပေါတော့ သူတို့အတွက် အရက်ရဖို့မခက်ခဲဘူး။ နေရာတကာရောင်းနေကြတာ။ လမ်းဘေးတင်မကဘဲ မဏ္ဍပ်နားအထိလာရောင်းပေးတာ။ ရောင်းသူတွေလည်း ရက်ပိုင်းအတွင်း အရက်နဲ့အလုပ်ဖြစ်သွားကြတာ။ ဒီတော့ အရက်ပုလင်းကားပေါ်တင်တဲ့သူကတင်၊ အိတ်ထဲထည့်သူကထည့်၊ ပုလင်းလိုက်မော့တဲ့သူကမော့။ ဒါတင်ဘယ်ကဦးမလဲ။ ခဲတို့ စကေဘာတို့ပါဆောင်ထားကြသေး။ ဒီတော့လည်း ရာဇဝတ်မှုက သူတို့ကို လက်ယပ်ခေါ်တာ ဘာဆန်းလဲ။ လက်နက်ကိုင်ဆောင်တယ်ဆိုတာ သူတစ်ပါးကို လက်နက်နဲ့ အနိုင်ယူချင်လို့ပဲ။ လက်နက်ရှိတဲ့သူက လက်နက်ကိုအားကိုးတယ်။ အသိဉာဏ်ရှိတဲ့သူက အသိဉာဏ်ကိုပဲအားကိုးတယ်။ အသိဉာဏ်နဲ့ ဖြေရှင်းတယ်။ နှစ်ဖက်စလုံးက လက်နက်အားကိုးကြမယ်ဆိုရင်တော့ အဲဒီပြဿနာဘယ်တော့မှ မဆုံးတော့ဘူး။ အားမတန်လို့ မာန်လျှော့ရရင်လည်း ခဏပဲ။ အခွင့်သာတဲ့တစ်နေ့ ပြန်ပြီးလက်စားချေတော့မှာ။

**သင်္ကြန်သင်ခန်းစာ**

သူတို့တွေ မူးယစ်သောက်စားထားတော့ ထစ်ခနဲဆို မီးပွင့်တော့တာပဲ။ ရန်ဖြစ်ကြ၊ ထိုးကြ၊ သေကြ။ ကားမောင်းတဲ့သူကလည်း အရှိန်လေးနဲ့ဆိုတော့ အမှန်၊ အမှား အသိတရားမရှိတော့ဘူး။ ဒီတော့ လူကိုတိုက်၊ ကားကိုတိုက်၊ ဟိုဟာတိုက်၊ ဒီဟာတိုက်၊ သေကြ၊ ကျေကြနဲ့ ပြဿနာပေါင်းစုံလို့။ ဒါကြောင့် သင်္ကြန်ရက်အတွင်းဆို ဆေးရုံတွေမှာအသင့်ပြင်ထားကြရတယ်။ လူနာတင်မယ့် အိပ်ရာ၊ ခုတင်၊ ဆရာဝန်၊ ဆရာမ၊ ဆေးဝါးအားလုံး အရန်သင့်။ သင်္ကြန်ရက်စပြီဆိုတာနဲ့ ဖတ်ရကြားရပြီ။ ဘယ်နှယောက်သေ၊ ဘယ်နှယောက်ဆေးရုံရောက်တယ်ဆိုတာ သင်္ကြန်ပြီးသွားရင်လည်း စာရင်းဇယားအရေအတွက်တွေ ထွက်လာပြီ၊ အသေအပျောက်နဲ့ ဆေးရုံရောက်သူတွေ၊ မတော်တဆမှု၊ ရန်ဖြစ်မှု၊ ကျူးလွန်မှုတွေ မကြားချင်အဆုံး။ ဒါတွေက နှစ်စဉ်ပေးနေတဲ့ ဘဝသင်ခန်းစာ၊သင်္ကြန်သင်ခန်းစာတွေ။

## စွမ်းသလောက်တော့ ကိုယ်ကြိုးစားခဲ့ပါတယ်

စာမျက်နှာ ၂၃ မှ

ဟုတ်ပြီ။ သူများထက်ပိုလုပ်တော့ရော ဘာတွေရလာမှာတဲ့လဲ။ ဘာမှ ပိုပြီးရချင်မှတော့ ရလိမ့်မယ်။ ဝန်ထမ်း ဆိုပါစို့။ ရာထူးအတူတူဆိုရင် ကြိုးစားတဲ့သူလည်း ဒီလစာပဲ၊ မကြိုးစားတဲ့သူလည်းဒီလစာပဲ။ ရာထူးတိုးချိန် ကျတော့ရော။ ဘယ်ကိုယ်တော်သက်န်းအရင် ရှိရုံ ဆွမ်းစားရတော့ အတူတူပါပဲကွာ ဆိုတဲ့ကိန်းပေါ့။ အတူတူ၊ သာမန်အားဖြင့် အတူတူပဲ တိုးကြတာပါပဲ။ ဒါပေမယ့် ဒါတွေက အပြင်ပန်းကပေးတဲ့သတ်မှတ်မှုတွေပါ။ နွားထီးငါးကျပ်၊ နွားမငါးကျပ်နှုန်းနဲ့မို့ ဘယ်သူ့ထက်မှ ပိုမကြိုးစားနိုင်ဘူးဆိုတဲ့ နှလုံးသွင်းတာမျိုးတော့ ထားဖို့သင့်ဟန်မတူသေးပါဘူး။

**အစွမ်းကုန်ကြိုးစားဆောင်ရွက်သင့်**

ရလာမယ့်အခွင့်အရေးက တန်းတူဆိုပေမယ့် သူများထက်ပိုပြီးကြိုးစားလိုက်ခြင်းအားဖြင့်၊ တစ်နည်းအားဖြင့် ကိုယ်လုပ်တဲ့အလုပ်ကိစ္စကို ကိုယ်တတ်နိုင်သမျှ သပ်သပ်ရပ်ရပ်၊ လျင်လျင်မြန်မြန်၊ အချိန်မီ၊ စံချိန်မီဖြစ်အောင် ကြိုးစားလိုက်ခြင်းအားဖြင့် ပြန်ရနိုင်တဲ့အရာတစ်ခုကတော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုပါ။ ကိုယ့်ဘဝနောက်ကြောင်းကို ဘယ်အချိန်ပဲပြန်ကြည့်လိုက်ကြည့်လိုက် အတိတ်ကိုကြည့်ရင်း လိပ်ပြာလုံနေမှာပါ။ လုပ်သင့်လုပ်ထိုက်တာကို အခုမလုပ်ဘူးဆိုရင် နောင်တစ်ချိန်မှာ ကိုယ့်လိပ်ပြာကိုယ် ပြန်ရှက်မိသလိုဖြစ်နေလိမ့်မယ်ထင်တယ်။

အခက်အခဲတစ်ခု ကြုံတိုင်းကြုံတိုင်းမှာ ကိုယ်ရင်ဆိုင်နေရတဲ့အခက်အခဲကဘာလဲ၊ ဒါနှင့်ပတ်သက်ပြီးတော့ ကိုယ်လုပ်နိုင်တာက ဘာလဲဆိုတာကို ခွဲခြမ်းစိတ်ဖြာပြီးတော့ ကိုယ်လုပ်နိုင်သမျှအတိုင်းအတာကို အစွမ်းကုန်ကြိုးစားဆောင်ရွက်သင့်တယ်လို့ဆိုပါရစေ။ ကိုယ်မလုပ်နိုင်တဲ့ဟာတွေကို တွေးတောငေးမောပြီးတော့ ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချနဲ့ ပြောဆိုဝေဖန်ရင်း အချိန်ကုန်သွားရင်တော့ ခရီးက တွင်မှာမဟုတ်ပါဘူး။

သာမန်ပြည်သူတစ်ယောက်က နိုင်ငံတော်သမ္မတကြီးလောက် စွမ်းဆောင်နိုင်မှာမဟုတ်ပါဘူး။ ဆင်းရဲတဲ့လူတန်းစားတစ်ယောက်က ထိပ်တန်းသူဌေးကြီးလှူဒါန်းသလို လှူနိုင်တန်းနိုင်မှာမဟုတ်ပါဘူး။ ဒီလို မဆောင်ရွက်နိုင်လို့လည်း သမ္မတကြီးလောက် အလုပ်မလုပ်ရကောင်းလား၊ သူဌေးကြီးလောက် မလှူရကောင်းလား ရယ်လို့ ဘယ်သူကမှ အပြစ်တင်နေမှာမဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ့်မှာ အစွမ်းအစရှိနေရဲ့သားနဲ့၊ ကိုယ်လုပ်နိုင်ရဲ့သားနဲ့၊ ကိုယ်တတ်နိုင်ရဲ့သားနဲ့ မလုပ်လိုက်တဲ့ကိစ္စမျိုးအတွက်ဆိုရင်တော့ အပြစ်တင်ဝေဖန်မှုကို ခံရနိုင်ပါတယ်။

ဒီတော့။ ကိုယ်လုပ်နိုင်တာက ဘယ်ဟာတွေ၊ ဘယ်ဟာတွေဆိုတာကို သိအောင်ကြိုးစားပြီးတော့ သိတဲ့အတိုင်းလည်း ကြိုးစားဆောင်ရွက်သင့်တယ်လို့ မြင်ပါတယ်။ ကိုယ်တတ်နိုင်တာ၊ ကိုယ်လုပ်နိုင်တာကို လုပ်နေရမှာပါပဲ။ အောင်မြင်တာ၊ မအောင်မြင်တာကိုတော့ အရမ်းကြီးတွေးတောပူပန်နေဖို့မလိုပါဘူး။

**မျက်စိဒေါက်ထောက် အပြစ်ရှာ**

တချို့ကတော့ ကိုယ်လုပ်ရမယ့်ဟာကို အာရုံမစိုက်ဘူး။ သူတစ်ပါးရဲ့အပြောအဆို၊ အပြုအမူတွေ အပေါ်မှာပဲ အမြဲတမ်း မျက်စိဒေါက်ထောက်ပြီးတော့ အပြစ်ရှာဝေဖန်နေတယ်။ ဒီအဖွဲ့အစည်း အလုပ်လုပ်တာ အရမ်းနှေးလွန်းတယ်။ တိုးတက်မှုက မမြန်ဘူး။ ဒီကောင်ဘောလုံးကန်တာ ဟုတ်ကိုမဟုတ်ဘူး၊ သူချည်းပဲ တစ်ကိုယ်တော်ခြေစွမ်းပြဖို့ကြိုးစားနေတယ်၊ အဖွဲ့အစည်းစိတ်ဓာတ်မရှိဘူး။ ဟိုကောင်တွေ ဟိုအလုပ် လုပ်တာလည်း သိပ်ဟန်မရသေးဘူး စသည်အားဖြင့် ဝေဖန်ဖို့ချည်း ဆန္ဒစောနေတတ်ကြတယ်။

**မေးခွန်းတွေပြန်မေးသင့်**

ကိုယ့်ကိုယ်ကိုယ်ကျတော့ ပြန်သုံးသပ်ဖို့ မေ့နေတတ်ကြပါတယ်။ သူ့ဆောင်ရွက်ချက်တွေအပေါ်မှာ အားမလိုအားမရ ဖြစ်မိသလိုကိုယ့်ဆောင်ရွက်ချက်တွေကကော၊ ကိုယ်လုပ်နိုင်သမျှ အတိုင်းအတာအထိ အစွမ်းကုန် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ဖြစ်ခဲ့ရဲ့လား၊ တကယ့်ကို သေသေချာချာကြိုးစားအားထုတ်ဖြစ်ခဲ့ရဲ့လားဆိုတဲ့ မေးခွန်းတွေကို မကြာခဏပြန်ပြန်မေးသင့်ပါတယ်။ အတိတ်က လိုအပ်ချက်တွေကိုတော့ ပြန်ပြင်ဖြည့်ဆည်းလို့မရနိုင်တော့ဘူး။ ဒါပေမယ့် အနာဂတ်အတွက် ပစ္စုပ္ပန်ခြေလှမ်းတွေကိုတော့ ကိုယ့်စိတ်တိုင်းကျ လှမ်းခွင့်ရနေပါတယ်။ လှမ်းလိုက်ဖို့သာအရေးကြီးနေတာပါ။ “လူတွေကလည်း စည်းကမ်းမဲ့လိုက်ကြတာကွာ၊ လမ်းပေါ်မှာ အမှိုက်တွေချည်းပဲ” လို့ ပြောဆိုနေမယ့်အစား ကိုယ့်ကိုယ်တိုင်စနစ်တကျ အမှိုက်ပစ်တတ်တဲ့ အလေ့အကျင့်လေး ရှိလာအောင် ကြိုးစားလိုက်တာက ပိုကောင်းလိမ့်မယ်ထင်ပါတယ်။ အများမိုးခါးရေသောက်နေတဲ့ခေတ်ကြီးမှာ ကျုပ်က မသောက်ရတော့ဘူးလားလို့ မမေးလိုက်ပါနဲ့။ တစ်ဦးတစ်ယောက်ချင်းစီက၊ ကိုယ်စီကိုယ်စီက စပြုပြင်မှသာ လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ခုလုံး ပိုမိုတိုးတက်ကောင်းမွန်လာမှာပါ။

ကျွန်တော်တို့မှာ ပြုပြင်စရာတွေရှိနေတယ်။ အများကြီးရှိနေတယ်။ အများကြီးမှ တကယ့်ကိုအများကြီး ရှိနေတယ်။ ခံယူချက်တွေ၊ သဘောထားတွေ၊ အတွေးအမြင် အယူအဆတွေ၊ လုပ်နည်းလုပ်ဟန်တွေ၊ ဘာတွေ၊ ညာတွေ။ ဘယ်လိုပြုပြင်မလဲ၊ ဘယ်အတိုင်းအတာအထိ ကြိုးစားကြဖို့လိုမလဲ။ သိပ်အများကြီးမလိုပါဘူး။ မတန်တဆကြီးမျှော်မှန်းပြီး မနိုင်ဝန်ကြီးတွေ ထမ်းကြဖို့မလိုပါဘူး။ ကိုယ်လုပ်နိုင်သမျှလေးကိုသာ လုပ်ကြ၊ ကိုင်ကြ၊ ကြိုးစားကြရမှာပါ။ ကိုယ်မလုပ်နိုင်တဲ့အရာတွေကို ဦးနှောက်ခြောက်ခံပြီး စဉ်းစားမနေပါနဲ့တော့။

All you can do is all you can do but all you can do is enough. တဲ့။ သင့်အစွမ်းအစရှိသမျှသာ သင်လုပ်နိုင်ပါမည်။ သို့သော် သင်လုပ်နိုင်သမျှနှင့်ပင် လုံလောက်ပါသည်တဲ့။ ဒါက A. L. Williams ရဲ့ စကားကို ဆရာဖေမြင့်က ဘာသာပြန်ဆိုခဲ့တာ။

**ဘဝနေဝင်ချိန်ကိုကျော်လွှား**

ပြိုင်ပွဲတစ်ခုပြီးသွားတိုင်းပြီးသွားတိုင်း၊ စီမံကိန်းတစ်ခုပြီးသွားတိုင်းပြီးသွားတိုင်း၊ တာဝန်တစ်ခု ပြီးသွားတိုင်းပြီးသွားတိုင်း “စွမ်းသလောက်တော့ ကိုယ်ကြိုးစားခဲ့ပါတယ်” လို့ သိဆိုနိုင်ဖို့လိုပါလိမ့်မယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် ကိုယ့်ဘဝနေဝင်ချိန်ကာလမှာ ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်ရင်း ဘဝတစ်လျှောက်လုံး ကိုယ်လုပ်နိုင်သမျှ အရာအားလုံးကို အစွမ်းကုန်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီးပြီ၊ ကိုယ့်တာဝန်ကျေခဲ့ပြီးပြီလို့ ပြန်လည်သတိရပြီးတော့ ကျေကျေနပ်နပ်ကြီးနဲ့ ဘဝနေဝင်ချိန်ကိုကျော်လွှားသွားနိုင်ဖို့လိုမှာပါ။ ဆရာထိုးရဲ့ ဒီသီချင်းလေးတစ်ပိုဒ်ကို မတွန့်မဆုတ်သီဆိုနိုင်ဖို့အတွက် ပေးဆပ်ရင်းနှီးမှုတွေ ဘယ်လောက်အထိလိုအပ်လိမ့်မယ်ဆိုတာကို သတိမထားမိခဲ့လို့ ဟိုတုန်းကတော့ ခဏခဏဆိုဖြစ်ခဲ့တယ်။ အခုတော့ သိပ်မဆိုဖြစ်တော့ဘူး။ စွမ်းသလောက်ဆိုတဲ့ အတိုင်းအတာအထိ ရောက်၊ မရောက် ပြန်ပြန်စဉ်းစားနေမိလို့။ ဪ၊ ဒီသီချင်းလေးကို နောင်တော့ ဆိုနိုင်ဦးမလားဆိုတာ မသိနိုင်ဘူးလေ။

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

BPI

စက်မှုဝန်ကြီးဌာန ၊ မြန်မာ့ဆေးဝါးလုပ်ငန်း ၊ ဆေးဝါးစက်ရုံ ( အင်းစိန် ) BPI အနေဖြင့် နိုင်ငံတကာ အရည် အသွေး စီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ် " ISO 9001 : 2015 for Trading " အား အင်္ဂလန်နိုင်ငံ *UKAS ( United Kingdom Accreditation Service )* မှ Certificate no. *742600* ဖြင့် လည်းကောင်း ၊ စီမံခန့်ခွဲမှုဆိုင်ရာလက်မှတ် " ISO 9001 : 2015 for Manufacturing of Pharmaceutical Products " အား ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန် *JAS - ANZ ( Joint Accreditation System of Australia and New Zealand )* မှ Certificate no. *740073* ဖြင့်လည်းကောင်း လက်ခံရရှိခဲ့သဖြင့် မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်မှုကဏ္ဍ အတွက် အထူးပင်အားရဝမ်းမြောက်ဂုဏ်ယူပါကြောင်း ။

UOK Trading Co., Ltd
Myat Golden Global Co., Ltd
Ammar Pharmaceutical Investment Co., Ltd

---

KMD
Institute



တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများအတွက်
**University of Greenwich (UK)** ကွန်ပျူတာသိပ္ပံဘွဲ့၏
ပထမနှစ် ဒီပလိုမာသင်တန်းများအတွက် ပညာတော်သင်ဆုများရရှိမည့်အခွင့်အရေး

**First Year Diploma in Computing**
(L4DC)
28 May 2018 (Mon - Fri) 9:00 AM - 1:00 PM

**First Year Diploma in Business**
(L4DBIT)
3 May 2018 (Mon - Fri) 9:00 AM - 1:00 PM

- တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများနှင့် အောင်မြင်ပြီး သူများသည် May လ တွင်ဖွင့်လှစ် မည့်ပထမနှစ် သင်တန်း များကို April လတွင်လာရောက်အပ်နှံပါက ကျပ်(၅)သိန်းတန်ဖိုးရှိ Gift Card များ လက်ဆောင်ပေးအပ်သွားပါမည်။
- အထူးအစီအစဉ်အနေဖြင့် KMD တွင်သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထွက်ရှိလာပါက ဂုဏ်ထူးရဘာသာ အရေအတွက်ပေါ်မူတည်၍ ပညာတော်သင်ဆုများထပ်မံ ရရှိမည်ဖြစ်ပါသည်။
- CB BANK ဘဏ်၊ AYA Bank ဘဏ်များနှင့် ချိတ်ဆက်၍ သင်တန်းကြေးများကို အရစ်ကျပေးချေနိုင်ရန် စီစဉ်ပေး ထားပါသည်။

Call Now
09770867903

UNIVERSITY of GREENWICH | SQA | NCC education | JAS-ANZ | ISO

၂၀၁၇ - ၂၀၁၈ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများရရှိနိုင်မည့် ပညာတော်သင်ဆုများမှာ

- ဘာသာစုံ ဂုဏ်ထူးရှင် (၁၅)သိန်း
- ၅ ဘာသာဂုဏ်ထူးရှင် (၁၂)သိန်း (၅)သောင်း
- ၄ ဘာသာဂုဏ်ထူးရှင် (၁၀)သိန်း
- ၃ ဘာသာဂုဏ်ထူးရှင် (၇)သိန်း (၅)သောင်း
- ၂ ဘာသာဂုဏ်ထူးရှင် (၅)သိန်း
- ၁ ဘာသာဂုဏ်ထူးရှင် (၂)သိန်း (၅)သောင်း

**KMD (Myaynigone) : No.331, Pyay Road, Myaynigone, Sanchaung Township, Yangon.**
01- 700895, 381776, 381035, 502233, 527436, 220555

နယ်မှလာသော ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

---

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ တိုက်အမှတ်(၃၀)၊ ၄-လွှာ၊ အခန်းအမှတ် (4-B)<Blossom Garden Condo> အကျယ်အဝန်းပေ (၁၀၄၅)စတုရန်းပေခန့်ရှိ ကွန်ဒိုတိုက်ခန်းရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းပိုင်ခွင့်ရှိသူဟုဆိုသော ဦးဘုန်းဇော် [၁၂/ဒဂန(နိုင်)၀၂၂၆၃၁]ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂလမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၁၀၉၇၈၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျ(၂)လမ်း၊ အမှတ်(၂၇/ဘီ)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆အိုင်)၊ မြေကွက်အမှတ်(၆၉/၁၀အေ)၊ မြေအမျိုးအစားမြေပိုင်မြေ၊ အမည်ပေါက် ဦးစိုးမိုး (ခ)ဦးစိုးအောင်[၁၂/လသန(နိုင်)၀၂၁၄၂၃]၊ ဦးသန်းစိန်(ပီဂျီအင်န်-၀၂၂၁၅) မြေကွက်ဖြစ်ပါသည်။ ယင်းမြေကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၉၁/၁၉၉၂)မူရင်း၊ အပိုင်ပေးကမ်းစာချုပ်အမှတ်(၃၇၇၃/၂၀၀၁)မိတ္တူမှန်၊ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၁၃၀၁/၂၀၀၈)မူရင်းတို့ဖြင့်ရရှိသူ ဦးသန်းစိန်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၅၁၁/၂၀၀၈)ဖြင့် ရရှိသူ ဦးကျော်ဝင်းမိုး[၁၂/ရကန(နိုင်)၀၆၅၄၁၆]မှ အဆိုပါစာချုပ်များနှင့်အတူ ၎င်းသို့လွှဲအပ်သော အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် လွှဲအပ်သူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံမြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ် တော မှန် လျှင် အ သုံး ဝင်၊ အ စဉ် ထာ ဝ ရ ထိန်း သိမ်းကြ**



မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်၌ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ ရန်ကုန်မြို့တော်မဟာသင်္ကြန် ရေသဘင်ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဧပြီ ၁၅**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းသံအမတ်ကြီး H.E. Mr. Pehin Orang Kaya Seri Pahlawan Colonel (R) Dato Paduka Haji Abdu´r Rahmani Bin Dato Paduka Haji Basir ဦးဆောင်သော ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့်မိသားစုဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်း ရန်ကုန်သင်္ကြန်(အကြတ်နေ့)တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

# တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ နေရပ်စွန့်ခွာ မိသားစုဝင်ငါးဦး ပြန်လည်ဝင်ရောက်

**တောင်ပြိုလက်ဝဲ ဧပြီ ၁၅**

မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာသွားခဲ့ကြသည့် မိသားစုဝင်များအနက် အစ္စလာမ်ဘာသာဝင် အဲဖ်တာအာလွမ်ပါ မိသားစုဝင်ငါးဦးတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ ပြန်လည်ဝင်ရောက်လာကြသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသော မိသားစုဝင်ငါးဦးအား ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ၁၉၈၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ နိုင်ငံအတွင်း အမှန်တကယ် နေထိုင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး သတ်မှတ်ချက်နှင့်ညီသော မိသားစုဝင်များအား NV (National Verification) ကတ်ပြားများကို နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြန်လည်ဝင်ရောက်လာသော မိသားစုဝင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်နယ်ကျန်းမာရေးဦးစီးဌာနက မိသားစုဝင်တစ်ဦးချင်းတို့ကို ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်၊ ခြင်ထောင်၊ စောင်၊ တီရှပ်၊ ကျားဝတ်၊ မဝတ်လုံချည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကာ နေရပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူ ငါးဦးအား ပြန်လည်လက်ခံရေးနှင့် NV ကတ် ပြုလုပ်ပေးရေး ဆောင်ရွက်ရာသို့ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ တောင်ပြိုလက်ဝဲမြို့ အုပ်ချုပ်ရေးမှူး၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

# မန္တလေး လမ်းလျှောက်သင်္ကြန်ပွဲတော် ပျော်ရွှင်စွာ နွှဲပျော်

**မန္တလေး ဧပြီ ၁၅**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် မန္တလေးမြို့တစ်ခွင်၌ ကားများဖြင့် လှည့်လည်၍ ရေပက်ခံထွက်သူများ၊ ကျုံးတောင်ဘက်ခြမ်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ လမ်းလျှောက်၍ သင်္ကြန်အရသာကို အားပါးတရ ခံစားကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

“ဒီနှစ် လမ်းလျှောက်သင်္ကြန်ပွဲတော်က မနှစ်ကထက် ပိုပြီးစည်ကားတဲ့အတွက် လမ်းမလျှောက်ရဘဲ လူက ရွှေ့သွားသလို ခံစားရတယ်၊ မဏ္ဍပ်တွေက လည်း တစ်ခုနဲ့ တစ်ခု နီးကပ်နေတဲ့အတွက် လည်ပတ်ရတာ ပိုအဆင်ပြေသလို စတုဒိသာမဏ္ဍပ်တွေကလည်း များလာတဲ့အတွက် ရေကစားလိုက်၊ ကလိုက်၊ စားလိုက်နဲ့ အဆင်ပြေတယ်ဗျာ” ဟု သင်္ကြန်လည်ပတ်သူ ကိုမောင်မောင်အေးက ပြောသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**



မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် မန္တလေးမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်၌ ပြည်သူများ ပျော်ရွှင်စွာ ရေကစားကြစဉ်။

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး
စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

ထိခိုက်ဒဏ်ရာနှင့်အရိုးအကြောခွဲစိတ်မှုနယ်ပယ်တွင်
နှစ်ပေါင်းများစွာအတွေ့အကြုံရှိသော ဆရာဝန်ကြီး
ဒေါက်တာမောင်ဝင်း
MBBS, MD,
Consultant Orthopedics
၂၁.၄.၂၀၁၈ မှ ၂၉.၄.၂၀၁၈ထိ

အထွေထွေရောဂါ
အထူးကုသမားတော်ကြီး
ဒေါက်တာအေးကြူ
M.B.,B.S, MD,
ABIM Board Certified (Internal Medicine)
Hospital Medicine/Internal Medicine Consultant
California, USA
၂၁.၄.၂၀၁၈ မှ ၄.၅.၂၀၁၈ထိ

ကလေးအထူးကုသမားတော်ကြီး
ဒေါက်တာသန်းသန်းနု
MBBS,MD,FAAP,
American Board of Paediatrics Certified.
Consultant Pediatrician, New Jersey, USA
၁၉.၂.၂၀၁၈ မှ ၂၂.၆.၂၀၁၈ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂